ပုံပြင်မပြောအားသော မိဘများနှင့် ပုံပြင်ဖတ်ချင်သော ကလေးငယ်များအတွက်

ဆုပြည့်စုံထွန်းစာပေ

ပုံပြင်ကမ္ဘာ

ကလေးရုပ်စုံစာစောင်

ကလေးတိုင်းချစ်တဲ့
VITA-KID
ကလေးအားဆေး
Strawberry Flavour
VITA-KID
Multivitamin and Mineral Chewable Tablets for Kids
60 Tablets
Zifam Pinnacle
Made in Australia
စတော်ဘယ်ရီအရသာရှိပြီး ချစ်စရာ
ကိုအာလာ ဝက်ဝံလေးပုံစံဖြင့် ထုတ်လုပ်ထားပါသည်
Ygn: 01-544467, 544483
Mdy: 02-31706, 74430

ပုံပြင်ကမ္ဘာ

ကလေးရုပ်စုံစာစောင်

--------------------- ရဲ့စာအုပ်ပါ။

--------------------- ဝယ်ပေးထားတာ။

ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂ (၂၈) ပထမထပ်၊ သရဖီကွန်ဒို
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

အယ်ဒီတာချုပ်

ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ

မျိုးဇော်ထက် (ဖုန်း-၀၉၃၁၆၄၉၀၀၃)

အုပ်ချုပ်မှုအယ်ဒီတာ

ခင်မာရွှေ

အမှုဆောင်အယ်ဒီတာ

လင်းသက်ခိုင်

အယ်ဒီတာအဖွဲ့

ဉာဏ်လင်းထက်

ရုံးအဖွဲ့

ကိုစိုးသိန်း၊ ရှိုင်းကိုကိုနိုင်၊ ဇင်နိုင်ထွန်း၊ ထွန်းထွန်းလွင်၊ ကျော်ဇင်ထက်၊

ဝင်းဝင်းမော်၊ သဉ္ဇာဝေ၊ နှင်းသက်ဝေ၊

Cover **သရုပ်ဖော်**

လူကြီးမင်း

Computer

မင်းထွဋ်၊ နေဇင်လတ်၊ ဝင်းဝင်းမာ၊ အိဖြူ၊ ပိုပိုဇင်၊ မီမီဇင်၊

Film - Eagle

layout - Quality

ပုံနှိပ်သူ - ဦးကျော်ယဉ်(ဇမ္ဗူမော်)

အမှတ်(၂၈၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

စာအုပ်ချုပ် - တင်မေထွန်း

ကြော်ငြာတာဝန်ခံ

ခင်မာရွှေ

ဖြူဖြူသင်း

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃၊ ၀၉-၅၁-၂၂၅၃၀။

ထုတ်ဝေသူ- ဒေါ်ခင်မာရွှေ

ဆုပြည့်စုံထွန်းစာပေ၊ (၁၇၇၁)ယာယီ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၂၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း

အမှတ် -၅၀၈/၅၁၂၊(၂ခ)ပထမထပ်၊ သရဖီကွန်ဒို

(ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃ (ရုံးချိန်အတွင်းသာ ဆက်သွယ်ပါရန်။)

http:/Quality.myanmaronlinesales.com

တွင် တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှု ဝယ်ယူနိုင်ပါသည်။

အထက်မြန်မာပြည်ဖြန့်ချိရေး

နဂါးစာပေ ထွန်းဦးစာပေ

ဖုန်း -၀၂-၃၉၈၆၉ ဖုန်း -၀၂-၃၉၈၀၁

ရှမ်းပြည်နယ်ဖြန့်ချိရေး

မီလျံနာစာပေ ဂငါနဒီစာပေ

တောင်ကြီးတွင် လပေးယူလိုသူများအတွက်

STUDENTS' CHOICE

မြို့နယ်ကျန်းမာရေးရုံးမျက်နှာချင်းဆိုင်၊ အရှေ့မြို့ပတ်လမ်း၊

ဒီဇင်ဘာဟိုတယ်၊ မြေညီထပ်၊ တောင်ကြီးမြို့။

ဖုန်း - ၀၈၁- ၂၀၁၄၇၃

မော်လမြိုင်တွင် လပေးမှာယူလိုသူများအတွက်

ကျော်ကျော်စာပေ (အမှတ် ၁၁၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့)

လပေးမှာယူလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ပုံပြင်ကမ္ဘာ

ကလေးရုပ်စုံစာစောင်

အမှတ် (၄၁) ၊ နိုဝင်ဘာလ ၊ ၂၀၁၃ ခုနှစ်။

မဟောသဓာ သုခမိန်	အရုပ်ဖော် မောင်ရဲသူ ရန်ကုန်တက္ကသိုလ်	၅
ရှမ်းတောင်တန်းက နတ်အိုးစည်	သန္တာမြတ်သောင်း	၂၁
စာဂျပိုး	ကာတွန်း ဝင်းမြင့်အောင်	၂၅
သဖန်းပင်ပေါ်က အသည်းနှလုံး	နန္ဒာမိုးကြယ်	၄၃
မြွေသစ်ရွက် (၃) ရွက်	ပီတု	၄၆
တိုက်တွန်းကဗျာ	ပြွန်တန်ဆာ အရှင်သုန္ဒရ (ဘီအေ)	၅၀
မြင်းငယ်လေးရဲ့အိမ်	လင်းငြိမ်သူ	၅၂
တရုတ်ရိုးရာ စကားပုံ ပုံပြင်များ	ကာတွန်း ချစ်သူ	၅၄
ပုရွတ်ဆိတ်သူရဲကောင်း	သီဟဇော် (မြစ်ဝကျွန်းပေါ်)	၆၄
ထိုက်သူစံရဲ့စံထိုက်သူ	လရိပ်မေ (သာပေါင်း)	၆၆
ဝက်ဝံနှင့်ဘဲ	မျိုးဇော်ထက်	၇၀
ရန်ကိုရန်ချင်း မတုံ့လျှင်းနှင့်	အောင်စိုးမျင့်	၇၃
ချစ်ခြင်းဖြင့် လွှမ်းစေသော်	ခွန်းချိုသံသာ	၈၃
ရဟန္တာဖြစ်သွားသော အင်္ဂုလိမာလ	ပန်းချီ ဝဏ္ဏအောင်	၈၉
ဘုရင်ကြီးနဲ့ ဒု–သ–န–သော	လင်းသက်ခိုင်	၁၁၀

အယ်ဒီတာ့စကား

ကလေးတို့ရေ . . .

အမေရိကန်သမ္မတ ကနေဒီ ပြောခဲ့ဖူးတဲ့စကားတစ်ခွန်းကို ပြောပြချင်တယ်။

“တိုင်းပြည်က သင့်အတွက် ဘာလုပ်ပေးမလဲဆိုတာ မမေးပါနဲ့။ တိုင်းပြည်အတွက် သင်ဘာလုပ်ပေးနိုင်မလဲ ဆိုတာပြောပါ ”တဲ့။ ဒီစိတ်ထားဟာ တိုင်းပြည်တစ်ခု ထူထောင်ရာမှာ သိပ်လိုအပ်တဲ့ စိတ်ဓာတ်ပေါ့ကွယ်။

ဦးဦးတို့ငယ်ငယ်တုန်းက ကျောင်းတွေမှာ ကျောင်းကောင်စီဆိုတာရှိခဲ့တယ်။ “မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်။ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်။ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်။ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်” ဆိုတာ ကျောင်းကောင်စီ သီချင်းပါ။ သီချင်းအတိုင်းလိုက်နာကျင့်သုံး ကြရင် သိပ်ကောင်းတာပေါ့ကွယ်။

ကလေးတို့ရဲ့ပတ်ဝန်းကျင်မှာ ငါကောင်းစားဖို့ ငါ့မိသားစု ကောင်းစားဖို့ဆိုတဲ့ လူကြီးတွေပဲတွေ့နေမှာကို တွေးပြီး စိတ်မကောင်းဖြစ်မိပါတယ်။ သူတို့ရဲ့အတွေးတွေနဲ့တော့ တိုင်းပြည်တစ်ခုကြီးပွားတိုးတက်အောင် စွမ်းဆောင်နိုင်မှာ မဟုတ်ပါဘူး။ ကလေးတို့အလှည့်ကျရင် ငါနဲ့အတူ ကျန်သော သူများအတွက်ပါ စဉ်းစားတတ်တဲ့ လူကြီးလူကောင်းတွေဖြစ်ဖို့ ကြိုးစားကြပါလို့ တိုက်တွန်းပါတယ်။

အယ်ဒီတာအဖွဲ့


မဟောသဓာ သုခမိန်
အရုပ်ဖော် မောင်ရှိသူ (ရန်ကုန် တက္ကသိုလ်)
မိတ္ထိလာပြည်သည်
မင်းနေပြည် ဝိဒေဟရာဇ်နှင့်
မနီးမဝေးတွင် တည်ရှိသည်..
မိတ္ထိလာပြည်၏ အရှေ့ဘက်၌ ပါစီနယဝမဇ္ဈဂုံးရွာ၊ တောင်ဘက် အရပ်၌ ဒက္ခိဏယဝမဇ္ဈဂုံးရွာ၊ အနောက်ဘက်၌ ပစ္ဆိမယဝမဇ္ဈဂုံးရွာ မြောက်ဘက်အရပ်၌ ဥတ္တရယဝမဇ္ဈဂုံးရွာဟူ၍ စည်ကားသိုက်မြိုက်လှသည့် ရွာကြီးလေးရွာရှိသည်..
ဥတ္တရယဝ မဇ္ဈဂုံးရွာ
ပစ္ဆိမယဝဂုံးရွာ
မိတ္ထိ လာပြည်
ပါစီနယဝ မဇ္ဈဂုံးရွာ
ဒက္ခိဏယဝ မဇ္ဈဂုံးရွာ


ပါစိနယဝမရှုံ့ရွာမှ သိရိဝဍ္ဎန သူဌေးကြီးရဲ့ဇနီး သုမနဒေဝီက ထူးခြားသော သားငယ်ကိုဖွားမြင်ခဲ့သည်
ကလေးရဲ့လက်ထဲမှာအရာဝတ္ထုတစ်ခုကို ဆုပ်ကိုင်ထား၍သုမနဒေဝီက အံ့ဩစွာဖြင့် မွေးကင်းစကလေးငယ်ကို သတိလက်လွှတ်ဖြင့် မေးမိလေသည်..
ချစ်သားမောင် လက်ထဲမှာ ဘာကို ကိုင်ထားတာလဲ


ထူးဆန်းလှပေသည် မွေးကင်းစ ကလေးက စကားဖြင့်ပြန်ပြေ၏
မိခင် သားလက်ထဲမှာ နတ်ဆေးတောင့် ကိုင်ထားတာပါ.. ဒီဆေးတောင့်ကို ကျောက်ပျဉ်မှာသွေးလူးရင် အနာရောဂါအားလုံးပျောက်ကင်းစေပါတယ် မိခင် ယူထားပါ..
ထူးဆန်း လှချည်လား
သူမနေဒေဝီလည်း ဝမ်းသာအားရဖြစ်ကာသူဌေးကြီးကို ခေါ်ပြီး သားဖြစ်သူ၏ ထူးခြားချက်ကိုပြောသတဲ့


သူဌေးကြီးတွင် လွန်ခဲ့သော ခုနစ်နှစ်ခန့်ကစပြီး စွဲကပ်နေသောခေါင်းကိုက်ဝေဒနာ ခံစားနေရပြီးဆေးတောင့်ကို သွေးလိမ်းရာ ချက်ချင်း ပျောက်သွားလေသည်။
သို့ဖြင့် သူဌေးသားလေး၏ ထူးခြားချက်များက သတင်းပျံ့နှံ့ကျော်ကြားသွားပြီး အနယ်နယ်အရပ်ရပ်က ဝေဒနာရှင်တွေက ဆေးလာတောင်းကြသည်။ ။
သူဌေးကြီးက ရေစည်ကြီးတစ်ခုထဲမှာဆေးကို အနံ့ပါရုံ့ဝသည့်ကာ ရှူလိမ်းစေပြီး ရောဂါဝေဒနာရှင်တွေက သက်သာပျောက်ကင်းလို့ဝမ်းသာကြသည်။ ။

သားဖြစ်သူကို နာမည်ပေးဖို့ သူဌေးကြီး စဉ်းစားရတော့သည်..
ငါ့သားဟာထူးခြားလှတယ် မျိုးရိုးစဉ်ဆက်နာမည်ကိုတော့ ငါမပေးလိုဘူး..သူ့လက်ထဲမှာ ကိုင်ခေါင်မွေးဖွားလာတဲ့ မဟာဩသဓဆေးကို စွဲလို့ မဟောသဓာလို့ ပေးမယ်
မဟောသဓာနှင့် တစ်ချိန်တည်းမွေးတဲ့ ကလေးတို့ကို ရှာဖွေရာ ဖွားဖက် တစ်ထောင်ရပြီး ထိုကလေးတွေကို သူဌေးကြီးက ချီးမြှောက်စေသည်..
မဟောသဓာမိခင်ဝမ်းတွင်းမှာ ရှိစဉ်တုန်းကပင် ဝိဒေဟရာဇ် မင်းကြီးကအိပ်မက်မက်တယ်


သီလာခံမြေအပြင်ထောင်လေးထောင့်မှာ
မြင့်မားတဲ့မီးတောက်ကြီးတွေက
တောက်နေပြီးတို့မီးပုံကြီးတွေအလယ်က
ပိုးစုန်းကြူးပမာကာ မီးတောက်လေးက
ကောင်းကင်ကို ပျံတက်သွားသည်။။
မီးတောက်လေးကမီးချောင်းဟာမီးပုံကြီးလေးခုထက်တောက်ပစွာ
ကောင်းကင်ကပြန်ကျလာပြီးလူနှင့်နတ်များစွာတို့က ပန်းနံ့သာ
တို့နှင့် မီးပုံငယ်ကို ပူဇော်ပသကြသည်။။ ။။
မီးလျှံထဲမှာသွားလာနေကြတဲ့
လူများစွာတို့ဟာလည်း
အထိအခိုက်ကင်းကြသည်။။

အိပ်မက်ကြောင့် လန့်နိုးသွားသော
မင်းကြီးဟာ ညီလာခံဝင်ချိန်မှာ
သေနက၊ ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ
အမတ်ကြီးလေးဦးကို အိပ်မက်
အကြောင်းနိမိတ်ဖတ်ခိုင်းသည်။
မီးလျှံလေးခုဟာ ကျွန်တော်မျိုးတို့
အမတ်ကြီးလေးယောက်ကို
ရည်ညွှန်းပြီး အခုမင်းကြီးမှာ
ကျွန်တော်မျိုးတို့ထက် ဉာဏ်ပညာ
ထူးချွန်မယ့်ပုဂ္ဂိုလ်တစ်ယောက်
ရလာမယ့်နိမိတ်ဖြစ်ပါတယ်
ဒါဆိုရင် အဲဒီပုဂ္ဂိုလ်က
အခုဘယ်မှာ ရှိမလဲ
အဲဒီ ပညာရှိသူခုချိန်မှာ
ကိုယ်ဝန်ထဲမှာဒါမှမဟုတ်
ဖွားမြင်ခဲ့ ရှိပါလိမ့်မယ်

တစ်နေ့မှာ မဟောသဓာဟာ သူ့ဖွားဘက်
တစ်ထောင်တို့နှင့် ဆော့ကစားနေကြတုန်း
အုံ့မှိုင်းပြီး မိုးရိပ်များတက်လာသည်ကို
တွေ့ရ၍ မိုးခိုရန် ဧရပ်ဆီပြေးကြလေသည်။
မဟောသဓာ သတို့သားဟာ အရင်ရောက်အောင်
ဧရပ်ဆီကိုရောက်ပေမယ့် ကျွန်ဖွားဘက်တော်
တွေဟာ လဲကြကွဲကြ ဖြစ်ကုန်ကြလေသည်။
ဒီအခါ မဟောသဓာသည် မြေပြင်မညီမညာ
ဖြစ်သည်နှင့် ဧရပ်တစ်ဆောင်ဆောက်လုပ်ရန်
စိတ်ကူးပေါ်ပေါက်မိလာသည်။
အဆွေ ရောင်းရင်းတို့ ငါတို့ ကစားတဲ့မြေတလင်းက မညီမညာဖြစ်ပြီး ငါတို့ခိုနားတဲ့ ဧရပ်ကဝေးလွန်းတယ် ဒီတော့ ငါတို့ဧရပ်တစ်ဆောင်ဆောက်မယ် ငါ့ကို အသပြာတစ်ကျပ်စီပေးကြ

အသပြာတစ်ထောင် သူ့လက်ထဲရောက် တော့ လက်သမားဆရာကြီးကိုခေါ်ပြီး ရုပ်တစ်ဆောင် ဆောက်ပေးဖို့ရာ မဟောသဓာက စေခိုင်းလေသည်။
လက်သမားဆရာကြီးကလည်း မဟောသဓာစိတ်ကြိုက် ဆောက်ပေးမည်ဟုပြောကာ မြေကိုညီအောင်ညှိ၍ ရုပ်ဆောက်ရန်ပန္နက်ကြိုးကို ခင်း၏.
မဟောသဓာလည်း လက်သမားဆရာကြီး ပန္နက်ကြိုး ခင်းသည်ကို မကြိုက်၍ပြန်ပြင်ခိုင်းရာ လက်သမား ဆရာကြီးလည်း ထိုထက်ကောင်းအောင်မခင်းနိုင်၍ မတတ်နိုင်ကြောင်းမှန်ရာကိုပြောဆိုလေသည်၊
ထိုအခါ မဟောသဓာသည် လက်သမားဆရာကြီးအား ကိုယ်တိုင် သွန်ကြားလျက် သူကိုယ်တိုင် သားနား သပ်ရပ်သော ပန္နက်ကြိုးကို ပြင်၍ခင်း၏.

ဒီနေရာကအားကိုးရာမရှိတဲ့
ခရီးသွားတို့အတွက်နေရာ၊
ဒီနေရာက ကိုယ်ဝန်ဆောင်တို့
သားဖွားခန်းအတွက် နေရာ၊
ဒီနေရာက ရဟန်းပုဏ္ဏားတို့
တည်းခိုနားနေဖို့ နေရာ၊
ဒီနေရာကငါတို့ကစားဖို့၊
ဒီနေရာကတော့ တရား
ထိုင်တဲ့အခန်းဖြစ်ရမယ်
သို့ဖြင့် မဟောသဓာကိုယ်တိုင်ကြပ်မတ်
စီစဉ်ကာ ရက်အနည်းငယ်အတွင်းမှာပင်
ဇရပ်ဆောက်လုပ်ပြီးစီးသွားလေသည်၊
ဇရပ်ဆောက်လုပ်ပြီးနောက်ပန်းချီပန်းပု
ပညာရှင်များကိုငှားရမ်းကာ သူကိုယ်တိုင်
စီမံပြီး ခြူးပန်းခြူးနွယ်၊ဆေးသုတ်ခြင်းနှင့်
ပန်းချီကားများချိတ်ကာအလှဆင်လေသည်


ဇရပ်အနီးတွင် လေးထောင့်ကန်ကြီးကို
တူးစေပြန်ကာ ပန်းရံဆရာများကို
ငှားပြီးသူကိုယ်တိုင် ဦးဆောင်လျက်
အကောက်တစ်ထောင်ရေချိုးဆိပ်တစ်ရာ
ရှိသောကန်ကြီးကို ဖန်တီးပြန်သည်။
ရေကန်ရဲ့အနီးဝန်းကျင်မှာလည်း
အသီးအပွင့်ဝေဆာသော ဥယျာဉ်
ကို စိုက်ပျိုးစေသည်။
သူ့ဇရပ်ကိုရောက်လာသောခရီးသွား
ရဟန်းများကိုလည်း လှူဒါန်းသည်။
မဟောသဓာရဲ့ဂုဏ်သတင်းက
အရပ်ရှစ်မျက်နှာပျံ့နှံ့သွားသည်။
မဟောသဓာကိုတွေ့ချင်၍ လာကြသူများကို
မဟောသဓာကကောင်းမြတ်သောစကားကို
ပြောဆိုဆုံးမ သွန်ကြားလေသည်။


ဝိဒေဟရာဇ်မင်းကြီးသည် အိပ်မက်
မြင်မက်ပြီး ၇-နှစ်မျှကြာသောအခါ
အမတ်ကြီး လေးယောက်ကိုခေါ်ပြီး
သူ့ခမိန်ငယ်ကိုရှာရန်စေခိုင်း၏ ။
ပညာရှိအမတ်ကြီးလေးယောက်က
လက်အောက်ငယ်သားများကိုဆင့်ခေါ်ပြီး
အရပ်လေးမျက်နှာသို့ လူစုခွဲကာအသီးသီး
သွားရောက်ရှာဖွေကြသည်။
အရှေ့ဘက်အရပ်သို့
သွားရောက်စုံစမ်းသော
အမတ်သည် မဟောသဓာ၏
သတင်းကိုလည်းကောင်းအသက်
အရွယ်ကိုလည်းကောင်းကြားသိ
မှတ်သားပြီးလျှင်မင်းကြီးအား
ပြန်လည်လျှောက်တင်လေသည်

အိမ်း ဒါဆိုရင် ငါ့အိပ်မက်ထဲကပညာရှိ သူခမိန်ငယ်ဟာမဟောသဓာ သတို့သားပဲ ဖြစ်ရမယ်
ကိုင်း သေနကအမတ်ကြီး မျိုးတော်အရှေ့ဘက် ပါစီနယဝ မဇ္ဈကုံး ရွာက သိရိဝဍ္ဎနသူဌေးသား မဟောသဓာ သတို့သားဟာထူးခြား ဆန်းကြယ်တဲ့ ရုပ်ပုံ ဥယျာဉ် ရေကန် တို့ကိုဖန်တီးပြီး အလှူပေးတာတို့ ဆုံးမဟောပြောတာတို့ လုပ်တယ်တဲ့
အဲဒီ သတို့သားဟာ သင်အမတ်ကြီးနဲ့မိတ်ဖက် ခံတဲ့သူခမိန်ငယ်ဖြစ်မယ်လို့ ငါယုံကြည်တယ် ဒါကြောင့် ဒါကြောင့်သူ့ကိုအခုခေါ်ရင် မကောင်းပေဘူးလား
အရှင်မင်းကြီး ရုပ်ဆောက် ဥယျာဉ်စိုက် ရေကန်တူးတာ လောက်နဲ့ ပညာရှိသူခမိန် မဖြစ်နိုင်သေးပါ စောင့်ကြည့်ဖို့ လိုပါဦးမယ်..


တစ်နေ့တွင် မဟောသဓာနှင့် သူ့
မွေးဖက်တော်တို့ရေပ်ဝင်းအတွင်း
ကစားနေကြစဉ် စွန်ရဲတစ်ကောင်သည်
ဈေးမှအမဲသားတစ်တိုကိုချီလာတာမြင်၍
အော်ဟစ်ကာစွန်ကို ဝိုင်းလိုက်ကြ၏။
ရှေး...
ဟေး...
ထိုအခါ စွန်ရဲသည်လန့်ပြီး အရှေ့
အနောက်၊တောင်၊မြောက် ဝဲပျံနေ၏
လူငယ်များသည် ပြေးရင်း
လိုက်ရင်းနှင့်ခလုတ်တိုက်၍
ကျင်းချိုင့်ကျုံ၍လဲပြိုကြ၏

ဟဲ ချစ်ခြွေ ရောင်းရင်းတို့ စွန်ရဲ့နှုတ်သီးက သားတစ် ကျလာတာမြင်ချင်ကြသလား
ဒီအခါ သူငယ်များက "မြင်ချင်ပါတယ် အရှင့်သား" ဟု တစ်ပြိုင်နက်တည်း ဖြေဆိုကြ၏။
မဟောသဓတို့သားသည် ကောင်းကင်ကို မကြည့်ဘဲ စွန်အရိပ်ကိုနင်းပြီးလျှင် လက်ခုပ်တီး၍ကျယ်လောင်သောအသံ ဟစ်ကာအော်လေသည်။
ဝေး ဝေး
ဝေး
ထိုအခါ စွန်ရဲသည် မဟောသဓာ၏အသံကိုမခံနိုင်ဘဲ ကြောက်လန့်ပြီး သားတစ်ကိုလွှတ်ချသောအခါ မဟောသဓာက သားတစ်ကိုလက်ဖြင့်ဖမ်းယူလိုက်၏။

ထိုအဖြစ်ကို အထောက်တော်အမတ် မြင်လျှင် မင်းချင်းလုလင်တစ်ဦးအား ဝိဒေဟရာဇ်မင်းကြီးထံ စေလွှတ်၍ သတင်းပို့လျှောက်တင်စေသည်။
မင်းကြီးက သေနကအမတ်ကိုခေါ်ပြီး မဟောသဓာ အကြောင်းကိုပြောပြကာအခုအချိန် မဟောသဓာ သတို့သားကိုခေါ်ဖို့သင့်ပြီလားဟုမေးမြန်း၏။
ထိုအခါ မဟောသဓာ နန်းတော်သို့ရောက်လာပါက သူတို့ဂုဏ်သိမ်းနှိမ်မည်ကိုမြင်သဖြင့် သေနက အမတ်ကြီးက စွန်ချီတဲ့သားတစ်ကိုကျစေရုံဖြင့် သူ့ခမိန်မဖြစ်ထိုက်သေးပါဟုလျှောက်တင်၏။
ဝိဒေဟရာဇ်မင်းကြီးလည်း သေနကအမတ်လျှောက်တင်ချက်ကိုနားခံတော်မူပြီး အထောက်တော်အမတ်ကိုသာ ဆက်လက်စုံစမ်းထောက်လှမ်းဖို့ ပြန်လွှတ် မိန့်ကြားလေသတည်း။
ပြီး

Knorr
Unilever
ဗီတာမင်B1
ဗီတာမင်B1
ဗီတာမင်B1
အာဟာရပြည့်ဝ
အရသာရှိသော နံ့နက်စာ
ခနောခဆန်ပြုတ်ပါ
CHICKEN RICE PORRIDGE
Knorr
San Pyoke
Chicken Flavour
Contains Jasmine Rice
Boil only 3 minutes
Best Before
Net Weight 25 grams

အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့်
အရောင်စုံရိုက်နှိပ်ထားသော

ကမ္ဘာကျော်ကာတွန်းများ

နတ်သမီးပုံပြင်များ

ကလေးတို့အတွက် ကျန်းမာရေး ပညာပေး



ဆုပြည့်စုံစာပေ အမှတ် – ၅၀၈/၅၁၂၊ (၂–ခ)၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

NAT C
Yummy
Gummyz
အရသာလည်းရှိ
ဗီတာမင်စီအပြည့်နဲ့...
NAT C
Yummy
Gummyz
YUM IN TASTE
FULL OF VITAMIN C
Juicy
Orange
"Jelly"
MEGA
We care

သားသားမီးမီးတို့အတွက် ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်ဖွယ်ရာ ရုပ်ပြစာအုပ်များ

နောက်ဘဝရှိလား...၊ငရဲဆိုတာရှိသလား...၊ဝဋ်လိုက်တယ်ဆိုတာ တကယ်လား...၊ကောင်းတာလုပ်ရင်ဘာဖြစ်မလဲ...၊
မကောင်းတာလုပ်ရင်ဘာဖြစ်သလဲ... စတဲ့မေးခွန်းများကို သိဖို့အတွက် ရောင်စုံရုပ်ပြအဖြစ် စီစဉ်ထုတ်ဝေထားပါသည်။

ထုတ်ဝေပြီး စာအုပ်များ

ဆုပြည့်စုံထွန်းစာပေ

အမှတ်–၅၀၈/၅၁၂(၂–ခ)(ပထမထပ်)၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်) သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၃၆၆၄၊ ၃၈၆၈၃၃။

ရှမ်းတောင်တန်းက နတ်အိုးစည်

သန္တာမြတ်သောင်း



ကလေးတို့ရေ…

ဒီတစ်ပတ်ပြောပြမည့်ပုံပြင်လေးက "ရှမ်းတောင်တန်းက နတ်အိုးစည်"ပါ။ ကလေးတို့ အိုးစည်မြင်ဖူးတယ်မဟုတ်လား။ အဝမှာ သားရေကျက်ထားပြီး နောက်ဘက်က သစ်သားကိုယ်ထည်နဲ့လေ။ ရှမ်းအိုးစည်ကတော့ အကြီးကြီးပေါ့။ ရှမ်းရိုးရာပွဲတော်တွေ၊ ရှမ်းဓားသိုင်း ကတဲ့အခါတွေမှာ တီးတယ်လေ။ အဲဒီ ရှမ်းအိုးစည်ကို ဘာကြောင့် ရှမ်းရိုးရာပွဲတော်တွေမှာ အသုံးပြုပြီး တီးခတ်ကြတယ်ဆိုတာ သိလား။ အခုပြောမယ့် ပုံပြင်လေးမှာ အဲဒီအကြောင်းပါတယ်။ ဒီပုံပြင်လေးက ရှမ်းရိုးရာပုံပြင်လေးပေါ့။ နားထောင်နော်။

× × ×

တစ်ခါတုန်းကပေါ့။

မာန်ဆံလုံဆိုတဲ့ရွာလေးမှာ စိုင်းလုံနဲ့ နန်းကောင်ခမ်းဆိုတဲ့ လင်မယားနှစ်ယောက်ရှိတယ်။ စိုင်းလုံဆိုတဲ့ အဓိပ္ပာယ်က မောင်ကြီးပေါ့။ နန်းကောင်ခမ်းဆိုတာက ရွှေလိုလှတဲ့သူပေါ့။ ဗမာလိုဆိုရင် မေရွှေလှပေါ့။ သူတို့ လင်မယားဟာ ဆင်းရဲပေမဲ့ ချစ်ချစ်ခင်ခင်ပျော်ပျော်ရွှင်ရွှင်နေကြတယ်တဲ့။ သူတို့လင်မယားဟာ ဘုရား၊ တရားကိုလည်း ရိုသေကိုင်းရှိုင်းကြတယ်တဲ့။

သူတို့နေတဲ့ မာန်ဆံလုံဆိုတဲ့ရွာလေးက မိန်းမောပြည်ထဲမှာ ပါတာပေါ့။ အဲဒီမိန်းမောပြည်ကို စော်ဘွားကြီးဆေစစ်မွန်က အုပ်ချုပ်တာပေါ့။ အဲဒီစော်ဘွားကြီးက သီလ၊ သိက္ခာ၊ သမာဓိ မရှိဘူး။ ကိုယ်ကျင့်တရားမကောင်းဘူးပေါ့။ တစ်နေ့မှာ မိန်းမောပြည်ကြီးမှာ ရှမ်းရိုးရာပွဲတော် လုပ်တာပေါ့။ ရိုးရာပွဲဆိုတော့ ရှမ်းလူငယ်မောင်မယ်တွေ ဆင်နွှဲတာပေါ့။

ဒီလိုဆင်နွဲတဲ့အထဲမှာ စိုင်းလုံနဲ့ နန်းကောင်ခမ်းတို့ လင်မယားလည်း ပါတာပေါ့ကွယ်။ နန်းကောင်ခမ်းလေးက ရှမ်းသီချင်းဆို သိပ်ကောင်းတာတဲ့။ ရှမ်းဘာသာစကားနဲ့ မိန်းမောတိုင်းပြည့်ရဲ့အလှကိုဖွဲ့ဆိုတဲ့သီချင်းတွေဆိုတာပေါ့။ နန်းကောင်ခမ်းလေးရဲ့ သာယာနာပျော်ဖွယ်သီချင်းသံက ရှမ်းစော်ဘွားကြီး ဆေစစ်မွန်နေထိုင်ရာဟော်နန်းကြီးအထိ ပျံ့လွင့်သွားတာပေါ့။ ဆေစစ်မွန်ဟာ ဟော်နန်းပြတင်းပေါက်ကနေ လှမ်းကြည့်တဲ့အခါ သီချင်းဆိုနေတဲ့ နန်းကောင်ခမ်းလေးကို မြင်တွေ့သွားတာပေါ့။

ရှမ်းလူငယ်မောင်မယ်တွေကြားက အဝတ်အစား နွမ်းနွမ်းလေးနဲ့ နန်းကောင်ခမ်းလေးရဲ့အလှဟာ ကြယ်တွေကြားက ဖိုးလမင်းကြီးလို ထင်ထင်ရှားရှား ဖြစ်နေသတဲ့။ စော်ဘွားကြီးက နန်းကောင်ခမ်းလေးကို မြင်မြင်ချင်း ကြိုက်သွားတာပေါ့။ ပိုင်ရှင်ရှိသလား စုံစမ်းတော့ သူ့မှာ လင်ရှိကြောင်း သိရတယ်။ စော်ဘွားကြီးက နန်းကောင်ခမ်းလေးကို လိုချင်လို့ အကောက်ကြံတာပေါ့ကွယ်။

စော်ဘွားကြီးမှာ ဆရာတင်မြှောက်စားထားတဲ့ မှော်ဆရာကြီးရှိတယ်။ စော်ဘွားကြီးက နန်းကောင်ခမ်းလေးကို သူလိုချင်တဲ့အကြောင်း မှော်ဆရာကြီးကို ပြောပြတာပေါ့။ မှော်ဆရာကြီးက မခဲယဉ်းဘူး။ သူ့ရဲ့ပညာနဲ့ နန်းကောင်ခမ်းရဲ့ယောကျ်ား စိုင်းလုံကို အပြတ်ရှင်းပေးမယ်လို့ ကတိပေးတာပေါ့ကွယ်။

ကလေးတို့ရေ…

ဒီလိုနဲ့ ရှမ်းရိုးရာပွဲတော်ပြီးသွားတော့ စိုင်းလုံတို့ လင်မယားလည်း သူတို့နေတဲ့ မာန်ဆံလုံရွာလေးကို ပြန်လာတာပေါ့။ သူတို့ဟာ ဆင်းရဲနွမ်းပါးသူတွေဆိုတော့ တောင်ယာလုပ်ပြီးအသက်မွေးကြရတာပေါ့။ မနက်စောစောအိပ်ရာထပြီးရင် စိုင်းလုံက ဘုရားသောက်တော်ရေလဲ၊ ဆွမ်းတော်ကပ်ပြီးမှ တောင်ယာထဲ သွားလေ့ရှိတယ်။ နန်းကောင်ခမ်းက ထမင်းဟင်းချက်ပြုတ်၊ ထမင်းတောင်းကိုရွက်ပြီး ခင်ပွန်းကို လိုက်ပို့တယ်တဲ့။

မနက်စောစော အိပ်ရာအထမှာ နန်းကောင်ခမ်းက သူ့ယောကျ်ားကို ပြောတယ်တဲ့။

"စိုင်းရယ်၊ ညတုန်းက နန်း အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ စိုင်း တောင်ယာကိုသွားတော့ လမ်းမှာ တောမီးလောင်တယ်။ အဲဒီတောမီးက ကြီးလာလိုက်တာ မီးထဲမှာ စိုင်းပါပျောက်သွားတယ်။ နန်းစိတ်ပူနေတုန်း မီးထဲက စိုင်းထွက်လာတယ်။ စိုင်းရဲ့အဝတ်အစားတွေက စော်ဘွားကြီးတစ်ယောက်လို တောင်ပြောင်နေတယ်"

"အိပ်မက်ဆိုတာ စိတ်စွဲလို့မက်တာပါ။ ဆောင်းတွင်းအိပ်မက်ပါ မိန်းမရယ်၊ စိတ်မပူပါနဲ့"

လို့ ဖျောင်းဖျတာပေါ့ကွယ်။ ဒီလိုနဲ့ စိုင်းလုံဟာ ပြုနေကျဝတ်အတိုင်း ဘုရားသောက်တော်ရေလဲ၊ ဆွမ်းကပ်၊ ဘုရားရှိခိုးပြီး တောင်ယာထဲကို ထွက်သွားတာပေါ့။ အဲလိုသွားတော့ လမ်းမှာ လေမုန်တိုင်း မိတယ်။ တောအုပ်တစ်ခုလုံး သစ်ပင်တွေပြိုလဲ၊ လေတွေမိုးတွေကျ၊ တောထဲမှာ မျက်စိလည်ပြီး မှော်ဆရာကြီးက ပညာနဲ့ ကျောက်ဂူကြီးတစ်လုံးထဲမှာ ဖမ်းချုပ်ထားတယ်။

အဲဒီအချိန်မှာ နန်းကောင်ခမ်းလေးက ထမင်း၊ ဟင်းကျက်တော့ သူ့ယောကျ်ားအတွက် ထမင်းပို့ဖို့ ထမင်းတောင်းကို ခေါင်းပေါ်ရွက်ပြီး တောထဲလိုက်လာတာပေါ့။ တောအုပ်ကြီးထဲမှာ သစ်ပင်တွေ သစ်ကိုင်းတွေ ကျိုးပြီး မှန်တိုင်းတိုက်ထားတဲ့ ပုံစံမျိုးတွေ့တော့ နန်းကောင်ခမ်းက သူ့ယောကျ်ားအတွက် စိတ်ပူတာပေါ့ကွယ်။

"ဘုရား၊ ဘုရား၊ စိုင်းတော့ တစ်ခုခုဖြစ်ပြီလား"

ဆိုပြီး နန်းကောင်ခမ်းဟာ မျက်ရည်ကျသတဲ့။ လမ်းခရီးကို ခက်ခက်ခဲခဲသွားရင်း တောင်ယာတဲကို ရောက်သွားတာပေါ့။ တောင်ယာရောက်တော့ နန်းကောင်ခမ်းဟာ သူ့ယောက်ျားစိုင်းလုံကို မတွေ့ဘူးတဲ့။ ဒီတော့ ရွှေရင်ဆို့ပြီး ထိုင်ငိုတာပေါ့။ စိုင်းလုံ လာနိုးနိုး ထိုင်စောင့်ရင်း၊ ထိုင်စောင့်ရင်းနဲ့ နေရောင်ဝင်လာမှ နန်းကောင်ခမ်းဟာ တောနက်ထဲမှာ ကြောက်စိတ်ဝင်လာတာပေါ့။ သူ့ယောက်ျားအတွက်လည်း စိတ်ပူ၊ သူ့ကိုယ်သူအတွက်လည်း ကြောက်ပြီး နန်းကောင်ခမ်းဟာ တောင်ယာတဲလေးထဲမှာ တစ်ညလုံး ဘုရားကန်တော့နေတာပေါ့။

ဘုရားကန်တော့၊တောစောင့်နတ်တောင်စောင့်နတ်တွေကို မေတ္တာပို့ပြီး မိုးလင်းခါနီးမှ မှေးခနဲအိပ်ပျော်သွားတာပေါ့။ နန်းကောင်ခမ်းလေး အိပ်ရာကနိုးလာတော့ သူ့နားမှာ အိုးစည်လေးတစ်လုံး ရောက်နေတာ တွေ့တယ်တဲ့။ နန်းကောင်ခမ်းလဲ ဘယ်က အိုးစည်လေးပါလိမ့်လို့ တွေးပြီး အိုးစည်လေးကို ကောက်ယူကြည့်ရင်း တီးကြည့်ချင်တဲ့စိတ် ဖြစ်လာလို့ တီးလိုက်မိသတဲ့။

အိုးစည်သံ ထွက်ပေါ်လာပြီးတော့ နတ်သမီးလေးသုံးပါးပေါ်လာတယ်။

"အရှင်မ၊ ကျွန်မတို့ကိုခေါ်တာ ဘာအကြောင်းများရှိလို့ပါလဲရှင့်"

လို့ နတ်သမီးလေးတွေက နန်းကောင်ခမ်းကို ရိုရိုသေသေ မေးကြတာပေါ့။ နန်းကောင်ခမ်းကလည်း နတ်သမီးတွေကိုတွေ့တော့ အံ့သြတာပေါ့။

"အစ်မတို့က ဘယ်သူတွေလဲ"လို့မေးတော့ နတ်သမီးလေးတွေက–

"အရှင်မ၊ ကျွန်မတို့က အိုးစည်စောင့်နတ်သမီးတွေပါ။ ညက အရှင်မက ဘုရားကန်တော့ပြီး တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို မေတ္တာပို့တော့ အရှင်မကို စောင့်ရှောက်ဖို့အတွက် နတ်မင်းကြီးက ဒီအိုးစည်လေး ပို့ထားတာပါ။ အရှင်မ အလိုရှိလို့ အိုးစည်တီးတဲ့အခါ ကျွန်မတို့က အရှင်မကို စောင့်ရှောက်နိုင်အောင်လို့ပါ"လို့ ပြောပြတာပေါ့။ ဒီတော့ နန်းကောင်ခမ်းလေးက သူသိချင်နေတဲ့ သူ့ရဲ့ ယောက်ျားစိုင်းလုံအကြောင်း မေးတာပေါ့။

"အစ်မတို့ရယ်၊ ကျွန်မယောက်ျားဟာ မနေ့က တောင်ယာတဲကိုမရောက်ဘဲပျောက်နေပါတယ်။မနေ့က လေမုန်တိုင်းလည်းကျတော့ ကျွန်မယောက်ျား ဘယ်ရောက်နေသလဲ။ ဘာအန္တရာယ်တွေ ကြုံနေရသလဲ သိချင်ပါတယ်"

လို့ ပြောတာပေါ့။ နတ်သမီးလေးသုံးဖော်က

"အရှင်မ၊ အရှင်မရဲ့ယောက်ျားဟာ ကျောက်ဂူကြီးတစ်လုံးထဲမှာ မှော်ဆရာကြီးရဲ့ အဖမ်းအဆီးခံထားရပြီး သက်ရှိထင်ရှား ရှိနေပါတယ်။ မနေ့က လေမုန်တိုင်းတိုက်တာကလည်း မှော်ဆရာကြီးရဲ့ ပညာနဲ့ လုပ်လို့ပါ။ အရှင်မရဲ့ခင်ပွန်းဖြစ်သူကို သိလမြဲ သူမို့ မှော်ဆရာကြီးက အလွယ်တကူသတ်လို့မရပါဘူး"

လို့ ပြောပြတာပေါ့။ ဒီတော့ နန်းကောင်ခမ်းလေးက အံ့သြသွားတာပေါ့။

"အို၊ ကျွန်မတို့လင်မယားဟာ မှော်ဆရာကြီးနဲ့ ရန်ညိုးလည်းမရှိ၊ ပစ္စည်းဥစ္စာမဲ့ သာမန်တောင်သူလင်

မယားဖြစ်ပါလျက်နဲ့ ဘာကြောင့်များ မော်ဆရာကြီးက ရန်ပြုရတာလဲ”

လို့ မေးတာပေါ့။ ဒီတော့ နတ်သမီးလေးတွေက–

“အရှင်မ၊ အရှင်မရဲ့အလှကို မြတ်နိုးပြီး မဟာဒေဝီ အဖြစ် တော်ကောက်ချင်တဲ့ ဆေးစ်မွန်စော်ဘွားကြီးက သူ့ရဲ့ မော်ဆရာကြီးကို အရှင်မရဲ့ယောက်ျားအား အသေသတ်ခိုင်းတာပါ။ အရှင်မတို့ရဲ့သီလကြောင့် အလွယ်တကူ မသတ်နိုင်ပါ။ ဒီအိုးစည်လေးကိုသာ မပြတ်တီးပါ။ အရှင်မရဲ့ယောက်ျား လွတ်မြောက်လာပါလိမ့်မယ်”

လို့ ပြောပြတာပေါ့။ နန်းကောင်ခမ်းလေးလည်း–

“သိကြားမင်း၊ ဗြဟ္မာမင်း၊ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များ၊ တောစောင့်နတ်၊ တောင်စောင့်နတ်များ စောင့်ရှောက်ပါ။ တပည့်တော်မရဲ့ယောက်ျား လွတ်မြောက်ရပါစေ”

ဆိုပြီး အိုးစည်လေးကို အဆက်မပြတ် တီးခတ်တာပေါ့ကွယ်။ အိုးစည်းသံကြောင့် ကျောက်ဂူကြီးထဲမှာ အချုပ်အနှောင်ခံထားရတဲ့စိုင်းလုံလေးဟာလွတ်မြောက်လာတာပေါ့။ စိုင်းလုံရဲ့အဝတ်အစားတွေဟာ စော်ဘွားကြီးတစ်ပါးလို သစ်လွင်တောက်ပနေတာပေါ့။ နန်းကောင်ခမ်းလေးဟာ သူမရဲ့နံ့ဘေးကို ခင်ပွန်း ရောက်လာပေမဲ့ အိုးစည်လေးကို တီးကောင်းကောင်းနဲ့ မေ့လျော့ပြီး အဆက်မပြတ် တီးနေမိတယ်။ တောတွင်းက ရှိရှိသမျှ တိရစ္ဆာန်တွေအားလုံး၊ ကျားတွေ၊ ခြင်္သေ့တွေ၊ ကျားသစ်၊ ဝက်ဝံ၊ ရေမြင်း၊ ကြံ့၊ ယုန်၊ မြွေ၊ ရှဉ့်စ– တဲ့ အကောင်ဗလောင်တွေဟာ နန်းကောင်ခမ်းတို့လင်မယားရဲ့နံ့ဘေးမှာ ခုန်ပေါက်ကခုန်ပြီး နေကြတာပေါ့။ တိရစ္ဆာန်တွေရဲ့ ပျော်မြူးစွာ သီဆိုအော်ဟစ်တဲ့အသံတွေဟာ ညံလွန်းလို့ စော်ဘွားကြီးဆေးစ်မွန်ရဲ့ ဟော်နန်းကတောင် ကြားရတယ်တဲ့။

ကြောက်စရာအသံမျိုးစုံကြောင့် စော်ဘွားကြီးဟာ သူ့ရဲ့ ဟော်နန်းပြတင်းပေါက်ကို ဖွင့်ကြည့်တာပေါ့။ တိရစ္ဆာန်တွေ ပတ်ချာလည်ဝန်းရံနေတဲ့ကြားက သစ်လွင်တောက်ပတဲ့ စော်ဘွားအဝတ်အစားနဲ့ စိုင်းလုံတို့လင်မယားကို တွေ့တဲ့အခါ သိပ်ကြောက်သွားတယ်တဲ့။ သူ့ရဲ့အပြစ်တွေကြောင့် သူသေရမှာကြောက်ပြီးဟော်နန်းကို ပစ်လို့ ထွက်ပြေးတာပေါ့။

မိန်းမောပြည်သူပြည်သားတွေကစိုင်းလုံကိုမိန်းမောပြည်ရဲ့ စော်ဘွားကြီးအဖြစ် တင်မြှောက်လိုက်တာပေါ့။ နန်းကောင်ခမ်းကလည်း စော်ဘွားကြီးကတော် မဟာဒေဝီ ဖြစ်သွားတာပေါ့။ မော်ဆရာကြီးလား။ အဲဒီယုတ်မာတဲ့ မော်ဆရာဂူကြီးက တစ်ကိုယ်လုံး အမွေးရှည်ကြီးတွေ ပေါက်ပြီး တောလုံငှက် ဖြစ်သွားတယ်တဲ့။

အဲဒီအချိန်ကစပြီး ရှမ်းအိုးစည်လေးဟာ ရှမ်းတွေရဲ့ အထိမ်းအမှတ်ပွဲတော်တိုင်းမှာ သူမပါရင် မပြီး အရေးပါလှတာပေါ့ကွယ်။

× × ×

ကလေးတို့လည်း ဒီပုံပြင်လေးကို ဖတ်ပြီးရင် စိုင်းလုံတို့လင်မယားလို သီလမြဲရမယ်။ စော်ဘွားကြီးလို မယုတ်မာရဘူး။ မော်ဆရာကြီးလို မရက်စက်ရဘူးနော်။ ယုတ်မာသူ၊ ရက်စက်သူရဲ့ နိဂုံးချုပ်ဟာ မကောင်းတတ်ဘူးကွယ်။ လိမ္မာကြနော်။ ဒါက ရှမ်းအိုးစည်လေးနဲ့ ပတ်သက်တဲ့ရှမ်းတို့ရဲ့ ပါးစပ်ရာဇဝင်ပုံပြင်လေးပါနော်။

သန္တာမြတ်သောင်း

ထိုစဉ်က ရဟန္တာ သိင်္ဂီ ဆိုင်းပြည်ကြီးမှာ
ဘုရင်ကြီး ထမ်ပါး စိုးစံ နေလေသည်။
ရဟန္တာ သိင်္ဂီ ဆိုင်းပြည်ကြီးမှာ သာယာဝပြောပြီး ကုန်သွယ်မှု ကောင်းမွန်လာသောကြောင့် ချမ်းသာ ကြွယ်ဝ လှပေသည်
ရဟန္တာ သိင်္ဂီ ဆိုင်းပြည်ဟာ ဝမယ် ပျော် နေပါလား


ဒီကြောင့် အထောက်တော် တစ်ယောက်ကို စေလွှတ်လိုက်တယ်..
ရဟန်းပါကို ဆရာကြီးက ရောက်လာတဲ့ အထောက်တော်ကို သူ့ရဲ့ ပလ္လင် ပေါ်မှာ ဖြည့်ကြို ဆိုတယ်...
ကြွပါ အဆွေတော် ကြွပါ...
အကြံနဲ့ ရောက်လာတဲ့ အထောက်တော်ဟာ
ဒီဆရာကြီးကို ပညာပေးရ မယ်..


ရောက်လာတဲ့ အတောက်ပေါက် ဘာ သာစကားမှ မပြောပဲ သူ့ရှင်ကြီးနဲ့ အဘရ ထိုင်နေတဲ့ သလွန်မှာ လက်ထဲက ကန့်ကြဆံနဲ့ စည်းဝိုင်း ဝိုင်းလိုက်ပါတယ်...
ပြီးတော့ ခပ်တည်တည်နဲ့ တံခါးဝကို ထွက်ပြီး ရပ်နေလိုက်ပါတယ်...
ဟင် ဒီ ဘာ သဘောနဲ့ ဒီလို လုပ်တာပါလိမ့်...


ဒါနဲ့ နန်းတော်ထဲက ပညာရှိ အမတ်တွေကို ခေါ်ပြီး
ဒီ ဘယ်ကို သဘောလည်း ဆိုတာ အဖြေရှာ ကြပါဦး
အမတ်တွေဟာ အဝေကောက်တော် ရဲ့ စည်းဝိုင်းကို ကြည့်ပြီး အဖြေ ထုတ် ကြတယ်...
ဒါဟာ သရဖူ ကြီးကို မျှော်အထား နဲ့ ပြဿနာ ဖြစ် မယ်ကွ
မဟုတ်နိုင်ဘူး ဒါဟာ သရဖူကြီး နဲ့ မတူမတန်ဘူး ဆို တဲ့ သဘော ဖြစ် ရမယ်..

ဒါဟာ အဖြေမှန် မဟုတ်သေး ဘူးကွ သူ့အကို ဆိုလိုတယ် ဆိုတာကို သိအောင်လုပ် မှဖြစ်မှာ
ဒီအခါမှာ မိဖုရားကြီးက ဝင်ပြီး
သူ့ကို လူတွေက ဘုရူးကြီးလို့ ခေါ်ကြတယ်
မှန်လှပါ ရွှေဖို့ကောင်ရဲ့ အပြင်မှာ ကလေးတွေကို အမြဲ ဖဲကစား လှေလှနေတဲ့ အသင်း ဆို တစ်ဦး ရှိပါတယ်...
အရှင်မင်းကြီး အဲဒီ အသင်း ဆိုကို ခေါ်ပြီး မေးကြည့် ပါလား

အေး ကောင်းတယ် ဗိုလ်တွေ အဖြေရှာလို့ မရတဲ့ သူ့ကို ခေါ် မေးကြည့်ရမှာပဲ
အဘိုးအိုကို နန်းတော်ထဲ အမြန် ခေါ်ဆောင်ခဲ့ကြပေတော့
ဒါနဲ့ပဲ မင်းချင်းတွေဟာ အဘိုးအို ရှိတဲ့ ဇရပ်ဆီကို ထွက်သွားကြတယ်...

အဘိုးအိုနဲ့ ပြေလော့ အကျိုးအကြောင်းကို မေးမြန်းတဲ့အခါ ...
အဘိုးအိုဟာ စေတ္တ စဉ်းစားပြီး
ဒါဖြင့် ဒီလိုလုပ်...
အဘိုးအိုဟာ ဇရပ်အေးမှာ အစာစားနေတဲ့ တောကြက်တစ်ကောင်ကို ဖမ်းခေါ်လာစေတယ်...

မြို့တံခါးကို ဖြတ်ပြီး ထွက်လာတဲ့အခါ
ကလေးငယ် တစ်ယောက်ဟာ ငွေစေ့လေးတွေကို
ပစ်ပြီး ဆော့နေတာကို တွေ့ရတယ်...
ဒီမြို့က မင်းချင်းတို့ အားပေးမှုနဲ့ တစ်ချို့ကို ပေးပြီး ဒီကလေးတွေ အိမ်က ငွေစေ့တွေနဲ့ လဲပေးခဲ့ပါ . .
ရဲမက်တွေကလည်း အဘိုးအို ဦးငှက်ရဲ့ အမိန့် ကလေးတွေ အိမ်က ငွေစေ့ ကို မှန်နဲ့ လဲ ယူကြတယ်

ဒီလိုနဲ့ ဆက်လျှောက်လာရင်း အသင်းဆိုင်မှာ ထမင်းရောင်းတဲ့ ဈေးသည် ဆီက ထမင်းအချို့ကို တောင်းပြန်တယ်...
ထမင်းလေး လက်တစ်ဆုပ်လောက် ပေးပါနော်..
ယူပါရှင် ယူပါ ယူပါ...
ကြက်တစ်ကောင်ရယ် ကြွေစေ့တွေ ရယ် ထမင်း အနည်းငယ်ကို ယူပြီး အသင်း ဆိုင်မှာ နန်းတော်ထဲကို ဝင်လာခဲ့တယ်

အခုံအိုးမှာ နန်းတော်ထဲ ရောက်တဲ့အခါ
သခွန် ရှိကြက်ကို ကျွှာကားလာခဲ့တယ်
ရှုစိမ်းအကြောက်တော်ကလည်း နောက်မှ
ပင်လိုက်လာပြီး . .
ဒီအခုံးကြီး ဘာ
လုပ်မလဲဆိုတာ
စောင့်ကြည့်ရမယ်
အခုံဖိုးမှာ ကလေးတွေဆီက ယူလာတဲ့ ကြွေစေ့လေးတွေကို
သခွန်ပေါ်က စည်းဝိုင်းအတွင်းကို ပစ်ထည့်လိုက်တယ် . .
တလောက်...
ဂလောက်..
ဂလောက်...

ဟင်
အဖိုးကြီးက အလာ
ကြီးပါလား
အဲဒီနောက်မှာတော့ အိတ်
ထဲမှာ ပါလာတဲ့ ဆန်လက်
တစ်ဆုပ်ကိုယူပြီး ကစားဝိုင်း
အလယ်မှာ ဖြန့်ချလိုက်တယ်
မင်းချင်းတွေ ဖမ်းလာတဲ့ တော
ကြက်ကို ဆန်စေ့တွေ နားမှာ ချပေး
လိုက်တယ်..
တောကြက်က ဆန်စေ့တွေကို
တစ်ခုမကျန် ကောက်စားပစ်
လိုက်တယ်..

ဟင်...
အအိုးအို လုပ်အချက်ကို တောင့်ကြည့်နေတဲ့ အပေါက်ပေါက် မှာ ကြောက်လန့်တကြားနဲ့ ထွက်ပြေးသွားတော့တယ်..
ဟင် ဒါဘယ်လို ဖြစ်သွားတာလဲ...
ဟင် အံ့ဩစရာ ကောင်းလိုက်တာ အအိုးအို လုပ်အချက်ကို ကြည့်ပြီး ထွက်ပြေးတာ တန်းနေတာပဲ..
ဟုတ် ပ..

အဘိုး ဘယ် ဘယ်လို လုပ်လိုက် တာလဲ ဟင် အဘိုး
သူ့ကို ပျောက်ပြေးအောင် ကျုပ် မလုပ်ပါဘူး သူ့ဘာသူ ကြောက်ပြီး ပျောက်ပြေး သွားတာပါ
သူ ဘာကြောင့် ကြောက်သွားတယ် ဆိုတာကို ပြောပြပါ အဘိုးရယ်..
ဒါက ဒီလို ရှိပါတယ် အမသကြီး ဖို့ရာ ဒီ စည်းဝိုင်း ဝိုင်းတာကို ကြည့်ခြင်း အားဖြင့်

ကျုပ်တို့ ဝိုင်းမြသာကို ရှာဖြို့ဝိုက်ခိုက်ဖို့ သူတို့ ဝန်းရံထားတဲ့ အကြောင်း မြမှန်း သိသာပါတယ်..
ဒီအချိန်မှာ သူတို့ဖြိုးထားတဲ့ စည်းမကို ကလေးတွေ ကစားတဲ့ ကြွေအန်ကို ချပြလိုက် ချင်းပဲ စစ်ဝိုက်တာဟာ ကလေး ကစား သလောက်ပဲ ရှိတယ်လို့ပြန်ပြော လိုက်တာပါပဲ...
ဟာ ဟုတ်တယ်ဗျ ဒီကြောင့် ပထမဦး ဆုံး သူ့ မျက်လုံး ပြူး သွား တာကို ကျုပ် သတိ ပြုလိုက်မိတယ်

ငနောက် ဆန်စေ့လေး ကြဲချပြီး ဟောဒီကြက်ကို ကောက်စားဖို့ခိုင်း ကြပေတော့
သင်တို့ရဲ့ ဆန်စေ့ကို ကြောက်စရာ မရှိတဲ့ စစ်သည်တွေကို ဟောဒီကြက်လို စွမ်းအားကြီးပြီး ကြောက်စရာ ကောင်းတဲ့ ကျွန်ုပ်တို့ရဲ့ စစ်သည်တွေက အပ်ပေါက် မကျန် ဖိနှင်းပစ် နိုင်တယ်လို့ ပြသ တာ ပါပဲ...
ကျေးဇူးကြီးလှပါတယ် အရှင်း ဟဲ့ ဒီက မင်းချင်း တစ်ယောက်က ထွက်ပြေးသွားတဲ့ အဆောက်တော် နောက်ကို လိုက်ပြီး အခြေအနေကို အမြန်သံတော်ဦး တင်စေ..

မင်းချင်းက အဝေးကနေ နောက်လိုက်ပြီး ချောင်းမြောင်းလေရာ
ဟင် ဟုတ်ပါ
အဘိုးအို ပြောတဲ့အတိုင်း
ပုန်ကားတဲ့ စစ်တပ်ကြီး
ဆုတ်ခွာ သွားပါလား
မင်းချင်းမှာ ထို အကြောင်းအရာကို ရှင်ဘုရင်ကြီးထံသို့ သံတော်ဦး တင်လေရာ ..
မှန်လှပါ
စစ်တပ်ကြီး အမှန်ပဲ
ဆုတ်ခွာ သွားကြောင်း
ပါ အရှင်
အဘိုးအိုဟာ
ပညာရှင် အမြော်အမြင်နဲ့
ပြည့်စုံပါပေတယ်...

ဝိုင်းမြည့်အခါ ကျရောက်
တော့မယ့် အန္တရာယ်ကို ပါဂိုရယ်နဲ့
တမြို့လုံး ငြိမ်းခဲ့တဲ့ အတွက် အဘိုးကို
ရွှေငွေ ရတနာ မြောက်မြားစွာနှင့်
ဘွဲ့ နှင်းသွင်း မဟာပညာကျော်
အမည်ပါ ချီးမြှင့် မြှောက်စား
မယ်ဗျား ...
အို..
ဒါတွေ ကျုပ်အလို
မရှိပါဘူး ..
အရှင်မင်းကြီး ချီးမြှင့်မြှောက်စား
တဲ့ ဆုလာဘ်တွေအတွက် ကျေးဇူး
တင်ပါတယ် ဒါပေမဲ့ ကျုပ်က
ကျုပ် မြို့ပြင် ဥယျာဉ်မှာပဲ လွတ်လွတ်လပ်
လပ် သာ နေလိုက်ရတာကိုပဲ
ပိုပြီး နှစ်ခြိုက်ပါတယ်..

အဘိုးအိုလည်း ပျော်ရွှင်စွာဖြင့် ဇရပ်ရှိရာသို့ ပြန်လာခဲ့တော့သည်။

သဖန်းပင်ပေါ်က အသည်းနှလုံး

နန္ဒာမိုးကြယ်

ဟိုး...တစ်ခါတုန်းက အမြဲတစေ ဆီးနှင်းတွေ ပိတ်ဖုံးနေလေ့ရှိတဲ့ အရပ်ဒေသတစ်ခုမှာ တောအုပ်ကြီးတစ်ခုရှိသလို ရေစီးကြမ်းလှတဲ့ မြစ်တစ်စင်းလည်း ရှိပါသတဲ့။ အဲသည်တောအုပ်ထဲမှာတော့ ဆင်ပြောင်ကြီးငါးစီးနဲ့မခြား အင်အားကြီးမားလှရုံမက ဉာဏ်အစွမ်းပါထက်မြက်တဲ့ မျောက်မင်းဆိုတာ ရှိပါသတဲ့။

အဲသည်လိုပါပဲ။ ရေစီးကြမ်းတဲ့မြစ်ကို အမှီပြုလို့ ကမ်းစပ်နဘေးက ဝဲချိုင့်တစ်ခုမှာ မိကျောင်းလင်မယားလည်း နေထိုင်ကြပါတယ်။

မျောက်မင်းဟာ နေ့စဉ်နေ့တိုင်းဆိုသလို တောအုပ်အတွင်း လှည့်လည်သွားလာတဲ့အခါ မိကျောင်းလင်မယားရှိနေတဲ့ဝန်းကျင်အပါးကိုလည်း ခဏခဏဆိုသလို ရောက်သွားလေ့ရှိတယ်။ သည်တော့ မိကျောင်းမဟာ မျောက်မင်းရဲ့ အသည်းနှလုံးကို စားသောက်လိုစိတ်တွေ တဖွားဖွားဖြစ်ပေါ်လာခဲ့တယ်။ ဒါကြောင့် ချုပ်တည်းထားလို့မရတဲ့အဆုံးမှာတော့ လင်ဖြစ်သူ မိကျောင်းဖိုကို အကျိုးအကြောင်းပြောပြတော့တာပေါ့။

"အရှင်... ကျွန်မတော့ မျောက်မင်းရဲ့ အသည်းနှလုံးကို စားချင်စိတ်တွေ တားလို့ မရတော့ဘူး"

"အို... ရှင်မရယ်၊ ငါတို့လို မိကျောင်းတွေဆိုတာဟာ ရေထဲမှာပဲ ကျင်လည်ကျက်စားပြီး ရေထဲကအစာကိုသာ ရှာဖွေစားသောက်ကြရတယ်။ မျောက်မင်းဆိုတာက ကုန်းပေါ်မှာ ကျင်လည်ကျက်စားတဲ့သူ၊ ပြီးတော့...ခွန်အားကလည်း ကြီးမားလှပါဘိသနဲ့...။ ငါ့အနေနဲ့ မျောက်မင်းကို ဖမ်းဆီးနိုင်ဖို့ရာ စိတ်ထဲတောင် ကူးလို့ မရပါဘူးကွယ်"

"အရှင်... ကျွန်မအဖို့ မျောက်မင်းရဲ့ အသည်းနှလုံးကိုမှ စားသောက်ဖို့ အခွင့်မကြုံဘူးဆိုရင် အသက်ခန္ဓာစဲဖို့ရာသာ ရှိပါတော့တယ်။ ကျွန်မအပေါ် အရှင့်အနေနဲ့ တကယ်တမ်း စုံမက်မြတ်နိုးတာမှန်ခဲ့ရင် ဥပါယ်တံမျဉ်နဲ့ ဉာဏ်ဆင်ပြီး ဖမ်းပေးရမှာပေါ့..."

မိကျောင်းမရဲ့ ထပ်ခါတလဲလဲ ပူဆာတောင်းဆိုမှုတွေကြောင့် မိကျောင်းဖိုလည်း တင်းမခံနိုင်တော့ပါဘူး။

"ရှင်မရယ်... စိုးရိမ်မနေပါနဲ့တော့။ ရှင်မရဲ့ အသက်ကိုတော့ အသေမခံနိုင်ပါဘူးကွယ်။ သည်အတွက်မျောက်မင်းဆီက မင်းစားချင်နေတဲ့အသည်းနှလုံးကို ရဖို့ရာ ကြံဆောင်ပေးပါကွယ်...နော်..."

အဲသည်လို ကျေနပ်နှစ်သိမ့်မှုကို ပေးပြီးတဲ့နောက် မျောက်မင်းကျင်လည်ကျက်စားတဲ့ အနီးတစ်ဝိုက်ကို မိကျောင်းဖိုလည်း သွားရောက်ချောင်းမြောင်းနေပါတော့တယ်။

တစ်နေ့မှာတော့ မျောက်မင်းလည်း ရေဆာတာနဲ့ ရေသောက်ဖို့ရာအတွက် မြစ်ကမ်းစပ်ရှိရာကို ဆင်းလာခဲ့တယ်။ သည်အချိန်မှာ မိကျောင်းလည်း ရေထဲကနေ ဘွားခနဲပေါ်လာပြီး–

“အို... အသင်မျောက်မင်း၊ ဘာဖြစ်လို့များ သည်အရပ်ဒေသမှာ ကျင်လည်ကျက်စားနေရတာပါလိမ့်။ အသင်မျောက်မင်းနေထိုင်တဲ့တောအုပ်မှာဆိုရင် သဖန်းသီးနဲ့ ငှက်ပျောသီးတွေလောက်ပဲ ရှိပေမပေါ့။ သည်မြစ်ရဲ့တစ်ဖက်ကမ်းမှာဆိုရင် သရက်,ပိန္နဲ အစရှိတဲ့ အသီးချိုတွေ အများကြီးရှိကြလေရဲ့”

လို့ ပြောဆိုနှုတ်ခွန်းဆက်ပါသတဲ့။ သည်တော့ မျောက်မင်းကလည်း ပြန်ပြောရတာပဲပေါ့။

“အဆွေ မိကျောင်း၊ သင်ပြောတာမှန်ပါရဲ့၊ ဒါပေမဲ့ ဟောသည်မြစ်ရဲ့ ရေစီးဟာ ကြမ်းတမ်းလှတာနဲ့အမျှ အပြောလည်း ကျယ်လှပါတယ်။ သင်ပြောတဲ့ သရက်, ပိန္နဲတွေကို စားသောက်လိုပေမဲ့ ငါ့အနေနဲ့ တစ်ဖက်ကမ်းကို ကူးဖြတ်နိုင်ဖို့ရာ ဘယ်လိုလုပ် ဖြစ်နိုင်မှာတဲ့လဲ...”

“အို... အသင်မျောက်မင်း၊ သည်အတွက်များတော့ မပူပါလေနဲ့။ ငါဟာ...အသင်မျောက်မင်းကို မြင်မြင်ချင်းဆိုသလို ခင်မင်လေးစားနေမိတဲ့သူပါ။ ဒါကြောင့် တစ်ဖက်ကမ်းကို သွားချင်တယ်ဆိုရင် ငါ့ကျောပေါ်ကို တက်လိုက်ပါ။ သင့်အပေါ် မေတ္တာစေတနာထားလို့ ပို့ဆောင်ပေးပါ့မယ်...”

“ဟာ...ဒါဆို အဆင်ပြေတာပေါ့။ ကဲ...တက်ပြီ”

မျောက်မင်းလည်း သူ့ကို သဘောရိုးနဲ့ ပြောတယ်မှတ်လို့ မိကျောင်းရဲ့ကျောပေါ်ကို ခုန်တက်လိုက်တယ်။ အတန်ငယ်သွားပြီးတဲ့နောက် ရေလယ်လောက်ရောက်တဲ့အခါမှာတော့ မိကျောင်းဟာ မျောက်မင်းကို ရေထဲနှစ်ဖို့ရာ လုပ်ပါတော့တယ်။

“အို... အသင်မိကျောင်း၊ ဘာလုပ်တာလဲ၊ ငါ့ကို ဘာကြောင့် ရေထဲဆွဲနှစ်ရတာလဲ”

“အသင်မျောက်မင်း၊ ငါဟာ သင့်ကို သဘောရိုးနဲ့ သယ်ဆောင်လာခဲ့တာမှ မဟုတ်ဘဲ။ ငါ့မယားမိကျောင်းမက သင့်ရဲ့အသည်းနှလုံးကို စားသောက်ချင်တယ်ဆိုလို့ မကြာခဏပူဆာလို့ ငါ့မယားစားသောက်ဖို့ရာ ခုလိုမျိုး သင့်ကို လိမ်ညာခေါ်ဆောင်ခဲ့ခြင်းဖြစ်တယ်”

အဲသည်လိုလည်းဆိုလိုက်ရော သတိလက်လွတ်ဖြစ်သွားခဲ့တဲ့ မျောက်မင်းဟာ အသိအာရုံတွေကို ပြန်လည်စုစည်းပြီး အန္တရာယ်ကနေ လွတ်မြောက်ရာလွတ်မြောက်ကြောင်းအတွက် ကြံစည်စိတ်ကူးတွေးတောနေပါတော့တယ်။ နောက်ဆုံးမှာတော့ လက်ခနဲဆိုသလို အကြံရလာပြီး–

“အဆွေ–မိကျောင်း သင့်ရဲ့လုပ်ရပ်ဟာ ခုတ်ရာတခြား၊ ရှရာတလွဲတွေ ဖြစ်ကုန်ပြီ။ သင်တို့မိကျောင်းတွေဟာ လည်မလိုလိုနဲ့ အတော်ကလေးကို တုံးကြတာပဲ။ ငါတို့မျောက်တွေရဲ့ သဘောသဘာဝကို နည်းနည်းကလေးမှတောင် မရိပ်စားမိကြဘူး။

ဒီမှာမိကျောင်း၊ သင့်မယား စားသောက်လိုပါတယ်ဆိုတဲ့ ငါတို့ရဲ့အသည်းနှလုံးဆိုတာဟာ ရင်ထဲမှာရှိနေကြတာမှမဟုတ်ဘဲ။ ငါတို့ဟာ သစ်ပင်တစ်ပင်နဲ့တစ်ပင်ကို ခုန်လိုက်၊ ကူးလိုက်၊ နွယ်ကြိုးတွေနဲ့လွှဲပြီး ကျွမ်းထိုးလိုက်နဲ့ အင်မတန်ကို ဖြောင်းဆန်အောင် လှုပ်ရှားနေကြတယ်ဆိုတော့ကာ အသည်းနှလုံးတွေသာ ရင်ထဲမှာရှိနေရင် မှုန့်မှုန့်ညက်ညက်ဖြစ်မသွားဘူးလား”

“ဩော်–ဒါလည်း ဟုတ်ပေသားပဲ”

“မှန်တာပေါ့ မိကျောင်းရယ်၊ မှန်တာပေါ့”



"ဒါဆိုရင် မသိလို့မေးပါရစေ။ အသင်တို့မျောက်တွေရဲ့ အသည်းနှလုံးကို ဘယ်နေရာများ သွားထားကြပါသလဲ"

သည်တော့ မျောက်မင်းလည်း တဟားဟားရယ်မောပြီး မြစ်ကမ်းစပ်နံဘေးမှာ တွေ့မြင်ရတဲ့ ရေသဖန်းပင်ကို လက်ညှိုးထိုးပြလိုက်တယ်။ မျောက်မင်းလက်ညှိုးထိုးပြတဲ့ သဖန်းပင်မှာတော့ အသီးတွေ၊ အပွင့်တွေက ပြွတ်သိပ်ခဲလို့ပေါ့။

"ကိုင်း…အဆွေမိကျောင်း တွေ့တယ်မဟုတ်လား၊ ငါညွှန်ပြတဲ့ရေသဖန်းပင်မှာ တွဲလျားကျနေတဲ့ဟာတွေဆိုတာ ငါတို့မျောက်အပေါင်းရဲ့ အသည်းနှလုံးတွေပါပဲ။ ငါတို့မျောက်တွေဆိုတာ မွေးဖွားပြီးပြီးချင်းမှာ အသည်းနှလုံးတွေကို ရေသဖန်းပင်ထက်မှာ ချိတ်ဆွဲထားကြရတယ်။ ဒါကြောင့် ဘယ်လောက်ပဲ ဖြောင်းဆန်အောင် ဆော့ကစားကြပေမဲ့ ဘာဆိုဘာမှ ဖြစ်မလာကြတာပေါ့"

အဲသည်စကားကြောင့် တွေးခေါ်မြော်မြင် ဆင်ခြင်ဉာဏ်နည်းပါးတဲ့ မိကျောင်းဖိုလည်း မျောက်မင်းရဲ့စကားအပေါ် အကြွင်းမဲ့ ယုံကြည်သွားတော့တယ်။ အဲဒါကြောင့်ပဲ။

"အသင်မျောက်မင်း၊ အဲသလိုဆိုရင် သဖန်းပင်ပေါ်က သင့်ရဲ့အသည်းနှလုံးကိုပေးပါ"

"စိတ်ချပါ မိကျောင်း၊ ငါ့ကို ကမ်းစပ်ရှိရာ အမြန်သာ ပို့ပါ။ သင်လိုချင်တဲ့၊ သင့်မိန်းမစားချင်တဲ့ ငါ့ရဲ့အသည်းနှလုံးကို ဖြုတ်ယူပေးမယ်"

"ကောင်းပြီမျောက်မင်း၊ အခုပဲ ကမ်းစပ်ရှိရာကို ပို့ပေးပါ့မယ်"

မိကျောင်းလည်း ရေလယ်ကနေ ပြန်လှည့်ပြီး မူလကမ်းခြေနေရာဆီကို ပြန်ကပ်ပေးလိုက်ပါတယ်။ ကမ်းစပ်ကိုရောက်တယ်ဆိုရင်ပဲ မျောက်မင်းလည်း ရေသဖန်းပင်ထက်ကို အလျင်အမြန် ပြေးတက်လို့ ရေသဖန်းပင်ခွကြားမှာ နေရာယူလိုက်ပြီး ရေသဖန်သီးတွေကို ဆွတ်ခူးလိုက်ပါတယ်။ ပြီးတော့ မိချောင်းဖိုရှိရာ ပစ်ပေးရင်း–

"ဟယ်…မိကျောင်းမိုက်၊ သင်ပြောတဲ့ မြစ်တစ်ဖက်ကမ်းက သရက်၊ ပိန္နဲတွေကို ငါအလိုမရှိတော့ဘူး။ သည်တောအုပ်ထဲမှာရှိတဲ့ သဖန်းသီး၊ ငှက်ပျောသီးတွေသာပဲ ငါ့အတွက် ဘေးရန်ကင်းစင်ပြီး မွန်မြတ်တဲ့စားကောင်းသောက်ဖွယ်တွေဖြစ်တယ်။

ဟယ်. . . မိကျောင်းမိုက်၊ သင်ဟာ အသိဉာဏ်သိမ်ဖျင်းနုံနဲ့လွန်းလှပါကလား။ ရေသဖန်းသီးတွေကိုတောင်မှ ငါတို့ရဲ့ မျောက်အသည်းနှလုံးလို့ ထင်မှတ်ခဲ့တယ်။ တကယ်တော့ သင်ဟာ တကယ့်ကို မိုက်မဲလွန်းလှတဲ့သူပဲ။ ရော့…ဒီမှာ၊ ငါပစ်ချပေးတဲ့သဖန်းသီးတွေကိုပဲ သင့်မယား ကျွေးလိုက်ပေတော့"

လို့ဆိုပြီး တောအုပ်ထဲကို ဝင်ရောက်ပျောက်ကွယ်သွားတော့တယ်။

လောကမှာ မင်္ဂလာတရားတော်အရ သားမယားကို ကောင်းမွန်စွာ စောင့်ရှောက်ကျွေးမွေးရမှာပါ။ ခုတော့ တစ်ဖက်သားကို ဒုက္ခပေးလိုစိတ်ရယ်၊ စဉ်းစားဆင်ခြင်ဉာဏ်ကင်းမဲ့မှုတွေကြောင့် မိကျောင်းဟာ မျောက်မင်းရဲ့ ပညာပေးမှုကို ခံယူရင်း ယူကျုံးမရဖြစ်စွာနဲ့ မိကျောင်းမရှိရာကို ပြန်သွားခဲ့ရပါတော့တယ်။

နန္ဒာမိုးကြယ်

မြွေသစ်ရွက် (၃) ရွက်

ပီတု

တစ်ခါတုန်းက ဆင်းရဲတဲ့ လူတစ်ယောက်ရှိတယ်။ သူဟာ တစ်ဦးတည်းသော သူ့ရဲ့သားကို ထောက်ပံ့ကျွေးမွေးနိုင်ခြင်းမရှိတော့ဘူး။ အဲဒီအခါ သူ့ရဲ့သားက ပြောတယ်။

"ချစ်လှစွာသောအဖေ။ ကျွန်တော်တို့အတွက် အခြေအနေတွေ ဆိုးဝါးလွန်းလှတာကြောင့် ကျွန်တော်ဟာ အဖေ့အတွက် ဝန်ထုတ်ဝန်ပိုးတစ်ခု ဖြစ်လာပြီ။ ကျွန်တော် တစ်နေရာကို ထွက်သွားပြီး ကိုယ့်ဝမ်းစာ ကိုယ်ရှာစားရင် ကောင်းမယ်"

ဒီအခါ အဖေက သူ့ကို ဆုမွန်ကောင်းတွေ တောင်းပေးပြီး အလွန်ဝမ်းနည်းစွာဖြင့် သွားခွင့်ပြုလိုက်တယ်။ အဲဒီအချိန်မှာ ကြီးမားတဲ့ အင်ပါယာက ဘုရင်ဟာ စစ်ဖြစ်နေပြီး ငယ်ရွယ်သူတွေကို သူနဲ့အတူ ခေါ်ဆောင်လို့ စစ်တိုက်ဖို့ ထွက်သွားတယ်။ ရန်သူရှေ့ကို သူရောက်လာတဲ့အခါ တိုက်ပွဲဖြစ်ပြီး အန္တရာယ် ကျရောက်လာတယ်။ သူ့ရဲ့ ပတ်ပတ်လည်မှာ သူ့ရဲ့ရဲမက်တွေ ကျဆုံးကုန်ကြတယ်။ ခေါင်းဆောင်လည်း အသတ်ခံရတဲ့အခါ ကျန်တဲ့လူတွေ ထွက်ပြေးကြဖို့ ပြင်ကြတယ်။ ဒါပေမဲ့ လူငယ်က ရှေ့ကို တက်လာပြီး သူတို့ကို ရဲဝံ့စွာဖြင့် ပြောတယ်။

"အမိမြေကို ငါတို့အထိပါးမခံဘူးဟေ့"

အဲဒီအခါ ကျန်တဲ့လူတွေက သူ့နောက်ကို လိုက်ကြတယ်။ သူက ရှေ့ကို ထိုးထွင်းပြီး ရန်သူ့ကို အောင်နိုင်လိုက်တယ်။ ဘုရင်က စစ်အောင်နိုင်ရတာဟာ သူတစ်ယောက်တည်းကြောင့်ဖြစ်တယ်ဆိုတာ ကြားရတဲ့အခါ သူ့ကို အားလုံးရဲ့အထက်မှာတင် မြှောက်ပြီး များစွာသော ရတနာတွေပေးလို့ သူ့ရဲ့နိုင်ငံမှာ နံပါတ်တစ် သူကောင်းပြုလိုက်တယ်။

ဘုရင်မှာ အလွန်လှပတဲ့ သမီးတော်တစ်ပါးရှိတယ်။ ဒါပေမဲ့သူကလည်းအလွန်ထူးဆန်းတယ်ကွယ့်။ သူအရင်သေရင် သူနဲ့ အရှင်လတ်လတ် မြေမြှုပ်ခံဖို့ ကတိမပေးတဲ့သူကို ခင်ပွန်းအဖြစ် ဘယ်တော့မှ လက်မထပ်ဘူးလို့ ကတိပြုထားတယ်။ သူက ပြောတယ်။

"သူငါ့ကို နှလုံးသားနဲ့ နှစ်နှစ်ကာကာ ချစ်ရင် ငါမရှိတဲ့အခါ သူ့ရဲ့ဘဝဟာ ဘာအသုံးကျတော့မှာလဲ..."

သူ့ဘက်ကလည်း အဲဒီလိုပဲ လုပ်မယ်။ သူ့ခင်ပွန်း အရင်သေသွားရင် သူလည်း သူနဲ့အတူ သင်္ချိုင်းဆီကို လိုက်သွားမယ်။ ထူးဆန်းတဲ့ ဒီသစ္စာစကားကြောင့် ယနေ့အထိ ဘယ်သူမှ သူမကို လူပျို မလှည့်ရဲကြဘူး ဒါပေမဲ့ လူငယ်ကတော့ မင်းသမီးရဲ့ အလှမှာ ယစ်မူးသွားတာကြောင့် ဘာမှဂရုမစိုက်ဘဲ သူ့အဖေထံ မင်းသမီးကို တောင်းတယ်။

"မင်း ဘာကတိပြုရမယ်ဆိုတာ သိလား"ဘုရင်က ပြောတယ်။

"ကျွန်တော်၊ သူ့ထက်ပိုပြီး အသက်ရှည်နေရင် ကျွန်တော့်ကို သူနဲ့အတူ မြေမြှုပ်ရမယ်"သူက ပြန်ပြောတယ်။ "ဒါပေမဲ့ ကျွန်တော့်ရဲ့အချစ်က ကြီးမားလွန်းတာကြောင့် "အန္တရာယ်ကို ကျွန်တော် မမှုပါဘူး"

အဲဒီအခါ ဘုရင်က သဘောတူလိုက်ပြီး လက်ထပ်မင်္ဂလာပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပကြသတဲ့ကွယ်။

သူတို့ဟာ အချိန်အတော်ကြာ ပျော်ရွှင်စွာနေထိုင်ကြပြီး တစ်ယောက်ကိုတစ်ယောက် ကျေနပ်နှစ်သိမ့်နေကြတယ်။ အဲဒီနောက် ငယ်ရွယ်တဲ့မိဖုရားဟာ ပြင်းထန်တဲ့ဝေဒနာ စွဲကပ်ခံရတယ်။ ဘယ်ဆေးဆရာမှ သူ့ကို မကုသနိုင်ကြဘူး။ သူသေဆုံးသွားတဲ့အခါ ငယ်ရွယ်တဲ့ ခင်ပွန်းဟာ ကတိအတိုင်း လိုက်နာရတော့မယ်ဆိုတာကို သတိရသွားပြီး အရှင်လတ်လတ် မြေမြှုပ်ခံရမှာကို

ကြောက်လန့်သွားတယ်။ ဒါပေမဲ့ လွတ်လမ်းတော့ မရှိတော့ဘူးပေါ့ကွယ်။ ဘုရင်ကြီးက တံခါးဝတွေအားလုံးမှာ အစောင့်တွေ ချထားလိုက်တယ်။ သူ့ရဲ့ကံကြမ္မာကို ရှောင်လွှဲဖို့အတွက် မဖြစ်နိုင်တော့ဘူးပေါ့။ အလောင်းကို မြေမြှုပ်မယ့်နေ့ ရောက်လာတဲ့အခါ သူ့ကို အလောင်းနဲ့အတူ တော်ဝင်သင်္ချိုင်းဂူဆီခေါ်သွားပြီး ဂူထဲကိုထည့်လို့ တံခါးကို အပြင်က ချက်ချပိတ်လိုက်တယ်။

အခေါင်းဘေးမှာ စားပွဲတစ်လုံးရှိပြီး အဲဒီစားပွဲပေါ်မှာ ဖယောင်းတိုင် (၄)တိုင်၊ ပေါင်မုန့် (၄)လုံးနဲ့ ဝိုင်ပုလင်း (၄)ပုလင်းရှိနေတယ်။ ဒီအစားအစာတွေကုန်သွားရင် သူငတ်ပြီး သေရလိမ့်မယ်။ အခုအခါမှာတော့ သူဟာ ဝမ်းနည်းကြေကွဲစွာနဲ့ ထိုင်နေပြီး တစ်နေ့ကို ပေါင်မုန့်နည်းနည်းနဲ့ဝိုင်တစ်ငုံစာဘဲသောက်တယ်။ ဒါပေမဲ့ နေ့စဉ်နဲ့အမျှ သူသေဖို့ နီးကပ်လာပြီဆိုတာကို သိတယ်။ အဲဒီလိုနဲ့ သူ့ရဲ့ရှေ့ကို သူ ငေးမောကြည့်နေတဲ့အခါ သင်္ချိုင်းဂူထောင့်ကနေ မြွေတစ်ကောင်ထွက်လာပြီး အလောင်းနားကပ်လာတာကို သူ တွေ့မြင်ရတယ်။ မြွေဟာ အလောင်းကို စားသောက်ဖို့အတွက် လာတယ်လို့ သူထင်တာကြောင့် ဓားကို ဆွဲထုတ်ပြီးပြောတယ်။

"ငါအသက်ရှင်နေသမျှကာလပတ်လုံး သူ့ကို မင်း မထိရဘူး"

မြွေကို သူ ၃ ပိုင်း ခုတ်ဖြတ်ပစ်လိုက်တယ်။ ခဏကြာတဲ့အခါ ဒုတိယမြွေတစ်ကောင် တွင်းထဲကထွက်လာတယ်။ အဲဒီမြွေက အခြားမြွေတစ်ကောင် ၃ ပိုင်းပြတ်ပြီး သေနေတာကို တွေ့ရတဲ့အခါ တွင်းထဲကို ပြန်ဝင်သွားတယ်။ ဒါပေမဲ့ မကြာခင်မှာတော့ ပါးစပ်ထဲမှာ အစိမ်းရောင်သစ်ရွက် ၃ ရွက်နဲ့အတူ သူ ပြန်လာတယ်။ အဲဒီနောက်သူက မြွေအပိုင်းပြတ် ၃ ပိုင်းကိုယူပြီး အဲဒါတွေကို အတူတကွ ပြန်ဆက်ပြီးတဲ့အခါ သစ်ရွက်တစ်ရွက်ကို ဒဏ်ရာတစ်ခုပေါ်မှာ ချထားလိုက်တယ်။ ချက်ချင်းပဲ ပြတ်နေတဲ့အပိုင်းတွေဟာ သူ့ဘာသာသူ ပြန်ဆက်သွားပြီး မြွေဟာ လှုပ်ရှားလာတယ်။ ပြီးတော့ အသက်ပြန်ရှင်လာပြီး သူတို့နှစ်ကောင်စလုံးဟာ အတူတကွ အလျင်အမြန် ထွက်သွားကြတယ်။ သစ်ရွက်တွေ မြေပြင်ပေါ်မှာ ကျန်ရစ်ခဲ့တယ်။

အဲဒါတွေအားလုံးကို စောင့်ကြည့်နေတဲ့ မပျော်မရွှင် ဖြစ်နေတဲ့ ဘုရင်သမက်တော်ကလေးဟာ ဆန္ဒတစ်ခု ဖြစ်လာတယ်။ မြွေကို ပြန်လည်အသက်ရှင်အောင် လုပ်ပေးတဲ့ ဒီသစ်ရွက်တွေရဲ့ထူးဆန်းဖွယ်အစွမ်းဟာ လူသားတစ်ယောက်အပေါ်မှာလည်း အဲဒီလိုပဲ အာနိသင်ရှိသလားဆိုတာ သူ သိချင်လာတယ်။

ဒါနဲ့ပဲ သစ်ရွက်တွေကို သူကောက်ယူပြီး တစ်ရွက်ကို သေဆုံးနေတဲ့ သူ့ဇနီးရဲ့ပါးစပ်ပေါ် တင်လိုက်တယ်။ ကျန်နှစ်ရွက်ကို မျက်လုံးတွေကို ပေါ်တင်လိုက်တယ်။ သူ အဲဒီလိုလုပ်လိုက်တာနဲ့တစ်ပြိုက်နက် သွေးတွေဟာ မင်းသမီးရဲ့သွေးကြောမှာ လှုပ်ရှားလာပြီး ဖြူကွက်နေတဲ့ သူ့မျက်နှာပေါ်ကို တက်လာတာကြောင့် မျက်နှာအရောင် ပြန်ထွက်လာတယ်။ အဲဒီနောက် သူအသက်ရှူလာပြီး မျက်လုံးဖွင့်လာတယ်။ သူမ စကားပြောလာတယ်။

"အို...ဘုရား ဘုရား။ ကျွန်မ ဘယ်ကိုရောက် နေသလဲ"

"မင်း ငါနဲ့အတူရှိနေတယ် ချစ်ဇနီး"သူက ပြောပြီး ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာရယ် သူ အသက်ပြန်ရှင်အောင် သူ ဘယ်လိုလုပ်ခဲ့တယ်ဆိုတာရယ်ကို ပြောပြတယ်။ အဲဒီနောက် သူ့ကို ဝိုင်နဲ့ ပေါင်မုန့်တချို့ သူ ပေးလိုက်တယ်။ မင်းသမီး အားအင်တွေ ပြန်ရလာတဲ့အခါ သူက ထူမ ပေးလိုက်တယ်။ သူတို့ တံခါးဆီကို သွားကြပြီး တံခါးခေါက်လို့ အလွန်ကျယ်လောင်စွာ လှမ်းခေါ်ကြတဲ့အခါ အစောင့်တွေက ကြားသွားပြီး ဘုရင်ကြီးကို ပြောပြတယ်။ ဘုရင်ကြီးကိုယ်တိုင် ရောက်လာပြီး တံခါးဖွင့်ပေးလိုက်တဲ့အခါ နှစ်ဦးစလုံးဟာ ကျန်းမာသန်စွမ်းစွာ ရှိနေတာကို တွေ့ရတာကြောင့် သူတို့နဲ့အတူ ဝမ်းသာပျော်ရွှင်မိပြီး ဝမ်းနည်းကြေကွဲမှုတွေ အားလုံး ပြီးဆုံးသွားတာပေါ့ကွယ်။

ဘုရင့်သမက်ကလေးက မြွေသစ်ရွက် ၃ ရွက်ကို သူနဲ့အတူယူလာပြီး အမှုထမ်းတစ်ယောက်ကို ပေးလျက် ဒီလိုပြောတယ်။

"အဲဒါတွေကို မင်း ဂရုတစိုက်နဲ့ သိမ်းပြီး ကိုယ်နဲ့မကွာ အမြဲတမ်းယူထားပါ။ အဲဒါတွေဟာ တစ်ချိန်ချိန်မှာ ငါတို့အတွက် အသုံးဝင်နိုင်တယ်"

သူ့ရဲ့ဇနီးမှာ ပြောင်းလဲမှုတစ်ခု ဖြစ်လာတယ်ကွယ့်။ သူအသက် ပြန်လည်ရှင်သန်လာပြီးတဲ့နောက်မှာ သူ့ရဲ့ခင်ပွန်းပေါ် ချစ်တဲ့အချစ်တွေအားလုံးဟာ သူ့နှလုံးသားထဲက ထွက်ခွာသွားဟန်တူပါတယ်။ အချိန်အတော်ကြာပြီးတဲ့အခါမှာတော့ သူက ပင်လယ်ခရီးထွက်လာပြီး သူ့ရဲ့အမေအိုဆီကို အလည်အပတ်သွားချင်တယ်။ သူတို့ သင်္ဘောပေါ်တက်ကြတဲ့အခါ သူ့ရဲ့ဇနီးဟာ သူ့အပေါ် သူ့ယောကျ်ား အလွန်ချစ်မြတ်နိုးခဲ့တယ် ဆိုတာရယ် သူ့ရဲ့အချစ်ကြောင့် သူမ သေရာကနေ ပြန်ရှင်လာတယ်ဆိုတာရယ်ကို မေ့လျော့သွားပြီး သင်္ဘောမာလိန်မှူးအပေါ် စိတ်ညွတ်သွားတယ်ကွယ့်။

ငယ်ရွယ်တဲ့ခင်ပွန်းကလေး လဲလျောင်းအိပ်ပျော်သွားတာမို့ တစ်ပြိုင်နက် သူက မာလိန်မှူးကို ခေါ်လိုက်ပြီး အိပ်ပျော်နေတဲ့သူကို ခေါင်းကနေ ဖမ်းကိုင်လိုက်တယ်။ မာလိန်မှူးက ခြေထောက်ကနေ ကိုင်လိုက်တယ်။ ဒီလိုနဲ့ သူ့ကို သူတို့ပင်လယ်ထဲ ပစ်ချလိုက်ကြတယ်။ ရက်စက်ဖွယ်ကောင်းတဲ့အမှုကို ပြုလုပ်ပြီးကြတဲ့အခါ မင်းသမီးက ပြောတယ်။

"ကဲ ကျွန်မတို့ အိမ်ပြန်ကြရအောင်၊ သူ လမ်းမှာ သေသွားပြီလို့ ပြောကြတာပေါ့။ ရှင့်ကို ကျွန်မရဲ့အဖေ ရှေ့မှာ ကျွန်မ ချီးကျူးစကားပြောမယ်။ ဒါမှ အဖေက ရှင့်ကို ကျွန်မနဲ့ လက်ထပ်ပေးပြီး ထီးနန်းအမွေခံ လုပ်ပေးလိမ့်မယ်"

ဒါပေမဲ့ သူတို့လုပ်တာတွေအားလုံးကို မမြင်ကွယ်ရာက ချောင်းကြည့်နေခဲ့တဲ့ သစ္စာရှိတဲ့အမှုထမ်းက သဘော်ပေါ်က လှေကလေးတစ်စင်းကို ကြိုးဖြေပြီး လှေပေါ်တက်လို့ သူ့ရဲ့ဆရာကို လိုက်ရှာတယ်။ သစ္စာဖောက်တွေကတော့ သူတို့လမ်းကို သူတို့ ဆက်သွားကြတာပေါ့ကွယ်။

သူက သေနေတဲ့အလောင်းကို ရေထဲက သယ်ယူပြီး သူနဲ့အတူ အမြဲသယ်ဆောင်လာတဲ့ မြွေသစ်ရွက် ၃ ရွက်ကို မျက်စိနှစ်လုံးနဲ့ ပါးစပ်ပေါ် တင်လိုက်တယ်။ ကံကောင်းထောက်မစွာနဲ့ ငယ်ရွယ်တဲ့ဘုရင်သမက်ကလေးကိုသူ အသက်ရှင်အောင် ကယ်လိုက်နိုင်တယ်။

သူတို့နှစ်ဦးစလုံးဟာ ရှိသမျှအင်အားတွေနဲ့ နေ့ရောညရော လှေကို လှော်ခတ်ကြတယ်။ သူတို့ရဲ့လှေကလေးဟာ လျင်မြန်စွာ ရွေ့လျားသွားတဲ့အတွက် ဘုရင်ကြီးဆီကို သူများတွေထက် အရင် သူတို့ရောက်သွားကြတယ်ကွယ့်။ သူတို့နှစ်ဦးတည်း ရောက်လာတာကို ဘုရင်ကြီးတွေမြင်ရတဲ့အခါ အံ့ဩသွားပြီး သူတို့ ဘာဖြစ်ကြသလဲလို့မေးလိုက်တယ်။ သူ့သမီးဆိုးဝါးပုံကို သူကြားရတဲ့အခါ သူက ပြောတယ်။

"သူ ဒီလို မကောင်းမှု ပြုမူလိမ့်မယ်လို့ ငါ မယုံကြည်ဘူး။ ဒါပေမဲ့ အမှန်တရားဆိုတာ မကြာခင် ပေါ်လာမှာပါ"

သူက သူတို့နှစ်ဦးစလုံးကို လျှို့ဝှက်တဲ့အခန်းထဲမှာ ဝင်နေနိုင်ပြီး ဘယ်သူမှမသိအောင် ဝှက်ထားလိုက်တယ်။ အဲဒီနောက် မကြာခင်မှာတော့ သဘော်ကြီး ရွက်လွှင့်ဝင်လာတယ်။ တရားမဲ့တဲ့အမျိုးသမီးဟာ ဒုက္ခဖြစ်နေတဲ့အမူအရာနဲ့ သူ့ဖခင်ရှေ့ကို ရောက်လာတယ်။ ဘုရင်ကြီးက ပြောတယ်။

"မင်း ဘာဖြစ်လို့ တစ်ယောက်တည်း ပြန်လာရတာလဲ။ မင်းရဲ့ခင်ပွန်း ဘယ်မှာလဲ"

"အို အဖေရယ်"သူမက ပြန်ပြောတယ်။ "ကျွန်မပူဆွေးသောကနဲ့ ပြန်လာရတာပါ။ ရေလမ်းခရီးမှာ ကျွန်မရဲ့ခင်ပွန်း ရုတ်တရက် နေမကောင်းဖြစ်ပြီး သေသွားတယ်။ ကောင်းမွန်တဲ့မာလိန်မှူးဟာ ကျွန်မကို မကူညီရင် ကျွန်မလည်း ဖျားနာပြီး သေရမှာပဲ"

"သူ အခု သေနေတယ်။ ဒါပေမဲ့ မင်းကို အကုန်လုံး ပြောပြနိုင်မှာပါ"ဘုရင်က ပြောတယ်။ "သေတဲ့လူကို ငါ ပြန်ရှင်အောင် လုပ်လိုက်မယ်"

ဘုရင်က အခန်းတံခါးဖွင့်ပြီး သူတို့နှစ်ယောက်ကို ထွက်လာခိုင်းလိုက်တယ်။ အမျိုးသမီးက သူ့ခင်ပွန်းကို တွေ့မြင်တဲ့အခါ မိုးကြိုးအပစ်ခံရသလို ဖြစ်သွားပြီး မြေပြင်ပေါ် ဒူးထောက်ကျလျက် ခွင့်လွှတ်ဖို့ တောင်းပန်တယ်။

"ခွင့်မလွှတ်နိုင်ဘူး" ဘုရင်ကြီးက ပြောတယ်။ "သူဟာ မင်းနဲ့အတူသေဖို့ အဆင့်သင့်ဖြစ်ခဲ့ပြီ။ မင်းကို အသက်ပြန်ရှင်အောင်လုပ်ပေးတယ်။ ဒါပေမဲ့ မင်းက သူအိပ်နေတုန်းမှာ သူ့ကို သတ်ခဲ့တယ်ဆိုတာ ထိုက်တန်တဲ့ ဆုလာဘ်ကို မင်းရမှာပေါ့ကွာ"

အဲဒီနောက် သူ့ကို ကြံရာပါ မာလိန်မှူးနဲ့အတူ အပေါက်တွေ ဖောက်ထားတဲ့ သဘော်ပေါ်တင်ပေးပြီး ပင်လယ်ပြင်ဆီကို လွှတ်လိုက်တယ်။ မကြာခင်မှာတော့ သူတို့ဟာ ပင်လယ်ထဲက လှိုင်းလုံးတွေကြားထဲမှာ နစ်မြုပ်သွားတော့တယ်တဲ့ကွယ်။

ပီတု

တိုက်တွန်းကဗျာ

ပြွန်တန်ဆာ အရှင်သုန္ဒရ (ဘီအေ)

တိုက်တွန်းကဗျာ၊ ရေးကာစပ်လို့
မောင်မယ် ဖတ်ဖို့၊ ဖော်ပြမယ်။

၁။ ဘုရားဂုဏ်တော်နှိုင်းဆို မရမို့
ယုံကြည်စိတ်ချ ရှိခိုးကွယ်။

၂။ တရားဂုဏ်တော်နှိုင်းဆို မရမို့
ယုံကြည်စိတ်ချ ပူဇော်ကွယ်။

၃။ သံဃာဂုဏ်တော် နှိုင်းဆို မရမို့
ယုံကြည်စိတ်ချ ကိုးကွယ် ကွယ်။

၄။ မိဘတို့ဂုဏ် နှိုင်းဆို မရမို့
ကြည်ဖြူရွှင်ပြ လုပ်ကျွေးကွယ်။

၅။ ဆရာမြတ်ဂုဏ် နှိုင်းဆို မရမို့
ရိုသေပြဝပ် ဆည်းကပ်ကွယ်။

၆။ သီလငါးဖြာ အကျင့်မြတ်ကို
နေ့စဉ် မပြတ် မြဲပါကွယ်။

၇။ ခေတ်မီပညာ အရပ်ရပ်ကို
သိအောင် တတ်အောင် သင်ယူကွယ်။
၈။ ဘုရားဟောဖော် မြတ်တရားကို
အချိန်အားတော့ နာယူကွယ်။
၉။ ကိုယ့်ထက်အရွယ် ကြီးသူမြတ်ကို
ရိုသေလေးစား ဆက်ဆံကွယ်။
၁၀။ ကိုယ်နဲ့သက်ရွယ် တူသူများကို
ခင်မင်လေးစား ဆက်ဆံကွယ်။
၁၁။ ကိုယ့်အောက်အရွယ် ငယ်သူများကို
ကြင်နာသနား ဆက်ဆံကွယ်။
၁၂။ မိဘဆရာ ဆုံးမစကားကို
အစဉ်လေးစား လိုက်နာကွယ်။
မှတ်ကွယ် မှတ်ကွယ်။

ပြွန်တန်ဆာ အရှင်သုန္ဒရ (ဘီအေ)



မြင်းငယ်လေးရဲ့အိမ်

လင်းငြိမ်းသူ



တစ်ခါကမြင်းကြီးတစ်ကောင်မှာမြင်းငယ်သားလေး တစ်ကောင်ရှိတယ်။ မြင်းကြီးက သူ့သားမြင်းငယ်လေး အရွယ်ရောက်လာတဲ့အချိန်မှာ သူတို့နေထိုင်တဲ့နေရာနဲ့ အနီးက ကွင်းပြင်ကြီးတစ်ခုထဲကို ခေါ်သွားတယ်။ အဲ့ဒီမှာ လတ်ဆတ်စိမ်းလန်းတဲ့ မြက်တွေ၊ ကြည်လင်အေးမြတဲ့ စမ်းချောင်းတွေ၊ ပန်းပွင့်ကလေးတွေ အများကြီးရှိသတဲ့။ မြင်းငယ်လေးလည်း လတ်ဆတ်တဲ့ မြက်တွေကို အငမ်းမရ စားလိုက်၊ ကြည်လင်အေးမြတဲ့ စမ်းရေတွေကို အဝ သောက်လိုက်၊ မောလာတဲ့အခါ အရိပ်ကောင်းကောင်း ရတဲ့ သစ်ပင်ကြီးအောက်မှာ မြက်ခြောက်တွေခင်းပြီး အိပ်လိုက်နဲ့ ပျော်ရွှင်ကျေနပ်နေတာပေါ့။ သူ့မှာ လုပ်စရာ ဆိုလို့ ထူးထူးခြားခြား မရှိတာကြောင့် စားလိုက်၊ သောက်လိုက်၊ အိပ်လိုက်၊ ပျင်းလာတဲ့အခါ ကွင်းပြင်ကြီးထဲမှာ ပြေးလွှားခုန်ပေါက်လိုက်နဲ့ပဲ နေနေခဲ့တယ်။

ဒီလိုနဲ့ ကြာလာတဲ့အခါ မြင်းငယ်လေးဟာ အဆီတွေ ဖိန်းပြီး ဝလာသလို ပျင်းလည်း အရမ်းပျင်းလာတယ်။ အဲဒီအပြင် သူဟာ အဲဒီကွင်းပြင်ကြီးထဲမှာ နေထိုင်ရတာ ကိုပါ မကျေနပ်နိုင်တော့ဘူး။ တစ်ရက်မှာတော့ သူက သူ့အဖေမြင်းကြီးဆီသွားပြီး ပြောတယ်။

"ဒီမှာနေရတာ မကောင်းတော့ဘူးဖေဖေ။ မြက်တွေ ကလည်း အရသာမရှိတော့ဘူး။ ရေကလည်း နောက်ကျိ နေတာပဲ။ လေကလည်း မလတ်ဆတ်တော့ဘူး။ ဒီက နေ ထွက်မသွားရရင် သားတော့ သေသွားလိမ့်မယ် ဖေဖေ"

သူ့အဖေမြင်းကြီးကလည်း သူ့သားမြင်းကလေးကို ခဏလောက်ကြည့်နေပြီးမှ–

"သားဖြစ်ချင်တာကို ဖြစ်ရမှာပေါ့ကွယ်။ ဒီနေရာကို သား မကြိုက်တော့ရင် ဖေဖေတို့ ချက်ချင်းထွက်သွား ကြတာပေါ့"လို့ ပြောသတဲ့။

မြင်းငယ်လေးလည်း ပျော်ရွှင်စွာနဲ့ ခုန်ပေါက်နေတာပေါ့။ သူက နေရာသစ်တစ်ခုကိုသွားရဖို့အတွက် တအားစိတ်လှုပ်ရှားနေပြီလေ။ သူ့အဖေ မြင်းကြီးကတော့ အေးအေးဆေးဆေးပါပဲ။ ဖြည်းဖြည်းငြိမ်ငြိမ်လေးပဲ ခရီးကို စနှင်တယ်။

သူတို့ဟာ တောင်တစ်ခုကို တက်ခဲ့ကြတယ်။ လေတွေကတော့ သိပ်လတ်ဆတ်တာပါပဲ။ ဒါပေမဲ့ သူတို့အတွက် မြက်ကလေးနည်းနည်းနဲ့ ရေလေးနည်းနည်းကိုသာ ရှာလို့ရတယ်။ ညအိပ်တော့လည်း ချမ်းစီးနေတဲ့ အထဲမှာ မြက်ခြောက်တောင် မခင်းရဘဲ အိပ်ရတာပေါ့။

နောက်နေ့ မနက်နိုးတော့ သူတို့ ဆက်သွားကြပြန်တယ်။ မြက်ကလေးမဆိုသလောက်ကလွဲရင် ဘာကိုမှ စားဖို့ ရှာမတွေ့ကြဘူး။ မြင်းငယ်လေးဟာ သူ့အဖေမြင်းကြီးရဲ့ဘေးကနေ ငြိမ်ငြိမ်လေးလိုက်လာတယ်။ ဘာစကားမလည်း မပြောတော့ဘူး။ ခုန်ပေါက်ပြေးလွှားခြင်းလည်း မရှိတော့ဘူး။ ခရီးအဝေးကြီးကို အစာနည်းနည်းလေးစားပြီး သွားနေရလို့ သူ မောနေပြီလေ။ ခရီးပိုသွားရလေလေ သူပိုဆာလေလေပါပဲ။ ကြာတော့ မြင်းကလေး မနေနိုင်တော့ဘူး။

"ဖေကြီးရေ၊ ကျွန်တော် ဗိုက်သိပ်ဆာနေပြီ၊ တစ်ခုခု စားရမှဖြစ်တော့မယ်။ ဒီအတိုင်းဆိုရင်တော့ ဆက်ပြီး လျှောက်နိုင်မယ်မထင်တော့ဘူး"လို့ ပြောလိုက်တယ်။

သူ့အဖေမြင်းကြီးက "ကိစ္စမရှိဘူး သား၊ ဖေဖေတို့ မကြာခင် စားစရာရှာတွေ့မှာပါ"လို့ ဆိုတယ်။ အဲဒီနောက် အဖေမြင်းကြီးက မြင်းငယ်လေးကို တစ်နေရာဆီ ဦးဆောင်ခေါ်သွားတယ်။ မိုးချုပ်ညနက်ပြီး တော်တော်ကြီး ကြာတဲ့အထိ သူတို့ လျှောက်လာကြပြီး မိုးလင်းခါနီးမှ သူတို့ အဲဒီနေရာကို ရောက်ကြသတဲ့။ မြင်းငယ်လေးဟာ အဲ့ဒီနေရာမှာရှိတဲ့ မြက်လတ်လတ်ဆတ်ဆတ်တွေနဲ့ စမ်းရေအေးအေးတွေကိုလည်း တွေ့ရော ခေါင်းမဖော် တမ်း စားတော့တာပါပဲ။

"ဖေဖေမှန်တယ်ဗျ။ ကျွန်တော်တို့ စားစရာတွေ တွေ့ပြီ။ ဒီက မြက်တွေက သိပ်အရသာရှိတယ်။ ဒီလို အရသာမျိုးတစ်ခါမှ မရဖူးဘူး။ ရေကလည်း ကြည်ပြီး သန့်နေတာပဲ။ ဖေဖေရာ၊ ကျွန်တော်တို့ ဘယ်မှ ထပ်မသွားတော့ဘူး။ ဒီမှာပဲနေရအောင်နော်။ ဒီထက်ကောင်းတဲ့နေရာတော့ မတွေ့နိုင်တော့ပါဘူး"လို့ မြင်းငယ်လေးက အစာတွေ ပလုတ်ပလောင်းနဲ့ ပြောတယ်။ သူ အဲဒီလို ပြောနေတဲ့အချိန်မှာပဲ နေထွက်လာပြီး မနက်မိုးလင်းလာတယ်။ ထွက်လာတဲ့နေရောင်နဲ့အတူ မြင်းငယ်လေး တွေ့လိုက်ရတာကတော့ အဲဒီနေရာက သူအရင်နေခဲ့တဲ့ ကွင်းပြင်ကြီး ဖြစ်နေတာပါပဲ။ သူ အံ့အားသင့်သွားသလို ရုတ်တရက် သဘောမပေါက်နိုင်ဘူးဖြစ်သွားတယ်။ အဲဒီ အချိန်မှာ သူ့အဖေမြင်းကြီးက သူ့ကိုကြင်နာစွာကြည့်ရင်း ပြောလိုက်တာကတော့–

"မှတ်ထားသားရေ၊ မင်း တစ်ခုခုကို အများကြီးရနေရင် အဲဒါကို ရိုးအီလာလိမ့်မယ်။ မင်းတကယ်လို့ ပျော်နေချင်ရင်တော့ မင်းမှာရှိတဲ့အရာနဲ့ ကျေနပ်နေရမယ် သား။ အဲဒါဆို တခြား ဘာကိုမှ ထပ်လိုချင်နေမှာ မဟုတ်တော့ဘူး"ဟု....။

The Young Horse ဆိုတဲ့
ပုံပြင်ဟောင်းတစ်ပုဒ်ကို
ဆီလျော်အောင် ပြန်ဆိုပါတယ်။

လင်းငြိမ်သူ

ဇာတ်လမ်း ခေတ္တရာစိမ်းဝါ

ကာတွန်း ချစ်မှ သရုပ်ဖော်သည့်

တရုတ်ရိုးရာ စကားပုံ ပုံပြင်များ

ဒီတစ်ခေါက်လည်းပဲ ကလေးတို့ကို ဘိုးတော် မင်းကြီးနဲ့ အမတ်ကြီး ဦးပေါ်ဦး အကြောင်း .. အဲလေ... ချွန်နိုင်ငံရဲ့ အရှင် ချိကျင်ကုံနဲ့ နန်းရှင်ဝန် ယင့်ရှီး အကြောင်းကိုပဲ ဆက်ပြီး ပြောပြချင်တယ်၊ တရုတ် ရာဇဝင်မှာ သူ့တို့ အကြောင်း သူ့တို့မှတ်တမ်းတွေက အတော် များများ တွေ့ရှိရတယ်၊ ဒါဟာ သူ့တို့ခေတ် သူ့တို့အခါက ပေါ်လွင်ထင်ရှားတယ် ဆိုတဲ့ အထောက်အထားပေါ့၊ သေချာတာကတော့ သမိုင်းမှာ မှတ်တမ်းတင် ခံရတယ်ဆိုကာမှတော့ ခပ်ညံ့ညံ့တွေ မဟုတ်လို့ပဲ၊ ဖတ်သမျှထဲမှာလည်း မှတ်စရာ တော်တော်ပါတယ်၊

ဒီလောက်ဆို ကလေးတို့ ကြားချင် ဖတ်ချင်ရောပေါ့၊ ကဲ နားဆင် မှတ်ပေတော့၊ ပုံပြင်လေးက . . . . .


လုပ်ပိုင်ခွင့် ရှိလာရင် အဓိက ဝါ
သနာပါရာလုပ်တာ လူ့သဘာဝပဲ-
ဝါသနာတွေကတော့ သန့်ရာ သန့်ရာ
တွေပေါ့၊ လူအမျိုးမျိုး စိတ်အာ
ပွေပွေ ဆိုတော့ စရိုက်အပေါ်
မူတည်ပြီး ဝါသနာတွေကလည်း
အမျိုးမျိုးပေါ့၊ သူ့ဘုရင်ချီကျင်ကဲ့
ဝါသနာက ဖွန် အဲလေ ငှန်.. ငှန်..
ထူးထူးဆန်းဆန်း ငှန်လွှတ်တာ
အဲလေ.. ငှန်မွေးမြူတာကို ဝါသ
နာ အလွန်ထုံ ဆိုကပဲ...
ငှန်လေးရေ
ငှန်မွေးတာကို ဘယ်လောက်
ဝါသနာ ထုံသလဲဆိုရင် ငှန်နဲ့
တွေ့လို့ကတော့ ထမင်းမေ့..
ဟင်းမေ့..ဆွေမျိုးမေ့....
အားလုံးမေ့ပဲ... အဲ... မဟုတ်
တတ်မေ့သလား.... တုံးလုံးမေ့
သလား ဆိုတာတော့ စာထဲမှာ
မပါလို့ ဦးဦးလည်း အတိအ
ကျ ပြောရဖို့ ခက်သား....၊

ဖဆောင်ဖော်မလာ
ကြာလို့ ဖွန်ကြောင်
နေသလားမှတ်တာယ်
လက်စသပ်တော့ သူက
စွန် ကြောင် နေတာပဲ
ဟွန်း...
အဲ... သူ့ ရေကိုက် သူ့ဝါသနာအာ
တွက် ကြားထဲက ဒါးနာရတာက
ငရွှား မဟုတ်ဘူး.... ကျုပ်ကြောပိ၊
ဘုရင်က ဝါသနာပါပြီး စွန်မွေး
တာက ပါးစပ်နဲ့၊ သူမွေးသမျှ
ထိမ်းကျောင်း ကျွေးမွေးရတာက
ကျုပ်ကြောပိ၊ တစ်နေ့ တစ်နေ့ စွန်နဲ့
စွန် ဗျာများပြီး မအားရဘူး
စွန်တွေကြောင့်
ကျိန်းကြေပြီး ငါ
မြာ မရွှတာ...


အဲ တစ်နေ့တော့
ကျူကျော် တစ်ယောက်
ဒုက္ခ လှလှတွေ့
ပါရော၊ ပြဿနာက
အကြီးကြီး...
အဲဒါကတော့
သူ ထိမ်းကြောင်း ကျွေးမွေး
ထားတဲ့ အထဲက ဘုရင့်ရဲ့
အချစ်ဆုံး ကြက်.. အဲလေ
ငှန်တစ်ကောင် ပျောက်သွား
လို့ပါပဲကွယ်....
ဒီတော့...
ဟာ... ဒုက္ခ
မိုးနတ်မင်းကယ်ပါ အို... ဝန်မင်း ယင့်ဒိုး ကယ်တော်မူပါ...
ကျုမြို့နား
နန်းရင်းဝန် ယင့်ဒိုးဆီ နောက်ကျတဲ့ ခြေသောက် သတ္တာဖေါက် ဆိုပြီးတော့ ပြေးခဲ့ရတာပေါ့၊ သူ့ကို ကယ်နိုင်တဲ့ သူဟာ ယင့်ဒိုးမှလွဲ ဘယ်သူမှ မရှိ ဘူးဆိုတာ သူသိနေတယ်လေ....

ဘုရင့်ရဲ့ အမိန့်တော်ကို ဘယ်သူက လွန်ဆန်ရဲမှာလည်း... တော်ကြာ သူ့ဂုတ်ပေါ်က ဓား ကိုယ်လည်ပင်းရောက်လာမှ.. ဒုက္ခ.... တုပ်တုပ်တောင် မလှုပ်ရဲဘူးမောင်၊ အားလုံး ရှေ့ နှုတ်ပိတ် ထိုင်နေစဉ် နန်းရင်းဝန် ယင့်ဂိုးက...
အမိန့်တော်...
ပွကြီး ယင့်ဂိုး
ကျွန်တော်မျိုးအား လျှောက်ထားခွင့်ပြုပါ အရှင်မင်းမြတ်...
အခု အချိန်မှာ ငါ့အမိန့်ကို ဟန့်တားရင် သေဖို့ရင် မောင်မင်းကိုပါ ငါ ကိုယ်တော်တိုင် သတ်မယ်...
ပွကြီး ဘာထပြီး ပွ ဦးမှာလဲ...
ဟန့်တားဖို့ရာ မဝံ့ပါဘုရားကျွန်တော်မျိုး လျှောက်ထားလိုသည်မှာ -

သေပြေး ရှင်ပြေး ပြေးလာတာ ဘာဖြစ်လို့လဲဟ ကျုပ်ကြီးရဲ
သေရေး ရှင်ရေးမို့ပါ ဘုရား...
ဒီလိုပါ ဘုရား ××××××××× ××××××××× ကယ်ပါဘုရား
ငါ တတ်စွမ်းသမျှ ကူညီပါ့မယ်ကွယ် ကျုပ်ကြီးရယ်...
×××××× ဘုရား...
ဘာ... စွန့်တစ်ကောင် ပျောက်တယ်၊ ကျုပ်ကြီးကို ရှေ့တော် အမြန်ဆုံး သွင်းစေ....

ဘုရင်က မျက်နှာသာ ပေးလို့ နေရာတကာ အတင့်ရဲပြီး အာခေါင် နေတာ၊ ခေါင်းမပြတ်ဘဲ လျှာကို ဖြတ်ပစ်ရမှာ
ကျကြော်ငြာ ပြစ်ချက်ကြီး သုံးချက် ရှိပါတယ်၊ ပေါ့ပေါ့တန် တန် မသတ်သင့်ပါ အရှင် မင်းမြတ်
ဟိုက်... ငါတော့ လျှာပေါင်းမှားပြီ သေပြီဆရာ...
ဒီတစ်ခါတော့ မြင် ယင့်ရှိုးနဲ့ ငါကိုယ်တော်မြတ် တစ်ထပ်တည်း ကျနေ ပါ့လား ဟာရို့

ထိုပြစ်ချက်ကြီး သုံးချက်ကို ကျွန်တော်မျိုး လျှောက်ထား ကြေညာပြီးမှ မသေမချင်း စိတ်တိုင်းကျ စီရင်တော်မူပါ ဘုရား
ဒီတစ်ခါတော့ နန်းရင်းဝန်ကြီး ယင့်ရိုး သေးရူး သေးတန်း ဖြစ်-ကြောက်သွားပြီ ထင်တယ် အမတ်မင်းရေ...
လျှောက်ထား ကြေညာစေ မောင်မင်း ငါကိုယ်တော် မင်းမြတ် အခွင့်ပြုတယ်များ...
မှန်လှပါ တရားခံ ကျူကောင် ပျောက်သွားဟာ

မင်းကြီးရဲ့ စွန်များကို ဂရုတစိုက် မွေးမြူရမည့် တာဝန် ရှိပါလျက်နဲ့ ပေါ့ လျော့တဲ့ အတွက်...
အားကိုးပါတယ် ဆိုမှ တွန်းပို့ရက် တယ်.. ရက်စက် ပါပေ့ ဝန်မင်း...
စွန်တစ်ကောင် ပျောက်ဆုံးသွားခြင်းသည်- မဟာအမှားကြီးကို ကျူးလွန် ခြင်း ဖြစ်သည်မှာ ပထမ ပြစ်ချက်ပါ ဘုရား...
ဘာလဲ
ထို့ကြောင့် အရှင် မင်းကြီးသည် စွန်တစ် ကောင်အတွက် လူ့အ သက် တစ်ချောင်းကို သေစေအမိန့် ချမှတ်ရ ခြင်းသည် ကျူးကျော် ဒုတိယ ပြစ်ချက်ပါ အရှင် မင်းမြတ်

ကျူးကောပါကို သေဒဏ်ပေးသည့် အတွက် ချိမ်းကြီးသည် လူ့အာ သက်တစ်ချောင်းကို ရွှန်တစ်ကောင် တန်ဖိုးလောက် အရေးမထား ရက် စက်ကြောင်း အတိုင်းတိုင်းအပြည် ပြည်က မင်းအပေါင်းကြားသိကာ မဟာအရှက်တော် ရခြင်းဟာ ငမိုက်သား ငကျူးကောပါ ပြုတဲ့ တစ်ပါယ ပြစ်ချက် ဖြစ်ပါသည်
ကျွန်တော်မျိုး ကျူးကောပါ ပြစ်ချက်များကို လျှောက် ထားခြေညာပြီးပါပြီ အရှင် စိတ်ကြိုက် စီရင်တော်မူပါ
အဟိး...
ကောင်းပါတော့ကွာ ယင့်ချီးရှား၊ ငါကိုယ်တော် သဘောပေါက်ပါပြီကွာ- ကျူးကောပါကို လွှတ်လိုက် ပါတော့....
ဒီ အပြစ်လည်းမြင်စေ၊ အမျက်လည်း ကင်းစေ ဆိုတဲ့ တရုတ် စကားပုံလေးဟာ မြန်မာ မှာတော့ အလျှော်ကောင်း အထောင်းသက်သာ စကားပုံနဲ့ သံတူကြောင်းကွဲပါ၊

ပုရွက်ဆိတ်သူရဲကောင်း

သီဟဇော် (မြစ်ဝကျွန်းပေါ်)



တစ်ခါတုန်းက ရေကန်ပင်လယ်ကမ်းစပ်ဘေးမှာ အုတ်ပုံလို့အမည်တွင်တဲ့ပုရွက်ဆိတ်တိုင်းပြည်တစ်ပြည် ရှိတယ်တဲ့။ အဲဒီပုရွက်ဆိတ်တိုင်းပြည်မှာ ပုရွက်ဆိတ်ဘုရင်ကြီးက တရားနဲ့အညီ အုပ်ချုပ် မင်းလုပ်နေသတဲ့။ ပုရွက်ဆိတ်တိုင်းသူပြည်သားတွေကလည်း ပုရွက်ဆိတ်ဘုရင်ကြီးရဲ့ညွှန်ကြားကြီးကြပ်မှုအတိုင်း လိုက်နာဆောင်ရွက်ကြတယ်တဲ့။

ပုရွက်ဆိတ်တိုင်းပြည်မှာ ပုရွက်ဆိတ်လုပ်သားတွေက အများဆုံးရှိကြပြီး အုပ်စုတွေဖွဲ့လို့ ကျရာတာဝန်တွေ အလုပ်တွေကို လုပ်ကြရတယ်။ ပုရွက်ဆိတ် အိမ်ရှင်မတွေကလည်း သူ့နေရာနဲ့သူ မအားမလပ်အောင် အလုပ်ကိုယ်စီလုပ်ကြတယ်တဲ့။ ပုရွက်ဆိတ်တိုင်းပြည်ကိုကြည့်လိုက်ရင် အားနေတဲ့ပုရွက်ဆိတ်ဆိုလို့ မရှိသလောက် ရှားပါးသတဲ့။ ပုရွက်ဆိတ်လုပ်သားတွေဟာ နေ့စဉ်နေ့တိုင်း ကိုယ်တာဝန်ကိုယ် ထမ်းဆောင်ကြရတယ်။ ရေကန်ကမ်းစပ်သွားပြီး ရေတွေကို သယ်ယူလို့ ရေဖြည့်ပေးရတဲ့ အဖွဲ့တွေ၊ အုတ်ပုံတိုင်းပြည်ထဲမှာ အိပ်ဆောင်တွေ၊ စားသောက်ဆောင်တွေ၊ ဆောက်လုပ်ရတဲ့အဖွဲ့တွေလည်း ရှိတယ်လေ။ အဲဒီအဖွဲ့က ရေကန်ကမ်းစပ်ကမြေတွေကိုတူးသယ်လာတဲ့အဖွဲ့ရှိသလိုတောအစပ်က သစ်ပင်တွေဆီသွားလို့ သစ်ရွက်တွေ ဖြတ်တောက်ကိုက်ပြီး သယ်ရတဲ့အဖွဲ့တွေ ရှိသတဲ့။ နောက် အစားအသောက်တွေ ရှာဖွေသယ်ယူ၊ အသီးအနှံတွေ ကိုက်ချီသယ်လာပြီး ဂိုဒေါင်ထဲ ထည့်ရတာလည်း ရှိသတဲ့။ အဲဒီတော့ ပုရွက်ဆိတ်တိုင်းပြည်က ပုရွက်ဆိတ်အကုန်လုံးဟာ မနေမနား အလုပ်တွေလုပ်လို့ မအားမလပ်အောင် ဖြစ်နေသတဲ့။

တစ်နေ့မှာတော့ ရေကန် ကမ်းစပ်ဆီအလုပ်သွားလုပ်ဖို့ ပုရွက်ဆိက်အုပ်စုတစ်စုဟာ ထွက်လာခဲ့သတဲ့။ ကမ်းစပ်နဲ့ တိုင်းပြည်ကြားထဲမှာမြက်ရိုင်းပင်တွေ ပေါက်နေသတဲ့။ မြက်ရိုင်းပင်ကြားကလမ်းဟာ ပုရွက်ဆိတ်လုပ်သားတွေ ခုတ်ထွင်းရှင်းလင်းထားလို့ ဖြောင့်ဖြောင့်ဖြူးဖြူးနဲ့ပေ့ါ။ အဲဒီနေ့က ရေကန်ကမ်းစပ်ကို ရောက်တော့ ပုရွက်ဆိတ်လုပ်သားတွေ နည်းသွားတာ တွေ့သတဲ့။ ဒါပေမဲ့ သူတို့တစ်တွေတစ်နေရာရာမှာရှိ နေကြမှာပဲလို့တွေးပြီး အလုပ်စခန်းကလုပ်စရာရှိတာတွေလုပ်လို့ တိုင်းပြည်ကို ပြန်လာခဲ့တာပေ့ါ။

နောက်တစ်နေ့မှာလည်း ရေကန်ကမ်းစပ်ဆီ အလုပ်သွားဖို့ ပုရွက်ဆိတ်လုပ်သားတွေ ထွက်လာပြန်သတဲ့။ ဒီနေ့တော့ ပုရွက်ဆတ်လုပ်သားတွေက မနေ့ကထက် များတယ်တဲ့။ အဲဒီမှာ အလုပ်စခန်းရောက်တော့ မနေ့ကလိုပဲ နည်းနေတာ တွေ့သတဲ့။ ဒီတော့ ပုရွက်ဆိတ်ခေါင်းဆောင်က တိုင်းပြည်ကို ပြန်ရောက်ရောက်ချင်း ပုရွက်ဆိတ်လုပ်သားတွေကို ပြန်စစ်ကြည့်တာပေ့ါ။ မနေ့က

လည်း လုပ်သားတွေလျော့လို့ ဒီကနေ့လည်း လုပ်သားတွေလျော့နေတာနဲ့ စုံစမ်းစစ်ဆေးလိုက်တော့ တိုင်းပြည်ထဲမှာ မရှိကြဘူးတဲ့။ ဒါနဲ့ပဲ လုပ်သားခေါင်းဆောင်က နန်းတော်ထဲဝင်ပြီး ပုရွက်ဆိတ်ဘုရင်ကြီးကို လျှောက်တင်တာပေါ့။ ပုရွက်ဆိတ်ဘုရင်ကြီးက စစ်သူကြီးတွေ ခေါ်ပြီး မနက်ဖြန်လုပ်သားတပ်ဖွဲ့ကို အစောင့်အရှောက်တွေနဲ့ သွားခိုင်းတာပေါ့။

ဒီလိုနဲ့ နောက်တစ်နေ့ရောက်တော့ ပုရွက်ဆိတ်စစ်သူကြီးခေါင်းဆောင်တဲ့ ပုရွက်ဆိတ်စစ်သားတွေက ပုရွက်ဆိတ်လုပ်သားတပ်ဖွဲ့ကို စောင့်ရှောက်ပြီး အလုပ်ဆင်းကြတာပေါ့။ စစ်သူကြီးနဲ့အဖွဲ့ဟာ ရှေ့နဲ့နောက်နဲ့ ညှပ်ပြီး ခွာလို့လိုက်လာတဲ့အခါ မြက်ရိုင်းတောလွန်လဲရောက်ရော ပုရွက်ဆိတ်လုပ်သားတွေကို အကောင်ရှည်တစ်ကောင်က လျှာနဲ့သိမ်းယက်လိုက်တာ တွေ့ရသတဲ့။ အဲဒီအခြေအနေကို မြင်လိုက်ရတဲ့ စစ်သူကြီးက သူ့ရဲ့တပ်သားတွေကို အသိပေးပြီး လက်နက်တွေ ဆွဲထုတ်လို့ အကောင်ရှည်ကြီးကို ဝိုင်းတိုက်ခိုက်ကြပါတယ်။ ဒါပေမဲ့ အကောင်ရှည်ကြီးရဲ့ လျှာဖျားမှာ တပ်သားတွေ ကားခနဲပါသွားလိုက်တာ စစ်သူကြီးပဲ ကျန်ခဲ့တယ်တဲ့။ စစ်သူကြီးလည်း တိုင်းပြည်ကိုပြန်လာပြီး ပုရွက်ဆိတ်ဘုရင်ကြီးကို အခြေအနေကို လျှောက်တင်ရပြန်တာပေါ့။

ပုရွက်ဆိတ်ဘုရင်ကြီးက စစ်သူကြီးရဲ့ လျှောက်တင်တာကိုနားထောင်ပြီးတဲ့အခါ အခုတွေ့ရတဲ့အကောင်ရှည်က အိမ်မြှောင်ဘီလူးဖြစ်ကြောင်း ပြောပြပြီး စစ်သူကြီးကို တိုင်းပြည်ထဲ လိုက်လံကြေညာခိုင်းတော့တယ်။ အိမ်မြှောင်ဘီလူးကို နှိမ်နင်းနိုင်မယ့် သူရဲကောင်းပုရွက်ဆိတ်ကို ရှာခိုင်းတာပေါ့။ အဲဒီအချိန်မှာ ပုရွက်ဆိတ်ကလေးတစ်ကောင်ထွက်လာတယ်။ အဲဒီပုရွက်ဆိတ်ကလေးက ခွန်အားသိပ်မရှိတဲ့ပုံသဏ္ဍာန်ဖြစ်နေတော့ စစ်သူကြီးက စိတ်ပျက်သွားတယ်။ ဒီပြင် ပုရွက်ဆိတ်သူရဲကောင်းများ လာဦးမလားလို့ စောင့်ပေမယ့် တစ်ကောင်မှ ထွက်လာတာ မတွေ့ရတာနဲ့ အဲဒီပုရွက်ဆိတ်ကလေးကိုပဲ ဘုရင်ကြီးဆီ ခေါ်သွားတယ်။



ဘုရင်ကြီးကတော့ စိတ်ပျက်ပေမယ့် တခြားသတ္တိရှိတဲ့ အကောင်တွေမရှိတာနဲ့ အိမ်မြှောင်ဘီလူးကို နှိမ်နင်းဖို့ တာဝန်ပေးလိုက်တယ်။ ပုရွက်ဆိတ်သူရဲကောင်းလေးက သူနေတဲ့နေရာကိုပြန်သွားပြီး သူ့ရဲ့အပေါင်းအသင်း ပုရွက်ဆိတ်တွေကို ခေါ်လို့ အိမ်မြှောင်ဘီလူးဆီသွားကြပါလေရော။ အိမ်မြှောင်ဘီလူးဆီရောက်တော့ အိပ်ပျော်နေတဲ့ အိမ်မြှောင်ဘီလူးကိုတွေ့တာနဲ့ အိမ်မြှောင်ဘီလူးရဲ့ ကိုယ်ပေါ်ကို အသာလေးတက်ကြတယ်။ အိမ်မြှောင်ဘီလူးရဲ့နှာသီးဖျားမှာနှစ်ကောင်၊မျက်ခွံပေါ်မှာနှစ်ကောင်စီ၊ နားနဲ့ခြေထောက် အတွင်းကြောတွေမှာလည်း နေရာယူလို့ တစ်ပြိုင်နက် ကိုက်ခဲတိုက်ခိုက်လိုက်ကြပါတယ်။ အိမ်မြှောင်ဘီလူးဟာ နာကျင်မှုကို နေရာပေါင်းစုံက ခံလိုက်ရတော့ သက်သာလို့သက်သာငြား ပြေးလွှားလိုက်တာ ရေကန်ထဲကို ဆင်းပြေးပါလောရော။ ပုရွက်ဆိတ်သူရဲကောင်းလေးခေါင်းဆောင်တဲ့ ပုရွက်ဆိတ်တွေဟာ မလွတ်တမ်း ကိုက်ခဲတိုက်ခိုက်လေ အိမ်မြှောင်ဘီလူးလည်း ရေထဲရောက်လေနဲ့ နောက်ဆုံး အိမ်မြှောင်ဘီလူးဟာ ရေနစ်သေဆုံးသွားရတယ်တဲ့။ သူရဲကောင်းပုရွက်ဆိတ်လေးဦးဆောင်တဲ့ ပုရွက်ဆိတ်သူရဲကောင်းအုပ်စုကတော့ အိမ်မြှောင်ဘီလူးနဲ့အတူ သေဆုံးကုန်ကြတယ်တဲ့။

ဒီတော့မှ ပုရွက်ဆိတ်ဘုရင်ကြီးနဲ့ စစ်သူကြီးတို့ဟာ သူရဲကောင်းပုရွက်ဆိတ်လေးကို အထင်ကြီးကြလေးစားကြပြီး အမှတ်တရနေရာလေးတွေပြုလုပ်ပြီး ထားကြတယ်တဲ့။ အဲဒီအချိန်ကစပြီး သူတို့ဟာ ဘယ်လိုပုရွက်ဆိတ်ကိုမှ အထင်မသေးကြတော့ဘူးတဲ့။

ပုံပြင်လေးကတော့ ဒီမျှသာပဲ ဖြစ်ပါတယ်။

သီဟဇော်(မြစ်ဝကျွန်းပေါ်)

ထိုက်သူစံရဲ့ စံထိုက်သူ

လရိပ်မေ (သာပေါင်း)

တစ်ခါက မြို့လေးတစ်မြို့မှာ “ထိုက်သူစံမိသားစု”လို့ အမည်ရှိတဲ့ အင်မတန်ချမ်းသာတဲ့ သူဌေးမိသားစုတစ်စု ရှိကြတယ်။ အဲ့ဒီမိသားစုထဲမှာ အတိတ်ကံတရား မပြည့်စုံတာကြောင့် ဆင်းရဲတဲ့ သားအမိနှစ်ယောက်လည်း ရှိတယ်။ မိသားစုတွေဆိုပေမဲ့ ဥစ္စာပစ္စည်းချို့တဲ့လွန်းတဲ့သူဆင်းရဲသားအမိကို သူဌေးမိသားစုက ခွဲခြားဆက်ဆံကြတယ်။ ရှောင်ဖယ်ပြီး နေလာကြတယ်။ ဒီလိုနဲ့ သူဆင်းရဲသားအမိဟာ ဆွေမျိုးတို့နဲ့ဝေးရာအရပ်ကိုသွားပြီး ဆွေမျိုးရှာနေခဲ့တယ်။ ဥစ္စာဆင်းရဲလို့ လူဆင်းရဲပေမယ့် စိတ်ဓာတ်ပြည့်ဝချမ်းသာတဲ့သားအမိမို့ မြို့စွန်လေးမှာပဲ အိမ်နေရာလေးတစ်ခု ရရှိခဲ့တာပေါ့။

ဒီလိုနဲ့ သူဆင်းရဲသားအမိဟာ မြို့စွန်ကအိမ်လေးမှာ လူများစွာတို့၏ အဝတ်တွေကို လျှော်ဖွပ်ပေးရတဲ့ ခဝါသည်အလုပ်ကိုလုပ်ရင်း ရှာဖွေစားသောက်နေကြတယ်။ မိခင်ကြီးနဲ့ သားငယ်လေးဟာ အလုပ်တွေကို တစ်ယောက်တစ်လှည့် လုပ်ကိုင်ရင်းပျော်ရွှင်စွာနေကြတယ်။ “ဆင်းရဲပေမယ့်လည်း ရိုးသားဖြောင့်မတ်စွာ အသက်မွေးဝမ်းကြောင်းပြုတာကြောင့် သူဆင်းရဲသားအမိအတွက်

စားဝတ်နေရေးဟာ အခက်အခဲမရှိအောင် အဆင်ပြေ ချောမွတ်ခဲ့တာပေါ့”။ လူဆင်းရဲပေမယ့် စိတ်ဓာတ်ပြည့်ဝ ချမ်းသာတဲ့သားအမိဟာ တစ်ဦးနဲ့တစ်ဦး သိပ်ကို ချစ်ခင် ကြင်နာကြတယ်။ သတ္တဝါတိုင်းအပေါ် မေတ္တာထားရမယ် လို့ အမေကြီးက သားလေးကို အမြဲ ဆိုဆုံးမသလို ဆပ် မကုန်တဲ့ကျေးဇူးတွေအတွက်လည်း သားငယ်လေးက အမေကြီးကို ညအိပ်ရာဝင်တိုင်းမှာလည်း ရှိခိုးပြီးမှ အိပ် တတ်တယ်။ ဆင်းရဲသားလေးဟာ မိဘအပေါ် အထူးသိ တတ်လိမ္မာသောသားလေးမို့ လူချမ်းသာသားသမီးတွေ ထက် ပိုပြီး လူချစ်လူခင် ပေါကြတယ်။

တစ်နေ့မှာတော့ သူဆင်းရဲသားအမိဟာ မြို့ပေါ်က “ထိုက်သူစံမိသားစု”ရှိရာအိမ်ကြီးသို့ သွားရမယ့်ကိစ္စ ပေါ် လာတယ်။ သွားကြတဲ့အကြောင်းကတော့ ဘိုးဘွားပိုင် အမွေကို ခွဲယူဖို့အတွက်ပါပဲ။ အဲ့ဒါကြောင့် သူဆင်းရဲလေး တို့သားအမိဟာ မြို့ပေါ်ကသူဌေးအိမ်ကို ရောက်သွားခဲ့ တယ်။ တကယ်တော့ သူဌေးမိသားစုဟာ သူဆင်းရဲ သားအမိကို အမွေအတွက် စာရင်းမသွင်းချင်ကြပါဘူး။

ဒါပေမဲ့ ဘိုးဘွားပိုင်ပစ္စည်းတွေမို့ စာချုပ်စာတမ်းတွေအရ မို့ မလွှဲသာမရှောင်သာ ခေါ်ခဲ့ရတာပေါ့။ အမွေအနှစ်ဆို တာ ထိုက်သူသာ ခံစားပိုင်ခွင့်ရှိတာ သိပေမယ့်လည်း သူဆင်းရဲသားအမိကိုတော့ အဆင့်မတူလို့ မတန်ဘူး ဆိုတဲ့စိတ်နဲ့စာရင်းမသွင်းချင်ကြတာပေါ့။ ဒီလိုနဲ့ခြံကြီးထဲ မှာ မနက်စာစားတော့ သူဌေးမိသားစု (၂)စုဟာ ပေါင်မုန့် ထောပတ်တွေနဲ့စားပြီးတော့ သူဆင်းရဲသားအမိကိုတော့ ကောက်ကြမ်းဆန်နဲ့ ချက်ထားတဲ့ ထမင်းတွေကိုသာ ကျွေးခဲ့ကြတယ်။ ဘာမှပြောဆိုပိုင်ခွင့်မရနိုင်တဲ့ သူဆင်းရဲ သားအမိဟာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့် ရင်းသာ မျက်ရည်ကျရရှာသတဲ့။

မနက်စာစားပြီးချိန်မှာပဲ သူဌေးသား (၂)ယောက် ဟာ အလှူသွားဖို့ ထွက်လာတယ်။ ဝတ်ကောင်းစားလှနဲ့ သူဌေးသားလေးတွေကို ဆင်းရဲသားလေးမြင်တဲ့အခါ သူ့ကိုလည်းခေါ်ပါလို့ လိုက်ခွင့်တောင်းတာပေါ့။ ဒါပေမဲ့ သူဌေးသားတွေဟာ မတူမတန်ဘူးအထင်နဲ့ မခေါ်ပဲ ထား ခဲ့တယ်။ ဆင်းရဲသားလေးဟာ ဝမ်းနည်းမိပေမယ့် “အလှူ ဆိုတာ လူ့အဆင့်အတန်းမရွေး စားသောက်ပိုင်ခွင့် ရှိတယ်”လို့ တွေးပြီး အမေကြီးရဲ့ ခွင့်ပြုချက်နဲ့ နောက် ကနေ လိုက်သွားခဲ့တယ်။ စေတနာကောင်းရင် ကံ ကောင်းတယ်ဆိုတဲ့စကာအတိုင်းပါပဲ။ အလှူအိမ်လည်း ရောက်ရော လူနှစ်ယောက်လိုတဲ့ ထမင်းဝိုင်းက အိမ် ခြေရင်းဘက်မှာဖြစ်နေတော့ သူဌေးသားလေးနှစ် ယောက်ဟာ အိမ်ခြေရင်းဘက်မှာ နေကြရတယ်။ ဆင်းရဲ သားလေးကတော့ တစ်ယောက်တည်းမို့ အိမ်ခေါင်းရင်း ဘက်မှာ နေရာရခဲ့တာပေါ့ကွယ်။ ဒါကို သူဌေးသားလေး တွေက မြင်တဲ့အခါ မကျေနပ်ကြဘူး။ ဆင်းရဲသား ကောင်လေးနဲ့ ဒီလို တစ်အိမ်ထဲမှာ အတူတူနေရပြီး နိမ့် ကျတဲ့နေရာမှာ နေရတာဟာ သူတို့အတွက် သိက္ခာကျ တယ်ဆိုတဲ့အတွေးနဲ့ မြန်မြန်စားပြီး ပြန်သွားကြသတဲ့။

သူဌေးသားလေးတွေ ပြန်သွားတဲ့အခါမှာ ဆင်းရဲ သားလေးဟာ သူ့အတွက်ချပေးထားတဲ့ ပေါင်မုန့်တွေကို ကြည့်ပြီး တွေးနေတာပေါ့ကွယ်။ “ငါတို့ဟာ သိပ်ကို

ဆင်းရဲကြတယ်။ အတိတ်ကံတရား မကောင်းတာပြုမိခဲ့လို့အခုဘဝမှာ ဆင်းရဲနေရတယ်။ ပေါင်မုန့်ဆိုတာတောင် ဝယ်မစားနိုင်ခဲ့ဘူး။ အခုတော့ စားရမယ့်ကံ ကြုံလာပြန်တော့ စားခွင့်ကြုံလာပြီ။ ဒါပေမဲ့ ငါ့မှာ အမေကြီးတစ်ယောက်လုံး ရှိသေးတယ်။ ငါ့အမေကြီးကလည်း စားချင်နေမှာပဲ။ ငါတစ်ယောက်တည်းစားဖို့အတွက် မဖြစ်ဘူး။ အမေကြီးသာ ဒီလိုပေါင်မုန့်စားရရင် သိပ်အားရှိမှာပဲ။ မေကြီးအတွက်လည်း ချန်ယူသွားရမယ်”လို့ တွေးနေသတဲ့။ ဆင်းရဲသားလေးဟာ ပေါင်မုန့် (၃)ချပ်ကို (၁) ချပ်သာစားပြီး ကျန်တာကို သူ့အမေကြီးအတွက် ယူပြီး ပြန်လာခဲ့တယ်။ ဆင်းရဲသားလေးဟာ ပေါင်မုန့် (၃)ချပ်မှာ (၁)ချပ်သာစားပြီး ကျန်တဲ့ (၂)ချပ်ကို ယူပြီး အလှူအိမ်ကနေ ပြန်လာခဲ့တယ်။ ဆင်းရဲသားလေးဟာ သူ့အမေကြီးကို ပေါင်မုန့်ကျွေးရတော့မယ်ဆိုတဲ့အသိနဲ့ အရမ်းကို ပျော်နေခဲ့တာပေါ့။ ဆင်းရဲသားလေးဟာ အပျော်တွေနဲ့ လမ်းလျှောက်လာစဉ်မှာပဲ မိုးတွေက ချက်ချင်းရွာလာတယ်။ ဆင်းရဲသားလေးရဲ့လက်ထဲက ပေါင်မုန့်တွေဟာ မိုးထိပြီး ပျော့အိလာတော့တယ်။ မကြာခင်မှာပဲ ပျော်ကျတော့မှာပဲ အမေကြီးအတွက် မုန့်ကို ပါအောင်ယူမယ်လို့တွေးပြီး ဆင်းရဲသားလေးဟာ နီးစပ်ရာသစ်ပင်ကြီးအရိပ်မှာ ဝင်ခိုလှုံလိုက်တယ်။ ဆင်းရဲသားလေး မိုးဝင်ခိုတဲ့သစ်ပင်ကြီးရဲ့အောက်မှာ ခွေးမကြီးဟာ နွားသားရေအထုပ်တစ်ထုပ်ကို ကိုက်ဖဲ့နေတာတွေ့တယ်။ ပိန်လှီနေတဲ့ခွေးမကြီးကိုကြည့်တော့ အောက်မှာလည်း ခွေးသားပေါက်လေးတွေကို နို့တိုက်နေရပြန်တယ်။ သားပေါက်လေးတွေကို နို့တိုက်ပြီး အာဟာရပြတ်တောက်ပိန်လှီနေတဲ့ခွေးမကြီးဟာဆင်းရဲသားလေးကိုလည်းမြင်ရောအကြည့်တွေကဆင်းရဲသားလေးထံမှာပဲ ရှိတော့တယ်။ ဆင်းရဲသားလေးဟာ သနားကြင်နာစွာနဲ့ ခွေးမကြီးကို ကြည့်မိနေသလို ခွေးမကြီးဟာလည်း မျှော်လင့်ချက်များစွာနဲ့ ဆင်းရဲသားလေးကိုတစ်လှည့်၊ လက်ထဲကပေါင်မုန့်ချပ်လေးတွေကိုတစ်လှည့်ကြည့်နေရှာတယ်။

ဆင်းရဲသားလေးဟာမိမိလက်ထဲကမုန့်ကိုခွေးမကြီး စားချင်နေမှန်းသိလိုက်တော့ “ဒီမုန့်ဟာ ငါ့အမေကြီးအတွက်ဆိုတဲ့အတွေးနဲ့ လက်ကလေးဟာ ချက်ချင်းပဲနောက်ကွယ်ရောက်သွားတယ်”။ ဒါပေမယ့်လည်း ခွေးမကြီးဟာ ဖွဲမလျှော့ဘဲ အားကိုကြီးစွာနဲ့ မျှော်နေတယ်။ ဒီတစ်ခါတော့ ကြင်နာတတ်သော ဆင်းရဲသားလေးဟာ ခွေးမကြီးကို တအား သနားမိတယ်။ လက်ထဲက အရည်ပျော်ကျတော့မည့် မုန့်ချပ်တွေနဲ့ အရမ်းကျွေးချင်နေတဲ့ အမေကြီးရဲ့မျက်နှာကိုတစ်လှည့် တွေးမြင်ယောင်ပြီး တွေဝေနေတယ်။ ဆင်းရဲသားလေးဟာ အဲဒီအချိန်မှာ အမေကြီးမျက်နှာကို မြင်ယောင်မိတယ်။ တစ်ဆက်တည်းမှာပဲ အမေကြီးရဲ့ဆုံးမစကားသံတွေ နားထဲမှာ ပဲ့တင်ထပ်စွာနဲ့ ကြားယောင်မိလာတယ်။ “သားလေးရယ် လူဆိုတာ မိမိအကျိုးစီးပွားထက် သူတစ်ပါးအကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်ရတယ်။ ရိုးသားတဲ့အလုပ်တိုင်းဟာ အဆင့်ရှိပြီးသားပဲ။ စေတနာမှန်ရင် တူသော

အကျိုးပေးမြဲပါကွယ်”မိခင်ကြီးစကားကို ကြားယောင်ပြီး တာနဲ့ ဆင်းရဲသားလေးဟာ သူ့လက်ထဲကမုန့်တွေကို အောက်ကနေ မျှော်လင့်နေတဲ့ခွေးမကြီးကို ရက်ရော စွာနဲ့ ကျွေးလိုက်တယ်။ ဆင်းရဲသားလေးလည်း မိုးစဲတာ နဲ့ အိမ်ပြန်ပြေးတော့တာပေါ့။ ဆင်းရဲသားလေးတို့သား အမိဟာ လမ်းခုလတ်မှာပဲ တွေ့ကြတာပေါ့။ သားလေး ဟာ အမေကြီးအတွက် မုန့်တွေကို သားပေါက်လေးတွေ နဲ့ နို့တိုက်နေရတဲ့ ခွေးမကြီးကို ကျွေးလှူခဲ့ကြောင်း ပြော ပြတာပေါ့။ အဲ့ဒါကြောင့် အမေကြီးဟာလည်း ဖြူစင် မြင့်မြတ်သောသားလေးရဲ့လုပ်ရပ်ကြောင့် ဝမ်းသာအားရ နဲ့ သာဓု (၃)ကြိမ်ခေါ်ပေးသတဲ့။ အမွေခွဲတဲ့ကိစ္စမှာတော့ ဆင်းရဲသားလေးရဲ့မိခင်ဟာ တန်ဖိုးရှိတဲ့ရတနာတွေ ဘာမှ မရလိုက်ပဲ မြေအိုးတစ်လုံးသာ ရခဲ့ကြောင်း ပြောတာပေါ့။ အဲဒီအခါမှာ မိဘကျေးဇူးသိတတ်တဲ့သားလေးက “သား တို့ အခုပဲ မွန်မြတ်သောစေတနာနဲ့ အလှူကြီး လှူခဲ့ ပြီပဲ။ စေတနာမှန်လျှင် တူသောအကျိုး ပေးပါလိမ့်မယ် မေမေရယ်”လို့ ပြောပြီး သားအမိနှစ်ယောက် အိမ်ပြန် တာပေါ့။

သူဆင်းရဲသားအမိတွေ အိမ်ခြံဝနားရောက်တဲ့အခါ မှာ ဆင်းရဲသားလေး အစာကျွေးခဲ့တဲ့ ခွေးမကြီးဟာ သားပေါက်လေးတွေနဲ့အတူ နွားသားရေထုတ်ကြီးကို ကိုက်ချီပြီးနောက်က ပါလာခဲ့တယ်။ “မေမေ–ဒီခွေးမ ကြီးပေါ့၊ သားလေး ပေါင်မုန့်ကျွေးလှူခဲ့တာ၊ ဒီနွားသားရေ ထုတ်ကို ကိုက်ဖွဲ့နေတာကြာပြီ၊ အိမ်ရောက်နေပြီမို့ သား တို့ ဖွင့်ကြည့်ရအောင်”ပြောပြီး ဆင်းရဲသားလေးဟာ ခွေးမကြီးရှေ့မှာကျနေတဲ့ သားရေထုတ်ကို ဓားနဲ့ဖြတ်ပြီး ဖွင့်လိုက်တော့တာပေါ့။ အထဲမှာလည်း အထုပ်တစ်ထုပ် လိုဖြစ်နေတာမို့ ထပ်ဖွင့်လိုက်တဲ့အခါမှာတော့ ဆင်းရဲ သားလေးဟာ သိပ်ကို ပျော်ရွှင်သွားခဲ့ရတယ်။ အထုပ်ထဲ မှာပါလာတာက စိန်စီထားတဲ့ သေတ္တာတစ်လုံး ဖြစ်နေ လို့ပဲ။ ဝမ်းသာအားရ အမေကြီးကလည်း သေတ္တာကို ဖွင့် ကြည့်လိုက်တဲ့အခါမှာတော့ တန်ဖိုးမဖြတ်နိုင်တဲ့ရတနာ ပေါင်းများစွာနဲ့ စက္ကူပေစာလေးတစ်ရွက်ကို တွေ့ရတယ်။ ပေစာရွက်လေးကို ဖွင့်ဖတ်လိုက်တဲ့အခါ “ဤရတနာ များသည် ထိုက်သူစံမိသားစု၏ ဘိုးဘွားပိုင်အမွေပစ္စည်း များအဖြစ် ထားရှိပြီး ရိုးသားဖြောင့်မှန်သူသာလျှင် စံထိုက် သူဖြစ်ပါစေ...”ဆိုတဲ့ စာတန်းလေးကို တွေ့ရတာပေါ့။ ဆင်းရဲသားလေးက အဓိပ္ပာယ်ရှိသောမျက်လုံးများနှင့် မိခင်ကြီးကို ကြည့်လိုက်တဲ့အခါမှာ မိခင်ကြီးက “ဟုတ် ပါတယ်သားလေးရယ်...၊ စေတနာမှန်လို့ တူသောအကျိုး ပေးခဲ့ပြီပေါ့။ ရတနာသေတ္တာထဲက သစ္စာစကားလေး အတိုင်းပါပဲ အမေတို့ဟာ ရိုးသားဖြောင့်မှန်ခဲ့လို့သာ ထိုက်သူစံအမွေတွေကို စံထိုက်သူတွေ ဖြစ်ခဲ့ရတာပေါ့ ကွယ်...”လို့ ပြောခဲ့တယ်။ အဲ့ဒီအချိန်ကစပြီး ထိုက်သူစံ ရဲ့ အမွေတွေကို သားအမိနှစ်ယောက်က စံထိုက်သူဖြစ် ခဲ့ပြီး ဘဝဆုံးသည့်တိုင် အေးချမ်းသာယာစွာ နေနိုင်ခဲ့ တယ်ကွယ်။

(ကလေးတို့ရေ... ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ ကလေးတို့လည်း ကိုယ့်အကျိုးစီးပွားထက် သူတစ်ပါး အကျိုးစီးပွားကို ရှေးဦးစွာ ကူညီရမယ်နော်။ မကောင်းမှု ရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားပြီး ကောင်းသောအမွေကို စံထိုက်သူတွေ ဖြစ်ပါစေ...)

လရိပ်မေ(သာပေါင်း)

ဝက်ဝံနှင့် ဘဲ

မျိုးဇော်ထက်

ဟိုးရှေးရှေးတုန်းက ကစားစရာ အရုပ်နှစ်ရုပ် ရှိသတဲ့။ တစ်ရုပ်က ဝက်ဝံရုပ်လေးဖြစ်ပြီး တစ်ရုပ်ကတော့ ဘဲရုပ်လေးပါ။ အရုပ်ဆိုင်ထဲက အပေါ်ဆုံးစင်မှာ သူတို့နေကြတယ်။ သူတို့အဲဒီစင်ပေါ်ရောက်နေတာ တစ်နှစ်တောင်ရှိသွားပြီတဲ့။

ဒီလိုနေရတာကို သူတို့ မပျော်နိုင်ကြဘူး။ အဝယ်မခံရဘဲ နေရတာ တော်တော်ဆိုးတယ်နော်။ သူတို့ကိုယ်တွေပေါ်မှာ တစ်နေ့ထက်တစ်နေ့ ဖုန်တွေသာတက်လို့ လာပါတယ်။ နောက်ဆုံးမှာ ကောင်လေးတစ်ယောက်၊ ကောင်မလေးတစ်ယောက်ယောက်က သူတို့ကို ဝယ်သွားဖို့မျှော်လင့်ချက်ကို သူတို့ စွန့်ပစ်လိုက်ကြတယ်။

အမှားတစ်ခုကြောင့် ဘဲက ဝက်ဝံလို အသံထွက်ပြီး ဝက်ဝံအသံက ဘဲအသံလို တဂတ်ဂတ်မြည်နေတယ်။ ဒါက တော်တော်စိတ်ပျက်ဖို့ကောင်းပါတယ်။ ဝက်ဝံကသူ့ဗိုက်ကို ဖိလိုက်တိုင်း ဂတ်ဂတ်ဆိုတဲ့အသံကျယ်ကြီးမြည်တယ်။ ဘဲရဲ့ ဗိုက်ကိုဖိတော့ သူက ဂါးဂါးဆိုပြီးအသံမြည်တယ်။

ဆိုင်ရှင်က သူတို့ကို ရောင်းဖို့ ကြိုးစားပေမယ့် မရောင်းနိုင်ပါဘူး။ ဒါနဲ့ပဲ သူတို့ကို အမြင့်ဆုံးစင်ပေါ်မှာတင်ထားလိုက်ရတော့တယ်။

တစ်နေ့မှာ မိန်းကလေးငယ်တစ်ယောက်က သူ့အမေနဲ့အတူ ဆိုင်ထဲဝင်လာတယ်။ ဒီနေ့က သူ့ရဲ့ ခုနစ်နှစ်မြောက်မွေးနေ့ပါ။ သူ့မွေးနေ့အတွက် သူ့အဘွားပေးတဲ့မုန့်ဖိုးနဲ့ အရုပ်လာဝယ်တာဖြစ်ပါတယ်။

"ဝက်ဝံရုပ်တစ်ခုရယ်၊ ဘဲရုပ်တစ်ရုပ်ရယ် သမီးလိုချင်တယ်"လို့ပြောပြီး စင်ပေါ်ကို လက်ညှိုးထိုးပြတယ်။ "ဟိုမှာ အဲဒီအရုပ်နှစ်ခု၊ သမီးလိုချင်တဲ့အရွယ်ပဲ"

ဆိုင်ရှင်က စင်ပေါ်ကနေ အရုပ်နှစ်ခုကို လှမ်းယူလိုက်တော့ ဒီလိုလုလုပပ ကလေးမလေးဆီ သူတို့ကို ရောင်းတော့မယ်ဆိုပြီး အရုပ်နှစ်ရုပ်က သိပ်ပျော်နေကြတယ်။

"သူတို့ အသံထွက်ကြလား"လို့ ကလေးမလေးက မေးတယ်။

"ထွက်တာပေါ့"ဆိုင်ရှင်က ဆက်ပြောတယ်။ "နည်းနည်းတော့ ရယ်ဖို့ကောင်းတယ်။ ဝက်ဝံက ဘဲလို တဂတ်ဂတ်အော်ပြီး ဘဲက တစ်ဂါးဂါးနဲ့ အော်တယ် မှားသွားတာကိုပြန်ပြင်လို့မရဘူးဖြစ်နေတယ်။

ကလေးမလေးက ဝက်ဝံဗိုက်ကို ဖိလိုက်တော့ ဝက်ဝံက တဂတ်ဂတ်နဲ့ အကျယ်ကြီးမြည်ပြီး ဘဲဗိုက်ကို ဖိတဲ့အခါ ဂါးဂါးဆိုပြီး မြည်သတဲ့"

"အိုး...သနားစရာလေးတွေ" ကလေးမလေးက စိတ်ပျက်စွာနဲ့ ပြောလိုက်တယ်။ "ဖြစ်မှဖြစ်ရလေ... တဂတ်ဂတ်နဲ့ ဝက်ဝံကို ကျွန်မ မကြိုက်ဘူးရှင့်။ မှားနေတယ်။ ဝမ်းနည်းဝမိပါတယ်ရှင်။ သူတို့ကို ကျွန်မ မကြိုက်ဘူး"

ဝက်ဝံနှင့်ဘဲတို့ငိုသွားနိုင်လောက်တယ်။ ကလေးမလေးက သူတို့ကို တစ်ခါ ထပ်ကြည့်တယ်။ ကလေးမလေး စိတ်မကောင်းဖြစ်သွားလောက်အောင် သူတို့ကဝမ်းနည်းနေပုံ ပေါ်နေကြတယ်။

"အသံအမှန်ထွက်တဲ့ ဝက်ဝံနဲ့ဘဲ ရှာကြည့်လိုက်ပါဦးမယ်။ မရရင်တော့ သူတို့ကို ပြန်လာဝယ်မယ်နော်"

"ကောင်းပါပြီ"ဆိုင်ရှင်က ကလေးမလေးကို နှုတ်ဆက်ပြီး အရုပ်တွေကို စင်ပေါ် ပြန်တင်လိုက်တယ်။ကလေးမလေးက သူ့အမေလက်ကိုဆွဲပြီးဆိုင်ထဲကနေထွက်သွားတာကို ဝမ်းနည်းစွာနဲ့ သူတို့ ကြည့်နေကြတယ်။ သူတို့ တော်တော် စိတ်ဆင်းရဲသွားကြတယ်။

အဲဒီညမှာ ဝက်ဝံက ဘဲကို ပြောသတဲ့။ "ဂတ် ဂတ်ဘဲရေ။ ငါပြောတာနားထောင်ပါ။ တို့ကိုယ်တို့ ကူညီဖို့ လုပ်ရမယ့် အချိန်ရောက်ပြီကွ"

"ဂါး ဂါး ငါလည်း သဘောတူပါတယ်၊ တို့ ဘယ်လို လုပ်ကြမလဲ"

ဝက်ဝံက နက်နက်နဲနဲတွေးပြီးပြောတယ်။ "တောင်ကုန်းပေါ်က ပညာရှိမိန်းမပျိုလေးဆီကို သွားကြမယ်ကွာ။ သူ့ဆီက အကူအညီတောင်းရင် ငါတို့ကို တစ်ခုခုတော့လုပ်ပေးနိုင်မှာပါ"

"ဂါး ငါ့အတွက်လည်း သိပ်ကောင်းမှာပါ"

ဝက်ဝံက နက်နက်နဲနဲတွေးပြီး ဘဲက နောက်မှ လိုက်ကာ ပြတင်းပေါက်အောက်ပိုင်းမှ ပွင့်နေသောနေရာလေးသို့ သွားကြသည်။ အပြင်သို့ခုန်ထွက်ကြကာ စိုစွတ်နေသောမြက်ခင်းပေါ် ဖြတ်သွားကြသည်။ ဘဲက တစ်လှမ်းချင်း လျှောက်နေလို့ သူတို့ သိပ်မြန်မြန်မသွားနိုင်ကြပါဘူး။

နောက်ဆုံးမှာ ပညာရှိမိန်းမပျိုလေးနေတဲ့ ကုန်းထိပ်ကို ရောက်လာကြတယ်။ သူ့အိမ်လေးက ကုန်းထိပ်ပေါ်မှာရှိပြီး မီးတွေ ထိန်ထိန်လင်းနေတာကို အရုပ်နှစ်ရုပ်လှမ်းတွေ့ရတယ်။

"ဒီည သူ ပါတီလုပ်နေတာဖြစ်မယ်" ဘဲကပြောတယ်။ သူမလုပ်ဖို့ ငါ မျှော်လင့်တယ်"

ဒါပေမဲ့ မိန်းမပျိုလေးက ပါတီပွဲကျင်းပနေပါတယ်။အရုပ်နှစ်ရုပ်အိမ်လေးနားရောက်ချိန်မှာ ဧည့်သည်တွေက စပြန်ကြတယ်။ ထွက်သွားတာက မှော်ဆရာမခြေထောက်ကြီး ဒိမ်းက သူ့တံမြက်စည်းတံကြီးစီးလို့ သူ့နောက်မှာ သူ့ကြောင်က ပါသွားတယ်။ နောက် မစ္စက်တွင်ကယ်ဆိုတဲ့ ဝတုတ်မကြီး။ သူက တစ်နေ့လုံး ပူဖောင်းတွေရောင်းပြီး တစ်ညလုံး ကျိန်ဆဲတဲ့သူ။ သူ့နောက်က မစ္စတာပေါ့ကာမန်း။ သူကမီးဆွတံလို ပိန်ပြီးရှည်တဲ့သူ။နောက်ဆုံးကရိုးအရောင်းပေါ့။သူကတောင်ကုန်းအောက်ကို လမ်းမလျှောက်ဘဲ ဘောလုံးကို လှိမ့်ဆင်းသွားလေရဲ့။

"သူတို့သွားတော့မှာပါ။ အိမ်ထဲမှာ လူရှင်းတဲ့ထိတို့ စောင့်ကြမယ်"ဘဲက ဝက်ဝံကို တိုးတိုးလေးပြောတယ်။

အားလုံး နှုတ်ဆက်စကားပြောပြီးချိန်အထိ ထောင့်တစ်ထောင့်မှာ သူတို့ စောင့်နေကြတယ်။ ပြီးတော့ သူတို့ထွက်လာကြတယ်။ ပြတင်းပေါက်ကနေ ချောင်းကြည့်လိုက်တော့ သူတို့ အံ့သြသွားကြတယ်။ ပညာရှိမိန်းမပျိုလေးက ရှိုက်ကြီးတငင်နဲ့ ငိုနေတာ တွေ့ရတာကိုး။

"အိုး... ခေါင်းကိုက်လိုက်တာ၊ စားသောက်ထားတာတွေ ရှင်းရဦးမှာ၊ အများကြီးပဲ၊ အိပ်ရာမဝင်ခင် လုပ်ရမှာပါလား"

ဘဲနဲ့ ဝက်ဝံက မိန်းမပျိုလေးငိုနေတာကိုကြည့်ပြီး တံခါးပေါက်ကနေဝင်ပြီး စကားသွားပြောကြတယ်။

"သိမ်းစရာရှိတာတွေ ကျွန်တော်တို့ သိမ်းလိုက်ပါ့မယ်။ ဆေးစရာတွေလည်း ဆေးပေးပါ့မယ်။ ဘဲက ခင်ဗျားကို အိပ်ရာဆီပို့ပေးပြီး လက်ဖက်ရည်ပူပူတစ်ခွက်နဲ့ ရေနွေးပုလင်းတစ်လုံး ပေးပါ့မယ်။ တံမြက်စည်းလှည်းပြီး အားလုံး ဆေးကြောသန့်စင်ပေးပါ့မယ်"လို့ ဝက်ဝံကပြောလိုက်တယ်။

ပညာရှိမိန်းမပျိုလေးက အံ့သြလွန်းပြီး ဘာပြောရမှန်းတောင် မသိတော့ဘူး။ နောက်ဆုံးမှာ သူက ပြောလိုက်တယ်။ "မင်းတို့က အရုပ်ဆိုင်ကပဲ။ ဒီလို ညဖက်ကြီးမှာ ဘာကြောင့်ရောက်လာရတာလဲ"

"စိတ်မရှိပါနဲ့" ဒီအချိန်မှာ သူတို့ ဒုက္ခကို မပြောဖို့ တွေးပြီး ဝက်ဝံက ပြောတယ်။ "ခင်ဗျား အိပ်ရာဝင်လိုက်ပါ။ ကျန်တာတွေ ကျွန်တော်တို့ တာဝန်ထားပါ"

"ဂါး..."ဘဲက ပညာရှိန်မိန်းကလေး သိပ်အံ့သြသွားအောင် ကြင်နာစွာနဲ့ ပြောလိုက်တယ်။

"ဂတ်"ဝက်ဝံပြောလိုက်တော့ မိန်းကလေးက ပိုအံ့သြသွားတယ်။ ပြီးတော့ သူ့မိတ်ဆွေ အရုပ်ဆိုင်ရှင်အမျိုးသမီးပြောပြတဲ့ "ဂတ် ဂတ်"မြည်တဲ့ဝက်ဝံ "ဂါးဂါး"အော်တဲ့ဘဲအကြောင်း သတိရသွားတယ်။ သူတို့နှစ်ဦးက ဒုက္ခရောက်နေတဲ့ဘဲနဲ့ဝက်ဝံပဲဆိုတာလည်း တွေးမိသွားတယ်။ သူ ဖျားနာပြီး လုပ်စရာတွေ များနေချိန်မှာလာတွေ့တဲ့ သူတို့က ဘယ်လောက်စိတ်ထား ကောင်းလိုက်ကြသလဲ။

ဘဲက သူ့ကို အိပ်ရာဆီတွဲပို့ပြီး အဝတ်လဲဖို့ ကူညီပေးတယ်။ နောက်တော့ အိပ်ရာထဲပို့ပြီး လက်ဖက်ရည်ပူပူနဲ့ ရေနွေးတစ်ပုလင်းပေးရာတယ်။ ပြီးတော့ မီးမှိတ်ပြီးသူ အိပ်ပျော်သွားဖို့ထားခဲ့တယ်။ ဘဲက အခု သူ့ဒုက္ခအတွက် ပညာရှိမိန်းမပျိုကို ဒုက္ခမပေးဘူး။

ဝက်ဝံကလည်း အလုပ်သိပ်ရှုပ်နေတယ်။ သူက ညစ်ပေနေတဲ့ ပန်းကန်တွေနဲ့ စားပွဲကို ဆေးကြောပြီး ကြမ်းပြင်ပေါ်ကို တံမြက်စည်းလှဲတယ်။ ကိတ်မုန့်တွေကို သူ ဘူးထဲသူ ပြန်ထည့် ဘီစကစ်တွေကို သူ့ဘူးနဲ့ သူပြန်ထည့်။ အဖုံးဖုံး၊ သေချာဖုံးနဲ့ ရှုပ်နေတာပဲ။ သိပ်ဆာနေပေမယ့် ဘီစကစ်တစ်ချပ် ယူစားဖို့ အိပ်မက်တောင်မမက်ဘူး။ ဒါမှားတယ်ဆိုတာ သူသိတယ်။ သူက သိပ်လိမ္မာတဲ့ဝက်ဝံလေးလေ။

သူ့အလုပ်ပြီးကာစမှာ ဘဲကအိပ်ခန်းထဲကနေ ကားတားကားတားနဲ့ ထွက်လာတယ်။

"သူအိပ်တော့မယ်၊ တို့သွားတာကောင်းမယ်"သူက တိုးတိုးလေးပြောတယ်။

"ကျွန်မ မအိပ်သေးပါဘူး"လို့ မိန်းကလေးက အိပ်ချင်မူးတူးသံနဲ့ ပြောတယ်။ "ရှင်တို့မသွားခင် မီးဖိုခန်းထဲက ကြောင်အိမ်အံဆွဲထဲမှာကြည့်ပါ။အဲဒီမှာဆေးလုံးသေတ္တာလေးနှစ်ခု ရှိပါတယ်။ ဝက်ဝံက အဝါရောင်ဆေးလုံး၊ ဘဲက အပြာရောင်တစ်လုံးယူပါ။ ဒီည ကျွန်မဆီကို လာတဲ့အတွက် ရှင်တို့ ဝမ်းမနည်းစေရပါဘူး။

"ကျေးဇူးတင်ပါတယ်" ဝက်ဝံ ကတုန်ကယင်နဲ့ ပြောတယ်။မိန်းမပျိုလေးမှာ အစွမ်းထက်တဲ့ဂါထာတွေရှိတာ သူသိတယ်။ မိန်းမပျိုပေးတဲ့ဆေးတွေ သောက်လိုက်ရင်သူရောဘဲပါ ထူးထူးခြားခြားတွေဖြစ်လာမှာ သူတွေးမိတယ်။ သူက အဝါရောင်ဆေးလုံးယူတယ်။ ဘဲက အပြာရောင်ဆေးလုံးယူပြီးမီးဖိုအံဆွဲကိုဖြည်းဖြည်းလေးပိတ်လိုက်ကြတယ်။မိန်းမပျိုကိုနှုတ်ဆက်ပြီး အပြင်ဘက်အမှောင်ထဲကို ထွက်လာခဲ့ကြတယ်။

အရုပ်ဆိုင်ပြန်ရောက်တော့ သူတို့ သိပ် ပင်ပန်းနေကြပြီ။ စင်ပေါ်ကို ဦးတင်ကြပြီး ဆိုင်နံရံကို မှီလိုက်တာနဲ့တစ်ပြိုင်နက် အိပ်ပျော်သွားကြတယ်။ ဆိုင်ထဲကို နေရောင်ထိုးလာတာတောင် သူတို့ မနိုးကြသေးဘူး။ ဆိုင်တံခါး ခေါင်းလောင်းသံမြည်တော့မှ လန့်နိုးပြီး ခုန်ထမိကြတယ်။ မနေ့တုန်းကလာခဲ့တဲ့မိန်းကလေးကို သူတို့တွေ့ကြတယ်။ မိန်းကလေးက သူတို့စင်ကိုမော့ကြည့်ပြီးလက်ညှိုးထိုးတယ်။

"ဝက်ဝံနှင့်ဘဲကိုကျွန်မထပ်ကြည့်လို့ရမလား"သူကမေးလိုက်တယ်။ "မနေ့က သူတို့လို အဆင်ပြေတဲ့အရွယ်အစားကျွန်မ မတွေ့ခဲ့ဘူး၊ ဒါကြောင့် သူတို့ကို ထပ်ကြည့်ဖို့ လာတာပါ"

ဆိုင်ရှင်က သူတို့က အောက်ချလိုက်တယ်။ မိန်းကလေးက သူတို့ကို ကြည့်တယ်။

"သနားစရာဘဲလေးက ဟိန်းပြီး ဝက်ဝံက တဂတ်ဂတ်ဖြစ်နေတယ်။ သူတို့က ချစ်စရာအရုပ်တွေပါ"

သူက ဘဲဗိုက်ကိုနှိပ်လိုက်တော့ အခန်းထဲရှိသူအားလုံး အံ့သြသွားရအောင် ဘဲက "ဂတ်"လို့မြည်လိုက်တယ်။ ဝက်ဝံကို ဖိလိုက်တော့လည်း အားလုံး ပျော်ရွှင်သွားလောက်အောင် ဝက်ဝံက "ဂါး"လို့ အော်လိုက်တယ်။

"သိပ်ပျော်ဖို့ကောင်းတာပဲ၊မနေ့တုန်းက သူတို့ကပြောင်းပြန်အော်နေခဲ့ကြတာလေ၊ ရှင်လုပ်လိုက်တာလား"မိန်းကလေးက ဆိုင်ရှင်ကို မေးတယ်။

"မလုပ်ပါဘူး ကလေးရယ်၊ မနေ့က သမီး ပြန်သွားကတည်းက သူတို့ကိုစင်ပေါ်မှာပဲတင်ထားခဲ့တာ။ဘယ်လိုဖြစ်သွားလဲဆိုတာ တွေးတောင်မတွေးတတ်ပါဘူး"

မိန်းကလေးက သူတို့ ဗိုက်တွေကို ထပ်ဖိလိုက်တော့ဝက်ဝံကဂါးဂါးဘဲကဂတ်ဂတ်နဲ့သူတို့နှစ်ဦးလုံးကျေနပ်ကြတယ်။ ဒါဟာ ပညာရှိမိန်းမပျိုလေး ပေးလိုက်တဲ့ဆေးလုံးကိုသောက်ပြီး သူတို့အသံတွေ ပုံမှန်ပြန်ဖြစ်သွားတာက တော်တော်ချစ်စရာကောင်းတာပဲ။

"ကောင်းပါပြီရှင်။ အခု သူတို့ကို ကျွန်မ ဝယ်ပါ့မယ်" မိန်းကလေးငယ်ကပြောတယ်။"သူတို့နဲ့ပတ်သက်ပြီးမှားတာဘာမှမရှိပါဘူး။သူတို့ကကျွန်မလိုချင်တာနဲ့ကွက်တိပဲ။ဝက်ဝံက ချစ်ဖို့ကောင်းပြီး ဘဲက ခင်စရာကောင်းတယ်လို့ကျွန်မမြင်တယ်။ သူတို့ကို ကျွန်မသိပ်ချစ်မှာပါ"

ဒါကို ကြားတော့ အရုပ်နှစ်ရုပ်က သိပ်ကျေနပ်ကြတယ်။ သူတို့ကလည်း မိန်းကလေးကိုချစ်ကြဖို့ ကတိပြုကြတယ်။ အရုပ်ဆိုင်ရှင်က သူတို့ကို စက္ကူပုံးထဲထည့်တော့ ဘေးမှာစက္ကူတွေခံပြီး သူတို့ကို ပေါင်းပြီး ကြိုးနဲ့စည်းပေးတယ်။ သူတို့နှစ်ဦးက တင်းတက်ဖက် ထားကြတယ်။ ဘယ်လောက်တင်းသလဲဆို ဘဲက ဂတ်ဂတ်မြည်ပြီး ဝက်ဝံကလည်း ဂါးဂါးနဲ့အသံမြည်သွားတယ်။

"နားထောင်ကြည့်ပါဦး"သူတို့ကကျွန်မနဲ့အိမ်ကိုလိုက်ရမှာ ပျော်နေကြတယ်။ မိန်းကလေးက ပြောလိုက်တယ်။

မိန်းကလေးအိမ်ရောက်တော့ ဘဲက အရုပ်ဘီဒိုထဲမှာနေရတယ်။ ဝက်ဝံက အိန်ဂျလီနာအရုပ်နားမှာ နေရတယ်။ မိန်းကလေးက သူတို့နဲ့ကစားတိုင်း သူတို့ရဲ့ ဂတ်ဂတ်၊ ဂါးဂါး ဆိုတဲ့အသံတွေ အကျယ်ဆုံးပါပဲတဲ့။

မျိုးဇော်ထက်

သရုပ်ဖော်..
CARTOONIST.
ရန်ကိုရန်ချင်း
မတုံ့လှန်နဲ့....

ကလေးတို့ရေ.. ရန်ကိုရန်ချင်း မတုံ့လျှင်း နှင့်.. လို့ဆိုတဲ့ မြန်မာ ဆိုရိုးစကားရှိတယ်...
သူတစ်ပါးက.. မိမိအား ရန်ပြုလာသော် <လုံး၀> ပြန်၍ ရန်မပြုပါနှင့်..ဆိုတဲ့အဓိပ္ပါယ်ပါ...


သူတစ်ပါးတို့အား ရန်လိုခြင်း.. မျက်မာန်ရှ၍.. အမုန်းထားခြင်းကို မပြုအပ်ကုန်..တဲ့...
ရန်ကိုရန်ချင်း မတုံ့လျှင်းနှင့် ဆိုတဲ့ စကားအတိုင်း တစ်ဦးက ဒေါသထွက်တဲ့အခါ.. တစ်ဦးက ပြန်လျှော့ပြီး မျက်မာန်ဒေါသ ထားရင် ဘယ်သောအခါမှ..မပြီးဆုံး နိုင်ဘူး တဲ့....
ဒီမယ်.. ဗလအားကိုးနဲ့ အနိုင်ကျင့်တယ်.. နောင်ဘဝကျရင် လက်စားပြန်ချေမယ်... မကျေဘူး ကွ...


ဟိုး.. ရှေးအခါက.. သူဌေး သူကြွယ်မကြီး တစ်ယောက်ဟာ.. အရွယ်ရောက်လာတဲ့ တစ်ဦးတည်းသော သားကို သင့်လျော်တဲ့.. သမီးပျို တစ်ဦးနဲ့ လက်ထပ်ထိမ်းမြား ပေးပါသတဲ့...
ဒါပေမဲ့... သူကြွယ်မကြီးရဲ့ ချွေးမမှာ... သားသမီးမထွန်းကားလို့ စိတ် သောက.. ရောက်ရသတဲ့...
ငါကဖြင့် မြေး ချီချင်နေတာ.. အခုတော့ စိတ်ညစ်ရပြီ...
ဒါနဲ့.. သူ့သားကို တခြားမိန်းမငယ် တစ်ဦးနဲ့လက်ဆက် စေပြန်သတဲ့...

ပထမ ဇနီးကြီးဟာ.. နောက် ဇနီးငယ်မှာ သားသမီးထွန်းကားမှာ စိုးရိမ်လာတယ်...
အင်း.. သူသာ ကလေးမွေးရင် ငါ့ယောကျ်ားက သူ့ကို ပိုချစ်မှာ...
ဒီလိုနဲ့ ဇနီးကြီးဟာ.. ဇနီးငယ်ကို သားသမီးမထွန်းကားစေဖို့ နွယ်း အမျိုးမျိုးနဲ့ ပဋိသန္ဓေပျက်စီးအောင် အကြိမ်ကြိမ် လုပ်သတဲ့။။
ညီမလေး အားဖြစ်အောင် ဒါလေးစားနော်.. ဟဲ.. ဟဲ...


ကြာတော့.. ဇနီးမယားဟာ.. သန္ဓေ ခဏခဏပျက်ကျပြီး.. သေဆုံးရ ရှာတာပေါ့...
အို... နှမယေ မောင်တော့်ကို သေကွဲ ခွဲသွားရက်တယ်ကွယ်..
ဇနီးမယားဟာ.. မသေခင်.. ဖြစ်လေရာ ဘဝတိုင်း ဇနီးကြီးကို လက်စား ချေလိုပါ၏လို့ ဆုတောင်းခဲ့ရှာ...
ဒီလိုနဲ့ ကြက်နဲ့ ကြောင် ဘဝ ရောက်တဲ့ အခါ...
ဒါ.. ငါ့ကို လူ့ဘဝတုန်းက ကလေးမရအောင် လုပ်ခဲ့တဲ့ ကြက်မပဲ.. သင်းကိုလက်စားချေရမယ်..


ကြက်မက..အပြီး မွေးသမျှ.. ကြက်ကလေးတွေကို ကြောင်မက စားပစ်သတဲ့...
ငါ့ကလေးတွေကို ခိုးစားတဲ့ ကြောင်မ နောင်ဘဝကျရင် လက်စား ချေ ပစ်မယ်..
ကျားနဲ့သမင်ဘဝ..ရောက် တော့လည်း...
ငါ့..ကြက်မဘဝက..ငါ့ကလေးတွေကို စားသွားတဲ့..ကြောင်မ တစ်ဖြစ်လဲ သမင်မ မွေးသမျှ..ကလေးတွေကို စားပစ်မယ်...

နောက်ဆုံး.. လူနဲ့ဘီလူးမ ဘဝ ရောက်တော့လည်း.. လူမွေးသမျှ.. သားသမီးတွေကို ကလဲ့စားချေပြီး စားပြန်ရောတဲ့...
ဒီလိုနဲ့ ကျင်လည်ခဲ့သမျှ ဘဝများစွာမှာ.. အပြန်အလှန် ရန်ငြိုးထားပြီး သူနိုင်သူစား.. ငါနိုင်ငါစားနဲ့ တစ်ဦးနဲ့ တစ်ဦး ရန်ပွားခဲ့ကြသတဲ့...
မြတ်စွာဘုရားရှင် လက်ထက် ထိုမိန်းမနှစ်ဦးနဲ့ တွေ့တော့...

သင်တို့သည်.. ငါဘုရားရှေ့မှောက်သို့ ရောက်မလာခဲ့လျှင်...
မြွေနှင့် မြွေပါ...
ဝံနှင့်ကြို့ပင်စောင့်နတ်...



★ ကလေးတို့လည်း.. ရန်ပြုလာသူရှိရင်.. သည်းခံစိတ်နဲ့ ရန်တုံ့ မပြန်ဘဲ.. ငြိမ်းချမ်းခြင်းကို ရယူကြနော်...

• ခုဒ္ဒကနိကာယ်၊ ဓမ္မပဒ၊ ယမကဝဂ်၊ ၄-ကာဠီယက္ခိနီဝတ္ထု။

ချစ်ခြင်းဖြင့် လွှမ်းစေသော

ဥန်းချိုသံသာ



မြန်မာသက္ကရာဇ် ၁၈၇ ခုနှစ်မှာ ဟံသာဝတီပြည်ကြီးဟာ ဘုန်းမီးနေလတောက်ပလို့ စည်ပင်ထွန်းကားခဲ့ဖူးတယ်။ အခု "ကမ္ဘောဇသာဒီ"ရွှေနန်းတော်ကြီးကို အမှတ်တရတည်ဆောက်ပြီး ဂုဏ်ယူဝင့်ကြွားနေကြရတဲ့ ပဲခူးမြို့ကြီးဟာ တစ်ချိန်က ဟံသာဝတီနန်းမြို့တော်ကြီး ဖြစ်ခဲ့တယ်ဆိုကိုး။ "သမလမင်းကြီး"က ထီးနန်းအရိုက်အရာ ဆက်ခံစိုးစံနေပြီး ညီတော် "ဝိမလမင်းသား"ကို အိမ်ရှေ့စံအဖြစ် လျာထားစံစားစေခဲ့သတဲ့။

"ညီတော်...၊ တို့ညီနောင်နှစ်ပါးမှာ တစ်ပါးသော သွေးသားဆိုတာလည်း မရှိဘူး။ ဒီထီးနန်းအရိုက်အရာဟာ ညီတော်အတွက်ပဲ။ နို့ပေတဲ့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရတဲ့အလုပ်ဆိုတာဟာ မလွယ်ကူဘူး။ မင်းကျင့်တရားနဲ့အညီ ကျင့်ကြံနိုင်မှ မြို့ပြပြည်ရွာ အေးချမ်းသာယာ ဖွံ့ဖြိုးမယ်။ အဲဒီတော့ အသက်အရွယ်ငယ်တုန်း တက္ကသီလာမှာ ပညာသင်ကြားချေဦး"

"ကောင်းလှပါပြီ နောင်တော်ဘုရား"

ဝိမလမင်းသားကလေးကို တက္ကသိုလ်ပြည်မှာ ပညာသင်ဖို့ စေလွှတ်လိုက်ပေမဲ့ ညီတော်ကို ချစ်ရှာလွန်းလို့ သူ့တိုင်းပြည့်ရဲ့ နယ်ခြားကျောက်တိုင်အထိ ကိုယ်တိုင်လိုက်ပို့ ပေးခဲ့သတဲ့။ ခရီးကအပြန်လမ်းမှာ တောင်သူယာလုပ်များရဲ့ ဘူး၊ ဖရုံ၊ သခွား၊ ပဲ စတဲ့ စိုက်ခင်းပျိုးခင်းများကိုဖြတ်ပြီး ကျေးလက်ရဲ့ အေးချမ်းသာယာမှုအလှကို ခံစားရင်း ပြန်လာခဲ့သတဲ့။

"မဲအိုးလောင်း"လို့ခေါ်တဲ့ တောင်သူကြီးအဘိုးသန်မှာ သမီးကလေး "မယ်ညို"ဆိုတာရှိတယ်။ ရုပ်ရည်ကလေးက ပြေပြစ်လှပသလို မျက်လုံးကလေးတွေက သိပ်လှဆိုပဲ။ ကိုယ်လုံးကိုယ်ပေါက်ကလေးကလည်း တောင့်တောင်တင်းတင်း သန်သန်မာမာ။ အဲ...ဒါပေတဲ့ အသားက အတော်ပဲ ညိုတယ်ဆိုတာကိုး။ အဲဒါကြောင့် အများက သူ့ကို "ကွဲ့မ"လို့ ချစ်စနိုးခေါ်ကြသတဲ့။ ကွဲ့မကလေးဟာ အသက် ၁၈ နှစ်ကျော်လို့ အပျိုကြီးဖားဖားဖြစ်နေပြီ။ ဒါတောင်ကလေးလေးလိုပဲ ဆော့တုန်း၊ ကစားတုန်း။ အဘိုးသန်ရဲ့ ကိုယ်စားတောင်ယာအလုပ်တွေကို အားကောင်းမောင်းသန်လုပ်ကိုင်နေပေသော်မှ ကလေးစိတ်က မကုန်ချင်သေးဘဲ ဆော့ချင်ကစားချင်တုန်းတဲ့။

ဘုရင်ကြီးနဲ့ သူ့ရဲ့ စစ်သည်တော်တွေ လာနေပြီ

ဆိုတဲ့ သတင်းကို ကျွဲမကြားတော့ ကြောက်လိုက်တာတဲ့။ ဘုရင်ဆိုတာ မမြင်ဖူးကြပေမဲ့ သက်ဦးဆံပိုင်မဟုတ်လား။ ကြောက်တတ်လိုက်တာများ ဒူးတွေတောင် တဆတ်ဆတ်တုန်လို့...တဲ့။ ကြံရာမရတဲ့အဆုံး သူတို့တောင်ယာထဲက ရွှေဖရုံသီးကြီးကို ထက်ခြမ်းခွဲပြီး ဝင်ပုန်းနေလိုက်ပါရောဗျ။ ဘုရင်ကြီးနဲ့ သူ့ရဲ့ မင်းချင်းတွေ ရောက်လာကြတဲ့အခါ ထူးထူးခြားခြားကြီးလှတဲ့ ရွှေဖရုံသီးကြီးကို မျက်စိစူးသွားကြပြီး ဝိုင်းဝန်းကြည့်ကြရှုကြတဲ့အခါ "ကျွဲမ"ကို တွေ့သွားကြပါလေရောဗျ။ ချစ်စရာကောင်းတဲ့ "ကျွဲမ"ရဲ့ ဟန်ပန်အမူအရာတွေကို မြတ်နိုးသွားတဲ့ဘုရင်ကြီးက "ကျွဲမ"ကို မိဖုရားအဖြစ် ကောက်ယူတော်မူလိုက်သတဲ့။ ရွှေဖရုံသီးကြီးထဲကို ဝင်ပုန်းနေတဲ့အတွက် ရွှေဖရုံမယ်လို့ အမိဟ္ဂယ်ရတဲ့ "ကပိထော်"ဘွဲ့နဲ့ ချီးမြှင့်မြှောက်စားခဲ့တယ်။ (တစ်ချို့မွန်ရာဇဝင်တွေထဲမှာတော့ "ထော်ပွိမန်ဖွိုင်း"လို့ တွေ့ရပါတယ်။ "ရွှေဖရုံပွင့်"လို့ မြန်မာဘာသာပြန်နိုင်တဲ့အတွက် ရွှေဖရုံပွင့်ကြီးထဲကို ဝင်ပုန်းနေခဲ့တယ်လို့လည်း ဆိုနိုင်ပါပေရဲ့။)

သမလမင်းကြီးနဲ့ ရွှေဖရုံမယ်တို့ဟာ သားတော်ကလေးတစ်ပါး ဖွားမြင်လာခဲ့တယ်။ ဘုရင်ကြီးဟာ သားတော်လေးကို ချစ်လွန်လွန်းလို့တဲ့ ချက်ချင်းပဲ အိမ်ရှေ့စံအရာ အပ်နှင်းကြောင်း တိုင်းပြည်အဝှမ်းကို ကြေညာလိုက်သတဲ့။

ဝိမလမင်းသားကို အိမ်ရှေ့အရာပေးထားပြီးဖြစ်ပါလျက်နဲ့ သားတော်ကို အိမ်ရှေ့စံအဖြစ်ပြောင်းလဲပေးပြန်တဲ့အတွက် "ကတိသစ္စာမတည်သောမင်း"အဖြစ် မှူးမတ်တွေက မကြည်ဖြူကြဘူး။ ဝိမလမင်းသားကို တိတ်တဆိတ် ဆက်သွယ်သတင်းပို့ပြီး နန်းတွင်းနန်းပြင် ပုန်ကန်ခြားနားကြတဲ့အခါမှာ သမလမင်းကြီး နန်းကျသွားတယ်။ စစ်ပွဲမှာပဲ နတ်ရွာစံရရှာသတဲ့။

စိတ်ထားနူးညံ့တဲ့ ညီတော်ဝိမလမင်းသားဟာ ထီးနန်းကို သိမ်းပိုက်လိုက်ပေမဲ့ နန်းကျမိဖုရားကြီးကို မသတ်ခဲ့ဘဲ ကောင်းမွန်စွာ စောင့်ရှောက်ထားခဲ့သတဲ့။ ဒါပေမဲ့ သူ့ထီးနန်းစည်းစိမ်ကို တစ်ချိန်ချိန်မှာ ရန်ရှာပြီး အန္တရာယ်ပေးလာနိုင်တဲ့ သားတော်ကလေးကိုတော့ဖြင့် ဟိုး... တိုင်းပြည်ဖျားဆီ သွားရောက်စွန့်ပစ်ရမယ်လို့ ပြောသတဲ့။

မိဖုရားကြီးဟာ သူ့ရဲ့ လူယုံလူရင်းအထိန်းတော်ကြီးရဲ့ လက်ထဲကို သားတော်ကလေးကိုထည့်၊ "သားတော်ကလေး ဘေးကင်းရန်ကွာ ကြီးပြင်းအရွယ်ရောက်လာနိုင်မယ့်အရပ်မှာ စွန့်ပစ်ခဲ့"ဖို့မှာပြီး မျက်နှာလွှဲတော်မူရှာတယ်။ အထိန်းတော်ကြီးက သားကလေးကို ဟံသာဝတီ (ပဲခူး)နဲ့ သုဓမ္မဝတီ(သထုံ)နယ်ခြား "ကွမ်အပ်သာ" ဆိုတဲ့ တောကြီးရဲ့အစပ်မှာ စွန့်ပစ်ခဲ့ပြီး တိတ်တဆိတ်စောင့်ကြည့်နေခဲ့သတဲ့။ "ကွမ်အပ်သာ"ဆိုတာ နယ်ခြားလို့ အမိဟ္ဂယ်ရပြီး အခုခေတ် ကျိုက်ထိုမုပ္ပလင်တို့ဖြစ်နေတဲ့ စစ်တောင်းမြစ်ဘေးက ရောမတောင်ကြီးသေလာပေါ့။

တောအစပ်က ရွာကလေးတစ်ရွာမှာ ကျွဲတွေမွေးပြီး လယ်ယာလုပ်ကိုင်အသက်မွေးရတဲ့ မွန်ကရင်အဘွားအို "မိနံကရိုင်း"ဆိုတာ ရှိတယ်။ ကျွဲကျောင်းထွက်လာရင်းနဲ့ ကျွဲမကြီး "မိနက်"က ပေကပ်ကပ်နဲ့ ဘယ်မှမသွားဘဲ ရပ်နေတာမို့ သေချာသွားကြည့်တဲ့အခါ မိနက်ကြီးရဲ့ ခြေလေးဘက်အောက်မှာ သားငယ်ကလေးကို တွေ့ရတော့တာကိုး။ ကလေးမြေးငယ်မရှိရှာတဲ့ အဘွားအို "မိနံကရိုင်း"ဟာ ကလေးငယ်ကလေးကို မြင်မြင်ချင်းပဲ ချစ်ခင်မြတ်နိုးလိုက်တာတဲ့။ (နယ်ခြားမောင်)လို့ပဲခေါ်ပြီး ကောက်ယူမွေးစားထားခဲ့တယ်တဲ့။



အဘွားအိုဘဝမို့ မိခင်နို့ချိုတော့ မတိုက်ကျွေးနိုင်ရှာတော့ဘူးပေါ့။ ဒါပေမဲ့ သူ့ကျွဲခြံထဲက နို့စားကျွဲမကြီး မိနက်ရဲ့ ကျွဲနို့တွေကို ညှစ်ယူကျိုချက်ပြီး ကျွေးမွေးစောင့်ရှောက်လာခဲ့လို့ ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်းနဲ့ ကြီးပြင်းလာခဲ့သတဲ့။ အဲဒီဒေသကနေ ကရင်လူမျိုးများရဲ့ဓလေ့အရ လက်ဝှေ့ပညာနဲ့ ကိုယ်လုံပညာ၊ နပမ်းပညာတွေ၊ ဓားရေးလှံရေးအတတ်တွေကိုလည်း ကျွမ်းကျင်အောင် သင်ကြားတတ်မြောက်စေခဲ့သတဲ့။ အဲ "အပ်သာ"လုလင် အပိုင်နိုင်ဆုံးကတော့ ကျွဲတွေနဲ့ တိုက်ခိုက်သတ်ပုတ်တဲ့ ကျွဲတိုက်တမ်းသတ်ပုတ်ပွဲလို့ တစ်ရွာလုံးက ပြောကြတယ်။

တစ်နေ့သားမှာတော့ ကျွဲကျောင်းနေတဲ့ "အပ်သာ" ကလေးဟာ "ကွမ်အပ်သာ"တောကြီးထဲကို အမဲပစ်ဖို့ ရောက်လာတဲ့ ဟံသာဝတီပြည်က မုဆိုးကြီးဦးအောင်ဗလနဲ့တွေ့ဆုံပြီး ခင်မင်ရင်းနှီးခဲ့ကြလေရဲ့။

"ဘကြီးရေ... နေပြည်တော်မှာ ဘာတွေများ ထူးခြားမှု ရှိသလဲဗျ၊ ပြောစမ်းပါဦး"

"အေး...ထူးပြီလားကွာ။ လောလောဆယ် လန်ဘားဆိုတဲ့ ကုလားလူဆိုးကြီးနဲ့ တစ်ယောက်ချင်း စီးချင်းထိုးဖို့ သူရဲကောင်းရှာနေကြလေရဲ့ မောင်ရေ...။

"ဗျာ...ဘယ်လို... ပြန်ပြောပြပါဦး"

"ဒီလိုကွယ်...၊ သုဓမ္မဝတီမှာရှိတဲ့လူမျိုးတွေက အလိုမရှိလို့ နှင်ထုတ်ခံလိုက်ကြရတဲ့ ပသီကုလားတွေက အုပ်သင်းဖွဲ့မိကြပြီး ဟံသာဝတီကို တိုက်ခိုက်သိမ်းယူဖို့ ချီတက်လာခဲ့ကြတယ်။ လန်ဘားဆိုတဲ့ လူကြမ်းကြီးက ဦးဆောင်ပြီး သင်္ဘောခုနစ်စင်း၊ လက်နက်အပြည့်အစုံနဲ့ လာခဲ့ကြတာ။ ဟံသာဝတီနယ်အစပ်က ရွာငယ်ဇနပုဒ်တွေကို လုယက်ဖျက်ဆီး၊ လူတွေသတ်၊ ဘုရားကျောင်းကန်စေတီပုထိုးတွေကို မီးရှို့လုပ်ကြလို့ မြို့တော်ဆီကို လူထုတွေ အသက်လုပြေးလာခဲ့ကြရသတဲ့။ နက်ဖြန်သဘက်ဆိုရင် မြို့တော်ကြီးဆီ ရောက်ကြလိမ့်မယ်ထင်ရဲ့။

"ဟင် အဲဒါဆို"

"ဟုတ်တယ် လူကလေးရေ။ အခုအထိ လန်ဘားကြီးနဲ့ ယှဉ်မဲ့တိုက်မဲ့ သူရဲကောင်းက ပေါ်မလာသေးဘူးကွယ့်။ သင်းကြီးကလည်း ကြမ်းပ၊ ရမ်းပ၊ မိုက်လုံးကြီးပ။ အရပ်ကြီးကလည်း ခြောက်ပေကျော်သေးသတဲ့။ ကိုယ်တော်က ကျွဲပေါက်ကြီးလို ရောမလူသန်ကြီးတဲ့။ သူ့ကိုမှ လဲအောင်မဖြိုနိုင်ရင် ဒီရန်က မအေးဘူး။ ထီးကျိုးစည်ပေါက် မင်းရိုးပျောက်လိမ့်မတဲ့ကွယ့်"

"အဲဒီကုလားလူဆိုးကြီးနဲ့ တစ်ကိုယ်ချင်း တိုက်ရမှာလားဘကြီးရဲ့"

"ဟုတ်ပမောင်ရာ... အဲဒါ သူ့ကိုယ်သူ လွှတ် အထင်ရောက်နေတဲ့ လန်ဘားကြီးပေးတဲ့ ရာဇသံတဲ့ကွယ့်"

"သူတစ်ယောက်တည်းဆိုရင်တော့ မှုလောက်စရာ မရှိပါဘူးဘကြီးရာ။ အဲ... သူ့လိုလူမျိုး နှစ်ယောက်၊ သုံးယောက်ဆိုရင်တောင် ကောင်းကောင်းကြီး လှဲသိပ်ပစ်နိုင်ပါတယ်"

"အလိုလေး... အပြောကြီးလှပါမင့်ကလား...မောင်"

"တကယ်ပါ ဘကြီးရယ်... ကျုပ်က ငယ်ငယ်လေးကတည်းက ကျွဲတွေနဲ့ လုံးထွေးသတ်ပုတ်ပြီး ကြီးပြင်းလာခဲ့တာပါ။ ကျုပ် အကျွမ်းကျင်ဆုံးက ကျွဲတိုက်တာပဲ။ ရောမကျွဲကြီးတွေကိုတောင် နိုင်အောင် တိုက်နိုင်ခဲ့ပါရဲ့။ ဒီနယ်တစ်ရိုးမှာတော့ ကျုပ်မနိုင်ဘူးသေးတဲ့ ကျွဲဆိုး ကျွဲရိုင်းဆိုတာ မရှိသလောက်ပါပဲ။ အသက်နဲ့ရင်းပြီး သတိတစ်ချက် မလစ်စတမ်း ရေကုန်ရေခမ်းကစားရတဲ့ အဲဒီလို

တိုက်ပွဲမျိုးဆို ကျုပ်က လွှတ်ကြိုက်တာ ဘကြီးရဲ့”

“သာဓုဗျာ...သာဓု...သာဓု။ အမျိုး၊ ဘာသာ၊ သာသနာရဲ့ဘုန်းကံကြောင့် ဘကြီးနဲ့ လူကလေး တိုက်တိုက်ဆိုင်ဆိုင် ကြုံကြရပေတာပဲ။ ကဲ... အဲဒီသတင်းကို ရွှေနန်းတော်ကြီးဆီ ကျုပ် ဒုန်းစိုင်းပြေးပြီး အဆောတလျင် သံတော်ဦးတင်လေမှပဲ”

အဲဒီလိုနဲ့ ဟံသာဝတီနေပြည်တော်က “အပ်သာ” ကျွဲကျောင်းသားကလေးရဲ့အကြောင်းကို သိသွားပါလေရော။ ချက်ချင်းပဲ တမန်တော်များလွှတ်ပြီး ခေါ်ယူစေခဲ့သတဲ့။ နေပြည်တော်က မင်း၊ ပရိသတ်၊ စစ်သည်ဗိုလ်ပါတွေရဲ့ရှေ့မှာ “မုန်တိုင်း”ဆိုတဲ့ ရောမကျွဲသိုးကြီးနဲ့ သတ်ပုတ်စေပြီး အစွမ်းပြစေသတဲ့။ မုန်တိုင်းကြီးကို အလွယ်တကူ အနိုင်ယူနိုင်တဲ့အတွက် “အသယကုမ္မာ”၊ “နယ်ခြားမောင်”၊ “ကျွဲမင်းသား”ရယ်လို့ သတင်းကြီးသွားတော့တယ်။

“အေးကွယ်... ငါကိုယ်တော် အားရဝမ်းသာရှိလိုက်လေ။ ဒီတိုင်းခြားသား အရိုင်းအစိုင်းတွေရဲ့ရန်ကို နှိမ်နင်းနိုင်ခဲ့ရင်ဖြင့် အမောင်လုလင်ကို ငါရဲ့သမီးတော်နဲ့ လက်ဆက်ပြီး အိမ်ရှေ့မင်းအရာ ပေးမကွယ့်၊ သိစ အမောင်လုလင်”

“မှန်ပါ... ဘုရားကျွန်တော်မျိုးအား ကျေးဇူးရှင် မိခင်အိုကြီးကို ဂါရဝပြုဖို့ ခုနစ်ရက်အချိန်ပေးပါ။ ခုနစ်ရက်



ကျော်လျှင် လန်ဘားကြီးကို အနိုင်တိုက်ပါမည်”

ကျွဲမင်းသားလေးအပ်သာဟာ မိခင်နံကရိုင်းကို ရှိသေတုပ်ကွ ရှိခိုးကန်တော့ပြီး ဖြစ်ကြောင်းရယ်ကုန်စင်ကို ပြောပြတာပေါ့။ အဲဒီတော့ မိနံကရိုင်းက သူ့သားလေးကို ဘယ်နည်းဘယ်ပုံ ဥပါယ်တံမျဉ်နဲ့ ရန်သူကို နိုင်အောင်တိုက်ရမယ်ဆိုတာ တိုးတိုးတိတ်တိတ် သင်ဉာဏ်ပေးသတဲ့။

“လူကလေးရေ... စစ်ပွဲဆိုတာ ဉာဏ်ရည်သာတဲ့လူက အနိုင်ယူစတမ်းကွယ့်။ ခွန်အားဗလ၊ လက်နက်နဲ့ ကျွမ်းကျင်မှုချင်း တူရင် ပရိယာယ်သာတဲ့သူက နိုင်မှာပဲ။ ဒီလိုလုပ်...။ လန်ဘားကို တိုက်ရိုက်မျက်နှာချင်းဆိုင် မတိုက်ဘဲ ကျွဲများခတ်ကွင်းကို ချက်ပိုင်ပိုင်မိအောင် အကွက်ကောင်းချောင်းသလို လှည့်ပတ်ပြီး ချောင်းသာနေ။ ပြီးတော့မှ “မိုး... မိုးပြိုလာပဟေ့”လို့ သံကုန်ဟစ်ပြီး အော်လိုက်။ လန်ဘာကြီး နောက်လှည့်ကြည့်တော့မှ သူ့ရင်ဝတည့်တည့်ကို အလဲထိုးလိုက်ပေတော့။ ကြားလား...သား”

“ဟုတ်ကဲ့ အမေ”

ဆိုကြပါစို့။ တိုက်ပွဲနေ့ကို ရောက်လာခဲ့ပါရော။ လန်ဘားကြီးက အရပ်ကြီးက ရှည်၊ အားခွန်ဗလက ကြီးရတဲ့အထဲမှာ သံဆူးချွန်တွေ တင်းကျမ်းနဲ့ သံတင်းပုတ်ကြီးကို ကိုင်လို့တဲ့။ အပ်သာကောင်ကလေးကတော့ လက်ချည်းဗလာ၊ လူလုံးချည်းပဲ။ လက်ဝှေ့ရေးပြလိုက်၊ လက်ပမ်းပေါက် တဖြောင်းဖြောင်းခတ်လိုက်နဲ့ လန်ဘားကြီးကို စိတ်ဆွပေးနေလေရဲ့။ လူ့ဘီလူးလန်ဘာကြီးကလည်း သံတင်းပုတ်ကြီး တယမ်းယမ်းနဲ့ပေါ့။

အဲဒီတုန်း၊ ကျွဲမင်းသားက “ဟေး ဟေး မိုးပြိုကျပဟေ့”လို့ သံကုန်ဟစ်အော်လိုက်တဲ့အခါ ပွဲကြည့်ပရိသတ်တွေဟာ အကုန်လုံး ထိတ်ထိတ်ပျာပျာနဲ့ ကောင်းကင်ကြီးကို မော့ကြည့်မိကြတာပေါ့။ လန်ဘားကြီးလည်း ရုတ်တရက် ကြောင်တက်တက်နဲ့ မိုးပေါ်မော့ကြည့်မိလိုက်သတဲ့။ အဲဒီတော့မှ “အပ်သာ”က ကျွဲရိုင်းကြီးတစ်ကောင်လို ဒုန်းစိုင်းပြေးတဲ့ပြီး လံဘားကြီးရဲ့ရင်ဝကို ခေါင်း

နဲ့ အားကုန်ဆောင့်တိုက်ပစ်လိုက်သတဲ့။ လံဘားကြီး သေပါလေရော။

လံဘားကြီးသေမှဖြင့် သူ့ရဲ့နောက်လိုက်ကုလားဆိုးတွေအားလုံး ကြောက်ကြောက်လန့်လန့်နဲ့ ဒရောသောပါး ထွက်ပြေးကြပြီပေါ့။ ဟံသာဝတီပြည်သူတွေဟာ ကတဲ့သူက၊ ခုန်ပေါက်တဲ့သူက ခုန်ပေါက်၊ ဦးရစ်ခေါင်းပေါင်းတွေကို လွှင့်မြှောက်သူက မြှောက်၊ ပျော်လိုက်ရွှင်လိုက်ကြတာတဲ့။ အပ်သာကလေးကိုလည်း "အသဲကုမ္ဘာ" "အသဲကုမ္ဘာ" "ကျွဲမင်းသား" "ကျွဲမင်းသား"နဲ့ အော်ဟစ်သြဘာပေးကြတာများဟာ ကွင်းလုံးကို ညံလို့ဆိုတယ်ကိုး။

အဲဒီအချိန်မှာ ဝိမလမင်းကြီးနဲ့ မိခင်းရင် နန်းကျမိဖုရားကြီးတို့က "အပ်သာ"ဟာ "သမလဘုရင်ကြီး"ရဲ့ သားတော်ကလေးဆိုတာကို သိသွားခဲ့ကြပြီ။ မင်းကြီးရဲ့ သမီးတော် "ရတနာဒေဝီ"နဲ့ လက်ဆတ်ပေးပြီး ထီးနန်းလွှဲဖို့ကိုလည်း စီစဉ်နေကြသတဲ့။ ရတနာဒေဝီမင်းသမီးကလေးကလည်း သူ့မောင်ကြီး ကျွဲမင်းသားကို မြင်မြင်ချင်းပဲ မြတ်နိုးတော်မူရှာတဲ့။

ဒါပေတဲ့လို့... "အပ်သာ"ကလေးက မပျော်နိုင်၊ တမှိုင်မှိုင် တတွေတွေ ဖြစ်လို့နေသတဲ့လေ။

"မောင်တော်ရယ်... ဘဝမှာ ဒီလောက် ပျော်ရွှင်စရာ အဖြစ်တွေ ကြုံနေရပါလျက်နဲ့ ဘာကြောင့် ရွှင်ရွှင်ပျပျ မရှိရတာလဲ...ရှင်။ သိခွင့်ရှိရင် သိပါရစေလား..."

"ဒီလိုကွယ့်...နမတော်လေးရဲ့။ လန်ဘားကြီးနဲ့ ပြိုင်ဖို့နေပြည်တော်ကိုလာတဲ့လမ်းမှာဟံသာဝတီမြင်းကြီးက ဒီရေတွေတက်ပြီး ဘယ်လိုမှ ဖြတ်ကူးလို့မရအောင်မြစ်ရေလျှံနေတာကို ကြုံခဲ့ရတယ်။ အချိန်မီ ပြိုင်ပွဲကို မရောက်ခဲ့ပြန်ရင် ရွှေနန်းတော်ကြီးမှာ ဘေးဆိုးတွေ ကြုံကြရတော့မယ်။ အဲဒီတော့ ဒီရေစောင့်နတ်သမီးကိုပဲ တိုင်တည်ပြီး သူ့ဒီရေတွေ အမြန်ဆုံး ပြန်ကျအောင် လုပ်ပေးဖို့ တောင်းပန်ရတော့တာပေါ့။

အဲဒီတော့ဒီရေစောင့်နတ်သမီးက အချိန်တစ်မောင်းအတွင်း ဒရယ်ကျောပြောင် အမြီးတစ်ထောင်ကို သူ့ကို ရှာပေးနိုင်ရင် ဒီရေကျသွားစေရမယ်။ တစ်ထောင်ပြည့်အောင် မရှာနိုင်ရင်တော့ သူခိုင်းစေသမျှ လုပ်ပါ့မယ်လို့ ကတိထားခဲ့ရတယ်ကွယ့်။

အဲ... အမြီးတစ်ထောင်တော့ ပြည့်အောင် ရှာနိုင်ခဲ့ပါရဲ့။ အမြီးတစ်ချောင်းက အဖျားမှာ မြီးဆံဖွားမပါဘဲ ငုံးတိုကလေးဖြစ်နေလို့ မောင်ကြီး အရှုံးပေးခဲ့ရတယ်။ ပြီးတော့ မောင်ကြီး မင်္ဂလာဆောင်နှင်းတဲ့နေ့မှာ ဇမ္ဗူရာဇ်ရွှေစင်ကိန်းတဲ့ ကျွဲခေါင်းကိုဖြတ်ပြီး နတ်သမီးကို ပသရမယ်လို့ ကတိပြုခဲ့ရတယ်ကွယ်။ အဲဒီကတိကြောင့် ဒီရေတွေ ကျသွားပြီးလန်းဘာကြီးကို အချိန်မီ လာတိုက်နိုင်ခဲ့တာ။ နမကလေးကိုလည်း မောင်ကြီးချစ်ပါရဲ့။ နို့ပေတဲ့။ ဘယ်ကျွဲရဲ့ဦးခေါင်းထဲမှာ ဇမ္ဗူရာဇ်ရွှေစင်ကိန်းသလဲ ဆိုတာကို မောင်ကြီး မသိဘူး။ သိခဲ့တယ်ဆိုရင်လည်း မောင်ကြီးရဲ့ အသက်သခင် ဘယ်ကျွဲတစ်ကောင်ကိုမှ မောင်ကြီး မသတ်ရက်ပါဘူးကွယ်။ အဲဒါကြောင့် မောင်ကြီး စိတ်ညစ်နေတာ..."

အဲဒီအကြောင်းကို ကျွဲမင်းသားရဲ့ မွေးစားမိခင် မိန်ကရိုင်း သိသွားတဲ့အခါ ရင်ထုမနာ ဖြစ်ရှာသတဲ့။ ဒီရေစောင့်နတ်သမီးပြောတဲ့ ဇမ္ဗူရာဇ်ရွှေစင်ကိန်းတဲ့ ကျွဲမကြီးဟာဖြင့် "အပ်သာ"ကလေးကို ဟိုးကလေးဘဝကတည်း

က နို့တိုက်မွေးခဲ့တဲ့ ကျွဲမကြီး "မိနက်"ဆိုတာ ဘယ်ဖွင့်ပြောရက်ပါ့မလဲ။ မိနက်ကြီးကိုလည်း မသေစေချင်ဘူးလေ။

ညရောက်တဲ့အခါ ကျွဲမကြီး မိနက်က အိပ်မက်ပေးသတဲ့။ သူ့ရဲ့နို့ချိုကိုသောက်ပြီး ကြီးပြင်းလာလို့ "အပ်သာ" ကလေးဟာ သူ့သားလိုပါပဲတဲ့။ အပ်သာကလေး ကြီးပွားချမ်းသာဖို့ဆိုရင် သူ့အသက်ကို စွန့်ရလည်း ကိစ္စမရှိပါဘူးတဲ့။ သူ့အသက်ကလည်း ကြီးလှပြီမို့ သေရမယ်ဆိုရင်တောင် သိပ်အကြောင်းမထူးတော့ပါဘူးတဲ့။ အပ်သာကလေးက လည်ပင်းပေါ်ကို ဓားတင်လိုက်ရုံနဲ့တင် သူ့ရဲ့ ဦးခေါင်းက ပြတ်ကျသွားမှာဖြစ်တယ်တဲ့။

အားလုံးက ဝိုင်းဝန်းတိုက်တွန်းကြတဲ့အတွက် ကျွဲမင်းသားကလေး "အပ်သာ"ဟာ ဝမ်းနည်းကြေကွဲစွာပဲ သူ့ရဲ့မိခင်လို ဖြစ်နေတဲ့ ကျွဲမကြီးမိနက်ရဲ့ ဇမ္ဗူရာဇ်ရွှေစင်ကိန်းတဲ့ ဦးခေါင်းကို ဖြတ်ယူပြီး ဒီရေစောင့်နတ်သမီးကို ကတိအတိုင်း ပသရရှာတယ်။ အဖြစ်မှန်ကို သိရတဲ့အခါ နတ်သမီးလည်း စိတ်ထိခိုက်လွန်းလို့ မျက်ရည်ကျမိသတဲ့။

"အမောင်လုလင်... ကျွေးမိခင်နှစ်ဦးရဲ့ကျေးဇူးကြောင့် ရှင်သန်ကြီးပြင်းခဲ့ရတဲ့အပြင် နို့တိုက်မိခင်ဖြစ်တဲ့ ကျွဲမကြီးရဲ့ မေတ္တာအရင်းခံသော စွန့်လွှတ်မှုကြောင့် ထီးနန်းစည်းစိမ်နှင့်တကွ မိဖုရားကို လက်ထပ်သိမ်းပိုက်နိုင်ခဲ့ပေပြီ။ ဒီကျေးဇူးအတုံ့အတစ်ကို အမောင်လုလင် နှင့်တကွ သင့်ရဲ့ဆွေစဉ်မျိုးဆက် မမေ့မလျော့အပ်။ မိခင်မိနံ့ကရိုင်းနဲ့ ကျွဲမကြီးတို့ကို အသက်ထက်ဆုံး ကိုးကွယ်ပူဇော်ရစ်ပေတော့။ ကျွန်ုပ် ဒီရေစောင့်နတ်သမီးကိုလည်း မကြာခဏ သတိတရ ရှိရလေအောင် အမောင်လုလင် နှင့်တကွ သင့်သားစဉ်မြေးဆက်များအားလုံး လက်ထပ်မင်္ဂလာ ပြုကြတဲ့အခါတိုင်း ငါးငရံ့ နဖားထိုး၍ ကျွန်ုပ်ကို တင်မြှောက်ပသကြရမယ်။ ဇမ္ဗူရာဇ် ရွှေအတိပြီးသော ဤကျွဲမကြီးရဲ့ဦးခေါင်းကိုလည်း နန်းဦးမှာထား၍ အလေးအမြတ်ထားပြီး ကိုးကွယ်သွားရမယ်"လို့ ပြောသတဲ့။

အဲ...အဲဒီအချိန်ကစလို့ ဟံသာဝတီပြည်ကြီးမှာ "နံ့ကရိုင်းနတ်"ကိုးကွယ်မှုဟာ ရိုးရာအစဉ်အလာတစ်ရပ် ဖြစ်တဲ့ ဒီကနေ့ခေတ်အထိတိုင်အောင်ပါပဲ...တဲ့။

"အသဿကုမ္မာ"မင်းသားလေး ထီးနန်းစံပြီးတဲ့နောက် မိခင်မိနံ့ကရိုင်းနဲ့ ကျွဲမကြီးကို ပူဇော်တဲ့အနေနဲ့ ကျွဲကျောင်းသားဘဝ သူနေထိုင်ခဲ့တဲ့ရွာမှာ "ကျိုက်အပ်သာ" ဘွဲ့တော်နဲ့တကွ စေတီတော်ကြီးတစ်ဆူ တည်ထားကိုးကွယ်ခဲ့ပါသတဲ့။ ဝေါမြို့နယ်အပိုင်၊ အဗျားရွာကြီးမှာ "ကျိုက်ကသာ"ဘုရားရယ်လို့ ယနေ့တိုင် ဖူးနိုင်ကြပါသေးရဲ့။

ဝမ်းနဲ့လွယ် မမွေးခဲ့ပေမယ့် ကိုယ့်ရဲ့သားလေးလို အသက်ပေးပြီး ချစ်ပြခဲ့ကြတဲ့ ကျွေးမိခင်နှစ်ဦးရဲ့တုနှိုင်းမဲ့ ချစ်ခြင်းတရားဟာဖြင့် တမြှေမြှေလွမ်းပြီး ကြည်ညိုလေးမြတ်နေရလောက်အောင် ကြီးမားနက်ရှိုင်းလှပါပေ့။ အဲဒီလို ယဉ်ကျေးမှုဓလေ့ကလေးတွေနဲ့အတူ ရှင်သန်နေခွင့်ရကြတဲ့ တို့များရဲ့ ဘဝကုသိုလ်ဟာလည်း ထူးပါပေ့။

နတ်ကိုးကွယ်တဲ့ ဓလေ့ရယ်လို့ ခပ်လွယ်လွယ် ပြက်ရယ်မပြုကြဘဲ အဲဒီဓလေ့ကလေးတွေရဲ့ နှစ်မြုပ်နေတဲ့ ဟိုးအတွင်းပိုင်းဆီအထိ နက်နက်တူးကြည့်ကြရင် အဖိုးတန်လှတဲ့ စိတ်ယဉ်ကျေးမှုတွေကို ကလေးတို့ လက်ဆုပ်ပိုင်ပိုင် ရနိုင်ပါပေရဲ့...။ ။

ချစ်ခြင်းအားဖြင့်
ခွန်းချိုသံသာ

ရဟန္တာဖြစ်သွားသော အင်္ဂုလိမာလ
ဝဏ္ဏအောင်
ဂေါတမ ဘုရားရှင်လက်ထက် ကောသလတိုင်း သာဝတ္ထိပြည်၌ ပသေနဒီ ကောသလမင်း စိုးစံစဉ် ပုရောဟိတ်ပုဏ္ဏား ဘဂ္ဂဝ နှင့် ပုဏ္ဏေးမ မန္တာနီ တို့မှာ သားယောက်ျားလေး ဖွားမြင်သတဲ့
ဖွားမြင်လျှင် မြင်ချင်း တမြို့လုံး၌ လက်နက် တို့ အရောင်တောက် ကြကုန်သတဲ့...
ပုရောဟိတ် ပုဏ္ဏားလည်း အိမ်ပြင်ထွက် ၍ နက္ခတ် ကိုကြည့်လေ ရာ..
ဟို့ စောရနက္ခတ်နဲ့ ယှဉ်ဖွားလာတာ ပါလား...

နံနက် မိုးသောက်သော် ဘုရင်မင်းကြီးထံ ဝင်ရောက် လျှောက်တင်လေရာ...
တစ်ပေါက်တည်း နေမယ့် ဘုရိုးလား-ပြည် ကို ပျက်မယ့် ဘုရိုးလား
တစ်ပေါက်တည်းနေမယ့်ဘုရိုး ဖြစ်ပါတယ်.
အရှင်မင်းကြီး ကွပ်မျက်လိုက ကွပ် မျက်တော်မူပါ..
တစ်ပေါက်သော ဘုရိုးကားဘာလုပ်လို့ ရမှာတဲ့လဲ.. ပယ်တစ်ထောင် မှကျယ်တဲ့ လယ်မှာ စပါး တစ်နှံကဲ့သို့သာ ဖြစ် တော့မပေါ့...
သည်လို သူငယ် ကိုသာ ကြီးပြင်းအောင် မွေးမြူပါ ပုရောဟိတ် ကြီး..
ပုဏ္ဏားကြီးလည်း လက်နက်များ အရောင်တောက်သော်လည်း တစုံတရာကိုမျှမထိခိုက်မညှဉ်းဆဲ စေလိုသောကြောင့် အဟိံသကလို့ မှည့်ခေါ်ခဲ့တယ်...

အပါးသက အရွယ်ရောက်သော် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံ အလုပ်အကျွေးတပည့်အဖြစ် ပညာသင်ယူတယ်..
အပါးသကက ဆရာကြီး အိမ်မှာ လုပ်ဆောင်ဖွယ်မှန်သမျှကို ကျေပွန်စွာ လုပ်ကိုင်ပေးလို့ ....
ဆရာကြီးသာမက ဆရာကတော်ကပါ ချစ်ခင်ကြတယ်...
ကြာတော့ အပါးသက က ဆရာကြီးရဲ့ အတွင်းလူ ဖြစ်လာပြီး ကျန်တပည့်များမှာ အပြင်လူ ဖြစ်ကုန်ကြတော့တာပေါ့...

အဟိံသက ရောက်တဲ့ နေ့ကစပြီး ငါတို့မျက်နှာ သာ မရတော့ဘူး...
အဟိံသက က ပညာလည်းတော် - ဝတ္တရားလည်းကျေပွန် အမျိုးဇာတ်ကလည်းမြင့် တော့ ဘယ်လို ချောက် ချကြမလဲ.
ဆရာကတော် နဲ့ မလွတ်ကင်းဘူး ဆိုပြီး ချောက်ချကြ တာပေါ့..
အဲသည့်လိုနဲ့ တပည့်တွေလည်း အုပ်စု သုံးစု ခွဲပြီး ဆရာကြီးထံ တစ်လှည့်စီ ဝင်ပြီး ချောက်တွန်း ကြတယ်..
ဟာဟ
သူယုတ်တွေ. သွားကြ မဖြစ်နိုင်တာ. လာပြီး ကုန်းမချောကြနဲ့.
အစက မယုံကြည်သော်လည်း ကြိမ်ဖန်များစွာ ပြောသံကြားသော် ဆရာကြီးသံသယဝင်လာပြီး အဟိံသက ကို အချစ်ပြယ်လေတော့သတည်း..

ဗိုဗြိုး...
အဟီးသကကို
သတ်မှ ဖြစ်တော့မယ်
သို့ပေမယ့်
ထင်ထင်ရှားရှား သတ်ခဲ့
သော် ဒိသာပါမောက္ခ ဆရာ
သည် တပည့်ကို အကြောင်း
ရှာ သတ်တယ်လို့ သတင်း
ပျံ့ပြီး..
မည်သူမျှ
ပညာလာသင်မှာ
မဟုတ်ပေဘူး ဒါဆို
ငါလည်း ပစ္စည်း
လာဘ်လာဘ ရမှာ
မဟုတ်..
သည်တော့ အဟီးသက
ကို လက်ျာ လက်ချောင်းတစ်
ထောင် ယူခဲ့ရမယ်လို့ ခိုင်း
ရမယ်..
လူတစ်ထောင်
လိုက်သတ်ရမှာ
တစ်ယောက်ယောက်
ကတော့ ဧကန်မလွဲ
ပြန်သတ်မှာပဲ.
အဲ့သည့်
နောက်
အဟီးသက
ကိုခေါ်ပြီး..

ချစ်သား..ယုတစ်
ေတာင်ကို သတ်၍ လကျ်ာ
လက်ချောင်း တစ်ချောင်း
ကို ဆောင်ယူခဲ့ပေ
တော့
အကျွန်ုပ်
တို့သည် သူတစ်ပါး
တို့အား မညှင်းဆဲသော
အမျိုးဇာတ်မှ ဖြစ်၍
သည် အမှုကို မဆောင်
ရွက်လိုပါ
ဒါဆို အ
တတ်ပညာ ပြည့်
စုံအောင် ဆက်သင်
ဖို့ မဖြစ်နိုင်ပေ
ဘူး တပည့်
ဒါဆိုလည်း
ဖြစ်အောင် ဆောင်
ရွက်ပါ့မယ် ဆရာ
အဟိံသကာ လည်း ဆရာ့
ကေားကြောင့် ဓါး၊ လှံ၊ လေး
မြား၊ ဒုတ် တို့ကို ယူ၍ ဆရာ့အား
ကန်တော့ပြီး ဇလိန တောကို ဝင်တယ်..

တောသို့ရောက်သော် လမ်းမကြီးအနီး တောင်ကြားတစ်ခု၌ နေရာယူပြီး တောင်ထိပ်သို့ တက်ကာ လမ်းမကြီး၌ လူသွားလူလာကို ကြည့်မျှော်သတဲ့..
ခရီးသွားတို့ကို မြင်လျှင် ပြေးဆင်း၍ လူတို့ကို သတ်တယ်...
သတ်ပြီးလျှင် တစ်ယောက် နှစ်ယောက် စသည်ဖြင့် ရေတွက်မှတ်ထားပေမယ့်
သူ့အသက် သတ်သူရဲ့ စိတ်အစဉ် မတည်ငြိမ် သဖြင့် မှတ်မိဘ် ဂိ နေတာပေါ့..
သေသူတို့ရဲ့လက် ချောင်း တစ်ချောင်း စီ ဖြတ်သိမ်းထား သော်လည်း လက် ချောင်းများက ပျောက်ပျက်ကုန် ကြပြန်တယ်...

နောက်တော့ လက်ချောင်းတို့ကို ရလျှင် ထိုးဖေါက်၍ ပန်းကုံး ကဲ့သို့ သီကုံးကာ လည်ပင်း၌ စွပ်ထားလိုက်တယ်။ ထို့အခါ သူ့ကို အင်္ဂုလိမာလ ခိုးသူကြီးလို့ ခေါ်ကြတယ်.
အင်္ဂုလိမာလ. ဟာ လူတွေကို တော အဝင်မှာလည်း သတ်တယ်. တောအလယ်မှာ လည်းသတ်တယ် တောအထွက်မှာ လည်း သတ်တယ်.
သတ်ပေမယ့် . ဥစ္စာ ပစ္စည်း . အဝတ်တန်ဆာ တစ်ခုမှ မယူဘူး… လက်ျာလက်ချောင်းတစ် ချောင်းကိုသာ ဖြတ်ယူတယ်.
ဇာလိနီတော တစ်ခုလုံး လူသွားလူလာ ပြတ်ပြီး . ထင်းခွေ သစ်ခုတ်တောင် မပြု ဝံ့ကြတော့ဘူးတဲ့ ကွယ်။…

ဝုန်း
ထိုအခါ ရွာတွင်းသို့ ဝင်ကာ အိမ်တံခါးကို ခြေဖြင့်ကန် ဖွင့်ပြီး အိပ်နေသူတို့ကို သတ်ဖြတ်ပြန်တယ်..
ပြီးလျှင် လက်ချောင်း တို့ကို ဖြတ် ယူ သွားတယ်..
ရွာသူရွာသားတို့ ကြောက်ရွံ့ ထွက်ပြေးကြလို့ ရွာများပျက် ကာ နိဂုံးရွာကြီး သို့ ပေါင်းကြ ရတယ်.. တဖန် နိဂုံးရွာကြီးပျက် ၍ မြို့သို့ ပေါင်းကြရကနတယ်..
ကောသလမင်းကြီးရဲ့ ထိုင်းဝိုးနိုင်ငံ ပတ် လည်မှ ရွာသူရွာသားများ အိမ် ကို စွန့်ကာ ကလေးပေါ် သွဲ့ချ် သာဝတ္ထိမြို့ကို ပြေးခဲ့ရတာပေါ့...

အင်္ဂုလိမာလ သတင်းကား တိုင်းကျော်ပြည်ကျော်ဖြစ်လေသော်....
ဟင်း.. အင်္ဂုလိမာလ ဆိုတာ ငါ့သား အဟိံသက ဖြစ်ရမယ်..
အို. ရှင်မ အင်္ဂုလိမာလ ခိုးသူကြီး ဆိုတာ အခြားသူမဟုတ် တို့သား အဟိံသက သာလျှင် ဖြစ်တယ်..
မကြာခင် မင်းကြီးလည်း ထို ခိုးသူကြီးကို ဖမ်းရန် ထွက်တော့မယ်တဲ့..
အို. အရှင် မင်းကြီးအရင် ထိုနေရာကို သွားပြီး သားကို ခေါ်ဆောင်ပေးပါတော့...
ပုဏ္ဏားကြီး ခေါင်းခါလေရာ.
အကျွန်ုပ်မကတော့ မနေနိုင်ဘူးတော်. သားရှိရာ သွားခေါ်ရမှာပဲ...
ဆိုကာ အိမ်မှ ထွက်လာခဲ့သတဲ့.

ထိုနေ့ မိုးသောက်ကာလ မြတ်စွာ
ဘုရားသည် ဉာဏ်တော်ကွန်ရက်
ကို ဖြန့်ကာ ချွတ်ထိုက်သူများ ကို
ကြည့်လေရာ အင်္ဂုလိမာလ ကိုမြင်
တော်မူတယ် ။...
ငါသွားပြီး တရားချီး
မြှင့်လေသော် ရဟန်းပြု၍
ရဟန္တာ ဖြစ်လတ္တံ့... ငါမသွား
သော် မိခင် ကို သတ်ဖြတ်
မှားလို့ မကယ်ထုတ်နိုင်
ဖြစ်ချေတော့မယ်။.
အင်္ဂုလိမာလ
ကို ငါ ချီးမြှောက်
အံ့ ။...
မြတ်စွာဘုရား ဇာလိနီတောအနီးရောက်သော် နွား
ကျောင်းသား နဲ့ ခရီးသွားတို့က ဤခရီးကို ရှောင်ကြဉ်
မသွားရန် တားမြစ်
ကြကုန်တယ်။..
သို့သော် ဘုရားရှင်လည်း ဆိတ်ဆိတ်
နေပြီး ကြွမြဲတိုင်း ကြွတော်မူလာတယ်။..

ခိုးသူကြီးလည်း အစားကောင်း အသောက်ကောင်း ..အဝတ်ကောင်း.. မစားရ..မသောက်ရ မဝတ်ရတာ ကြာပြီဖြစ်လို့ စိတ်ပျက်လာတယ်..
လက်ချောင်းတစ်ထောင်ပြည့်ဖို့ တစ်ချောင်းသာ လိုတော့တာကြောင့်
သည်နေ့တော့ ပထမဆုံး တွေ့တဲ့သူကို သတ်ပြီးတာနဲ့ လက်ချောင်း တစ်ထောင်ပြည့်ပြီ..
ကိစ္စပြည့်ဖို့မှပဲ ဆံမုတ်ဆိတ် ပယ်ပြီး အဝတ်ကောင်းဝတ်ကာ မိဘတို့ကို ဖူးတွေ့တော့မယ်..
ကြံရည်ထားတဲ့အတိုင်း ..တောအုပ် အလယ်က ထွက်၍တောအုပ် အဝင်ဝသို့ ကြည့်မျှော်နေစဉ် မြတ်စွာဘုရားကြွလာတာကို တွေ့မြင်လိုက်ရတယ်..

ထိုအခါ အင်္ဂုလိမာလ..က.
သည်လမ်းက တစ်ယောက်တည်း သွားရဲတဲ့လမ်း မဟုတ်ဘူး
ဆယ်ယောက် . အယောက် နှစ်ဆယ် စုပေါင်းပြီးမှ သာ သွား ရဲကြတာ . အယောက် သုံးလေး ဆယ် စုလာပေမယ့်လည်း ငါ့ လက်ထဲ အသက်ပေးခဲ့ ရတာ ချည်းပဲ...
သည်ရဟန်း တစ်ယောက်တည်း လာတာ ငါ့ကို မသိ မဲ့မြင်လုပ်ပြီး ချောင်း နေသလိုပဲ.
သည်ရဟန်း ကိုတော့ သတ်မှ ဖြစ်မယ်..
ဒိုးသူကြီး အင်္ဂုလိမာလ လည်း မြတ်စွာဘုရား နောက်သို့ အမြန်လိုက် လေတော့သတဲ့...


မြတ်စွာဘုရားက မိမိပုံမှန်သွားနေတာကို အင်္ဂုလိမာလ အားကုန်လိုက်၍
မမီနိုင်အောင် တန်ခိုးတော်ဖြင့် ဖန်တီးထားတော်မူတယ်ဗ..
မြေကြီးကို ရေလှိုင်းထ
သကဲ့သို့ ဖြစ်စေပြီး ချုံ
ကာ လှိုင်းနောက်ပက်
သို့ ကြွသွားတော်မူတယ်.
အင်္ဂုလိမာလလေညာ်း ဆင်မြောင်
ခုန့်စိစီးအားဖြင့် အစွမ်းကုန်လိုက်
သော်လေညာ်း မမီနိုင်ဘူး..တဲ့ဗ..

အဲသည့်လိုနဲ့ သုံးယူဇနာတိုင်အောင် အင်္ဂုလိမာလ မောပန်းလာတယ်..
ပါးစပ်အတွင်း တံတွေးတို့လည်း ခြောက်လာတယ်. ချွေးတို့လည်းထွက်ကျနေသတဲ့

အို. ရဟန်း . သင်သည် သွားလျက်နှင့် ရပ်သည် ဟု ပြောဆို ခြင်းသည် ရဟန်းဖြစ်လျက် မမှန် သောစကားကို ဆိုခြင်းလား..
အို.. အင်္ဂုလိမာလ
ငါသည် အလုံးစုံသော သတ္တဝါ တို့ကို ရိုက်ပုတ်သတ် ဖြတ်ခြင်းကို ပယ်ထားပြီးလေပြီ ထို့ကြောင့် ရပ်သူ မည်၏ သင် ကား သတ္တဝါတို့ကို ရိုက်ပုတ် သတ်ဖြတ်ခြင်း ပြု၏
အပါယ်လေးပါး သို့ ပြေးသွားရလိမ့်မည်. ထို့ကြောင့် သင်ကားပြေး သူသာဖြစ်ပေတယ်.
ထိုစကား၏လေး နက်မှုကို အင်္ဂုလိမာ လ သိမြင်မိသော အခါ...
အို. မှန်သောစကားကို ဆို တော်မူသော မြတ်စွာဘုရား. အကျွန်ုပ် သည် မြတ်ဘုရား၏ တရားနှင့်စပ်သော စကားကို ကြားနာရ၍ မကောင်းမှုကို ပယ်စွန့်ပါတော့မယ်..
ထို့နောက် သန်လျက် - ဓါးတို့ကို ချောက်ကမ်းပါး မှ ပစ်ချလိုက် တော့သတဲ့...

တပည့်တော်
အား ရဟန်းအဖြစ်
ခေတင်ကျဉ်းပေးတော်
မူပါ..
သင်္ကန်း၊သပိတ်
ပရိက္ခရာ စုံလင်စွာဖြင့်
မြတ်စွာဘုရား၏
နောက်လိုက်ရဟန်းပြု
ကာ သာဝတ္ထိပြည်သို့
ကြွတော်မူလာတယ်..
ထိုခဏအတွင်း
အင်္ဂုလိမာလ သည်
ဦးသား အသွင်
ပျောက်၍ ရဟန်း
အသွင် ရောက်
လေသတဲ့...
ဇေတဝန်ကျောင်းတော်သို့ ရောက်
သော် အင်္ဂုလိမာလ အား နှိမ်နင်း
ရန် ထွက်လာသည့် ကောသလမင်း
ကြီးသည် ဘုရားရှင်အား ဝင်ရောက်
ဦးခိုက်လေသည်...

အို. မြတ်သော မင်းကြီး . အဘယ် အရေးကိစ္စထူးများ ရှိလို့ပါလဲ..
နိုင်ငံတော်မှာ အင်္ဂုလိမာလ ဓားသူကြီး သောင်းကျန်းနေလို့ သူ့ကို ဖမ်းရန် ထွက်လာတာပါ ဘုရား
အင်္ဂုလိမာလ က လူ့ဘောင်စွန့် ပြီး ရဟန်းပြုနေပြီ ဆိုရင်ကော
သည်လိုဆိုလို့ ကတော့ ဦးခိုက်ပြီး ပစ္စည်း ဆေးပါး ဒကာ ခံယူလိုက် မှာပေါ့ဘုရား
ကောင်းပြီ ဤရဟန်းကား အင်္ဂုလိမာလ ပင်တည်း
ဟင်
အံ့ဩဘွယ်ရာ ပါကလား . မြတ်စွာဘုရား သည် မယဉ်ကျေးသောသူ တို့အား ယဉ်ကျေးအောင်
ဆုံးမတော် မူပါပေ တယ်...

ထို့နောက် မင်းကြီးလည်း ပဋ္ဌည်းလေးပါး
အကာ ခံယူကာ မြတ်စွာဘုရားနဲ့ အင်္ဂုလိမာလ
မထေရ် အား ဦးခိုက်ကာ ပြန်သွားတော့သတဲ့
အင်္ဂုလိမာလ မြို့ထဲဝင်လာပြီ
ပြေးကြ
နောက်တစ်နေ့ အင်္ဂုလိမာလ သာဝတ္ထိမြို့အတွင်း
ဆွမ်းခံ ကြွသောအခါ တွေ့မြင်သူတိုင်း ကြောက်
လန့်တကြား ထွက်ပြေး ပုန်းအောင်းကြလို့ ဆွမ်း
တစ်ဇွန်းစာမျှကိုပင် မရဘူး တဲ့..
ပြေးဟေ့
သို့သော်လည်း အင်္ဂုလိမာလမှာ စိတ်
မပျက်ပဲ ဆွမ်းခံ ထွက်မြဲ ထွက်လျက်
တစ်နေ့တော့ အိမ်တစ်အိမ်မှာ မီးမ
ဖွားနိုင်လို့ ညည်းညူနေတာကို သနား
စိတ်ဝင်ကာ...
အင်း..ကျွတ်..ကျွတ်..
နာလိုက်တာ..
အင်း ... အင်း..

မြတ်စွာဘုရားထံ ချဉ်းကပ်သော် ဘုရားရှင်က သားမွှားမန္တ သင်ပေးတော်မူတယ်...
ထို မန္တကို ဆီးမဖွါးနိုင်သော မိန်းမအား တင်းတိမ် အတွင်းနေစေပြီး အရှင် အင်္ဂုလိမာလက တင်းတိမ် အပြင်ဖက်မှ ရွတ်ဖတ်လေရာ ဆီးနေသည့်လည်း ကလေးကို ကောင်းမွန်စွာ မီးဖွား နိုင်သတဲ့...
ထိုအချိန်ကစပြီး အင်္ဂုလိမာလကို သနားကရုဏာရှင် အဖြစ်သတ်မှတ် ကြပြီး ဆွမ်းကွမ်းများလောင်းလှူ ကြတော့သတဲ့...

သို့သော်လည်း မိဘဆောင်သွား အသက်ခံ
ရသောသူများက အရှင် အင်္ဂုလိမာလကို
ခဲ၊ ဒုတ်၊ လှံတံ တို့ဖြင့် ပစ်ပေါက်ကြရာ
သွေးခံထွက်သည့် အချိန် မှ ပြန်ကြွသည့်
အချိန်ထိ အရှင့်ကိုယ်ပေါ်သို့ ကျရောက်
ကြကုန်သတဲ့
အရေကို ခွဲ၍ အရိုးသို့ခိုက်အောင်
ထိခိုက်ရုတ်ပြတ်သဖြင့် သွေးအလိမ်း
လိမ်း ဒဿယိမ်းအရုတ်ရုတ် ဖြစ်ရ
လေတယ်။.. ထိုအခါ
အို.အင်္ဂုလိမာလ..
သည်းခံလော့
အသင့်နှစ်ပေါင်းများစွာ ငရဲ
ခံရမည့် ကံအကျိုးကို ယခုချက်
ချောက်၌ ပေးသပ်နေခြင်းသာ ဖြစ်
တယ်. မသွင်းဆဲသူဟု အမိပ္ပါယ်
ရတဲ့ အဟိံသက အမည်နဲ့
ယခုမှ ကိုက်ညီတော့တယ်.
WA NA AUNG
ဟု ဥဒါန်းကျူးရင့်ကာ တန်ခိုးကြီးသော ရဟန္တာ ဖြစ်တော့သတဲ့ ကွယ်။...

ဘုရင်ကြီးနဲ့ ဒု-သ-န-သော

လင်းသက်ခိုင်

ရှေးအခါကာလတုန်းက သာဝတ္ထိပြည်တွင်ပသေနဒီကောသလမင်းကြီး စိုးစံသည်။ တစ်နေ့သ၌ပသေနဒီကောသလမင်းကြီးဟာ မြို့တွင်းကို တိုင်းခန်းလှည့်လည်သည်။မင်းကြီးကလွန်စွာချောမောလှပသောအမျိုးသမီးတစ်ဦးကို မြင်မြင်ချင်း နှစ်သက်စွဲလန်းသွားလေသည်။ သို့သော် ထိုအမျိုးသမီးသည် အပျိုမဟုတ်၊ လင်ရှိမယားတစ်ယောက် ဖြစ်နေလေသည်။

မင်းကြီးသည် ထိုအမျိုးသမီးကို စုံစမ်းမေးမြန်းရာ လင်ရှိကြောင်းသိရသောအခါယုတ်မာသောအကြံကိုကြံလေသည်။ယင်းအကြံမှာသူ့မယားလိုချင်လျှင်သူလင်လုံနှင့်ထိုးရမည့်အကြံဖြစ်လေတော့သည်။

ထိုအကြံဖြင့် အိပ်ရာတွင်းသို့ ဝင်အိပ်သော်လည်း ကောသလမင်းကြီး အိပ်မပျော်ပေ၊ သန်းခေါင်အချိန်တို့ပင် ကျော်လာခဲ့လေသည်။ ထိုအချိန်တွင် ကောသလမင်းကြီး၏ နားအတွင်းသို့ ထူးခြားကြောက်မက်ဖွယ်ကောင်းသော အသံနက်ကြီးကို လေးကြိမ်လေးခါ ကျယ်လောင်စွာ ကြားလိုက်ရလေသည်။ ကောသလမင်းကြီး လွန်စွာ ထိတ်လန့် တုန်လှုပ်ကြောက်ရွံ့သွားလေသည်။ စိတ်ထဲမှာလည်း ဤအသံကြီးများသည် နိမိတ်ကောင်းတော့ ဖြစ်ဟန်မတူ၊ နိမိတ်ဆိုးသာဖြစ်မည်ဟုတွေးရင်းမိုးလင်းခဲ့ရတော့သည်။

မိုးလင်းလျှင်လင်းချင်း မင်းကြီးသည် ညီလာခံသို့ဝင်လေသည်။ ညီလာခံ၌ ပုရောဟိတ်ပုဏ္ဏားတို့ကိုခေါ်၍ ညတုန်းက ကြားလိုက်ရသော အသံနက်ကြီးလေးသံအကြောင်းကို ပြောပြလေသည်။ ပထမဆုံးကြားရသောအသံမှာ “ဒု”၊ နောက်တစ်ခါ “သ”၊ “န”၊ “သော” ဟူသော အသံနက်ကြီးများဖြစ်သည်ဟု ပုဏ္ဏားတို့အားပြောပြကာ ၎င်း၏အဓိပ္ပာယ်ကိုဖော်ထုတ်ခိုင်းလေသည်။

ပုရောဟိတ်ပုဏ္ဏားသည် အကြောင်းရင်းကို အခြေတည်၍ စဉ်းစားသော်လည်း အဖြေမတွေ့ဘဲ ရှိနေသည်။ သို့သော် မင်းကြီး ကျေနပ်စေရန် တစ်ခုခုတော့ ဆောင်ရွက်ရမည်ဟု တွေးနေမိသည်။

"အရှင်မင်းကြီး ထိုအရေးကိစ္စသည် မကောင်း၊ မင်းကြီး၏ အသက်ဘေးကြုံရကျိုး ရှိသည့်အကြောင်းတရား ဖြစ်တယ်"

မင်းကြီးလွန်စွာ ထိတ်လန့်တုန်လှုပ်သွားပြီး ကြောက်ရွံ့သွားလေသည်။ ချမ်းသာအောင် ဆောင်ရွက်ပေးပါက ပုဏ္ဏားကြီးလိုရာကိစ္စ ဆောင်ရွက်ပေးမည်ဟု မင်းကြီးက ဆိုလိုက်သည်။

ထိုအခါ ပုရောဟိတ်က မင်းကြီးအား ယဇ်ပူဇော်ရမည်ဟု ဆိုလေသည်။ ထိုယဇ်ပူဇော်ရန် ဆင်၊ မြင်း၊ နွားထီး၊ နွားမ၊ မြည်း၊ ဆိတ်၊ ဝက်၊ ကြက်နှင့် မိန်းမပျို တစ်ရာစီ လိုကြောင်း တောင်းဆိုသည်။ မင်းကြီးကား ပေးလေသည်။ မင်းချင်းတို့အား ပုဏ္ဏား၏ အမှုကိစ္စ ဆောင်ရွက်ရန် တာဝန်ပေး၏။ မင်းချင်းတို့ကား မျက်နှာလို မျက်နှာရလုပ်ကာ တစ်မျိုးတစ်ရာ တောင်းသည်ကို ငါးရာ ရအောင် ဖန်တီးလေသည်။

ယဇ်ပူဇော်ပွဲတွင် တိရစ္ဆာန်သာမက အမျိုးသမီးများ ပါဝင်နေသဖြင့် အော်ဟစ်ငိုယိုတောင်းပန်နေသူများနှင့် ကျွတ်ကျွတ်ညံနေ လေသည်။ ထိုအသံများကို မလ္လိကာ မိဖုရားကြီး ကြားသိလေသည်နှင့် ကောသလမင်းထံ သွားကာ မေးမြန်းလေတော့သည်။

"မင်းကြီး မျက်နှာမသာမယာနှင့် အဘယ်အကြောင်းများကြောင့် စိုးရိမ်နေပါသနည်း"

မင်းကြီးလည်း ညကကြားရသော အသံနက်ကြီး လေးခုသည် အလွန်ကြောက်မက်ဖွယ်ကောင်းကြောင်း၊ အန္တရာယ်ကျရောက်မည့် နိမိတ်ဖြစ်၍ ပုရောဟိတ်ကြီး စီစဉ်သည့်အတိုင်း ယဇ်ပူဇော်နေကြောင်း ပြောပြရ . . .

မိဖုရားကြီးသည် မင်းကြီးအား ရှုတ်ချလေတော့သည်။

"မင်းကြီး . . . ဘုရင်တစ်ပါးအနေနှင့် မိုက်မဲရာ ကျပါလိမ့်မည် "

ဘုရင်သည် မိဖုရားစကား မခံနိုင်ဘဲ အမေးရှိရလေသည်။

"ဘာကိုဆိုပါသလဲ မိဖုရား"

"မင်းကြီး၊ အသင်ဟာ ပုဏ္ဏားမိုက်ရဲ့စကားကိုယုံပြီး ကိုယ့်ဒုက္ခကို သူများဆီ ပစ်ချနေတာနှင့် တူပါတယ်။ ဗုဒ္ဓမြတ်စွာရှိပါသည်။ ဘုရားရှင်အား မင်းကြီး သွားရောက်လျှောက်ထားမေးမြန်းနိုင်ပါသည်မင်းကြီး "

မိဖုရားကြီး သတိပေးလိုက်မှပင် ကောသလမင်းလည်း သတိပြန်ရပြီး မြတ်စွာဘုရားထံ အမြန် အခစားဝင်လေတော့သည်။ မြတ်စွာဘုရားရှေ့ရောက်သည်နှင့် အဖြစ်မှန်ကို လျှောက်တင်လေသည်။

မြတ်စွာဘုရားသည် ကောသလမင်းကြီးအား ဤသို့မိန့်လေသည်။

"ဒကာတော်မင်းကြီး၊ သင့်အတွက် စိုးရိမ်စရာမရှိ၊ သင် မကြောက်နှင့်၊ ငရဲကျနေသူတို့က သူတို့၏ဆင်းရဲကို ထုတ်ဖော်သည့်အနေနှင့် အော်ဟစ်ငိုကြွေးနေခြင်းသာဖြစ်တယ်"ဟုမိန့်ပြီးနောက် ထိုသူတို့၏အတိတ်ဇာတ်အကြောင်းကို ဟောတော်မူလေသည်။

ကဿပဘုရားရှင်လက်ထက်က ဗာရာဏသီပြည်၌ရှိ ကုဋေလေးဆယ် ကြွယ်ဝသော သူဌေးသားလေးယောက်တို့သည် သူတို့၏ ကာမဂုဏ်ကိစ္စ အပျော်ကိစ္စအတွက် တိုင်ပင်နေသည်။

သူဌေးသားတစ်ဦးစီက ပြောကြသည်။

"ဟေ့ တို့မှာ ပစ္စည်းဉစ္စာတွေရှိတယ်၊ အရက်သောက်မယ်၊ အမြည်းကောင်းကောင်းစားမယ်"

နောက်တစ်ဦးက . . .

"အေး . . . ဟုတ်တယ်၊ အရက်သောက်မယ်၊ အစားကောင်းတွေစားမယ်"

နောက်တစ်ဦးက–

"ဟုတ်တယ်...အရက်ရယ်၊ အရသာရှိတဲ့အစားအစာတွေစားမယ်"

"ဟေ့ဟေ့နေဦး၊ အရက်သောက်ပြီးရင် ပစ္စည်းဉစ္စာ အဖိုးအခပေးပြီး သူတစ်ပါးမယားနဲ့ ပျော်ပါးကြရအောင်၊ ဒီလို ပျော်ပျော်နေတာ အကောင်းဆုံးပဲဟု ပြောလေသည်။ ထို့နောက် သူဌေးသား ၄ ဦးသည် နောက်ဆုံးလူ၏ စကားအတိုင်း သူတစ်ပါးမယားနှင့် လွန်ကျူးကြလေသည်။

ဤကဲ့သို့ လင်ရှိမယားနှင့် ကျူးကျော်ပြစ်မှားခဲ့ကြသဖြင့် သူဌေးသား (၄)ဦးလုံး သေလွန်သောအခါ အဝီစိငရဲသို့ ကျရောက်သည်။ ငရဲမှလွတ်သောအခါတွင်လည်း လောဟကုမ္ဘီငရဲသို့ဆက်ကျပြန်သည်။ လောဟကုမ္ဘီငရဲ၌ သူတို့ အနှစ်ခြောက်သောင်း ခံစားရမည်။ နှစ်သုံးသောင်းက ထိုငရဲ၏အောက်၌နေ၍ ကျန်နှစ်သုံးသောင်းက ထိုငရဲအထက်၌ နေရမည်။

သူတို့လေးယောက်သည် လောဟကုမ္ဘီငရဲ၏အပေါ်ရောက်ခိုက် ဂါထာတစ်ပုဒ်စီ ရွတ်ရန် ကြိုးစားသော်လည်း စကားဆုံးအောင် မပြောနိုင်ကြပေ။ အစတစ်လုံးစီသာဆိုပြီးနောက် ငရဲအိုးထဲ ပြန်နစ်မြုပ်သွားလေတော့သည်။

ပထမငရဲသားက ဂါထာ၏အစ "ဒု"သာဆို၍ ပြန်နစ်သွား၏။ ဒုတိယငရဲသားက "သ"၊ တတိယငရဲသားက "န"၊ စတုတ္ထငရဲသားက "သော"ဟု ကျယ်လောင်စွာ အသံနက်ကြီးဖြင့် အော်ပြီးနောက် ငရဲအိုးထဲ ပြန်နစ်မြုပ်သွားလေတော့သည်။

မြတ်စွာဘုရားသည် သူဌေးသား ၄ ဦး၏ နောင်တ သံဝေဂစကားအစ ဒု–သ–န–သော ၏ အဓိပ္ပာယ်ကို ကောသလမင်းကြီးအား ဟောကြားတော်မူရာ မကောင်းမှုအရာ၌ သံဝေဂဖြစ်ကာ သူများသားမယားအား မတော်မတရားကြံစည်မည့် အကြံအစည်လည်း ပျက်ပြားကာ နောင်တ ရသွားလေတော့သည်။

လင်းသက်ခိုင်

အရပ်ရှည်ဖို့ အရိုးသန်မာဖို့
Calcivita ကလေးအားဆေး
MEGA We Care
Calcivita
Supplement for children
60 softgel capsules
MM Reg. R1206A0222
Calcivita အားဆေးဟာ ကလေးတွေရဲ့အရိုးကို
သန်မာကျစ်လစ်စေပြီး အရပ်လည်းရှည်စေပါတယ် ...
MEGA We care

ကလေးငယ်တို့ရဲ့ ဘဝရှေ့ရေး
“ စိတ်ဖိစီးမှု ” အစဉ်ကင်းဝေး
Multivitamin Syrup
ENERVON-C Kidz
စိတ်ဖိစီးမှုများ
ဖျားနာလွယ်ခြင်းများ
အိမ်စာများ
ဂရုစိုက်ခံလိုခြင်းများ
စိုးရိမ်စိတ်များ
Optimize Energy and Protection for Active Growing Kids
“သင့်ကလေးငယ်ရဲ့ စိတ်ဖိစီးမှုများကို အကောင်းဆုံး
ကာကွယ်ပေးမည်”
UNITED PHARMA
Serving Your Healthcare Needs